www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

[redacted]ပြိုကွဲရေး ဒို့အရေး
[redacted]ည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
[redacted]အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# တြိစက္က

## ဘောဂဝတီဒေဝီ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်** – ၅၀၁၀၄၅၀၇၀၉

**မျက်နှာဖုံးခွင့်ပြုချက်** – ၅၀၁၁၉၁၀၉၀၉

**အကြိမ်** – ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/-

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ-၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆) အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ကြိုစကား

ဘောဂဝတီဒေဝီ/ ကြိုစကား၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၃၇ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ဘောဂဝတီဒေဝီ


## ဒဿနလက်ဆောင်

✦ မပစ်ခင်က ရောက်နိုင်ပါ့မလားဟု မတွေးပါနဲ့
မပစ်ခင်က ထိမှန်နိုင်ပါ့မလားလို့ မစိုးရိမ်ပါနဲ့
ပစ်သာပစ်ပါ ...
ပစ်ပြီးတော့မှ သင် ဘယ်လိုကြိုးစားရမယ်ဆိုတာကို
သိမှာပါ။

✦ နေမင်းအထိ ချိန်ရွယ်၍ပစ်သောမြားသည်
နေမင်းရှိရာသို့မရောက်နိုင်သော်လည်း
အားစိုက်မှုများသောကြောင့်
သာမန်ထက်တော့ အဝေးကို ပိုရောက်နိုင်ပါသည်။

✦ အတတ်ပညာတစ်ခုကို အလိုအလျောက်မရနိုင်ပေ။
ပြင်းပြသောစိတ်ဆန္ဒနှင့်
လုံ့လဝီရိယထုတ်ကာ ကြိုးစားမှသာ ရနိုင်ပေမည်။

✦ လုံးဝအပြစ်ကင်းစင်သောသူသည် လောက၌ မရှိပေ။
ထို့အတူ သင်ကိုယ်တိုင်လည်း အပြစ်မကင်းပေ။
ထိုအထဲမှာမှ မိမိအပြစ်ကို သိသူသည်
အများအနည်းဆုံးလူ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

✦ အချစ်ဆိုသောအရာမှာ သင်ယူစရာမလိုဘဲ
အလိုလိုတတ်မြောက်သောပညာ ဖြစ်သည်။
သို့စေကာမူ
တကယ်တတ်မြောက်သလားမေးလျှင်တော့
အချို့မှာ 'အချစ်'၏ အဓိပ္ပာယ်ကိုပင်
နားမလည်နိုင်ကြပေ။

✦ ခံစားမှုမရှိပါဘဲ
အချစ်ကိုတွေ့ရှိဖို့ရန် မလွယ်ကူပေ၊
ထိုသို့ရရှိသောအချစ်မှာလည်း
တန်ဖိုးရှိသော အချစ်စစ် မဖြစ်နိုင်ပေ။

✦ ချစ်သူကို တစ်ကြိမ်နမ်းဖို့ကြိုးစားနေခြင်းထက်
ဘဝခရီး အတူလျှောက်တဲ့အခါ
စိတ်ပျော်ရွှင်စွာနှင့်
နမ်းခွင့်ရအောင်ကြိုးစားသင့်ပါတယ်။

✦ ချစ်ခြင်းမေတ္တာအတွက်
ဟန်ဆောင်မှုဆိုတာ အဆိပ်ပင်ပါပဲ
ချစ်ခြင်းမေတ္တာကို ဟန်ဆောင်လှည့်စားပြီးယူရင်
အဆိပ်ပင်ရေလောင်းသလိုမျိုးဖြစ်တတ်ပါတယ်။

BURMESE CLASSIC .com

✦ အချစ်အကြောင်းကို
သိတယ်လို့ထင်နေသူတွေဟာ
တကယ်တော့..
အချစ်အကြောင်းကို မသိသူတွေပဲဖြစ်ပါတယ်။

✦ လူတစ်ယောက်ရဲ့မွေးရာပါလက်နက်ကောင်းတွေထဲမှာ
'ဉာဏ်'လက်နက်ပါ့ပါတယ်
အဲဒီ ဉာဏ်လက်နက်ကိုမသုံးဘဲထားရင် တုံးနေတတ်ပြီး
ဝီရိယနဲ့အမြော်အမြင်မဲ့ ထက်လာလေ့ရှိတယ်။

✦ အညွန့်တလူလူဖြစ်အောင်
ကြိုးစားသူမှသာ 'လူ'ဖြစ်ပါတယ်
အဲဒီ အညွန့်လူနေနိုင်အောင်
အခြေခံဖြစ်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့
ကြိုးစားချင်တဲ့စိတ်တွေနဲ့ ပံ့ပိုးပေးရတယ်။

✦ အမှတ်မထင်ကျူးလွန်မိခဲ့သောအမှားကို
နောင်တနဲ့ သင်ပုံးမချေပါနဲ့
သင်ခန်းစာယူပြီး ပြုပြင်ပြောင်းလဲမှုနဲ့သာ
ဆေးကြောပစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း (၁) – ဘောဂဝတီမှလာသော ကိုယ်ပွားဝိညာဉ်

အခန်း (၂) – ရေအောက်အန္တရာယ်နှင့် ကံကြမ္မာဝဋ်ကြွေး

အခန်း (၃) – မြွေနဂါးပေလော ဝိညာဉ်လော

အခန်း (၄) – နိမိတ်ပြဆက်သွယ်မှုနှင့် ပရလောက လျှို့ဝှက်ချက်များ

အခန်း (၅) – ဝိညာဉ်လောကနှင့်ဆက်သွယ်နိုင်သောသူ

အခန်း (၆) – နတ်ဆရာလက်ဝါးပေါ်မှ ကံကြမ္မာများ

အခန်း (၇) – မြနှင်းဖြူနှင့် အန္တရာယ်သင်္ကေတများ

အခန်း (၈) – ကိုယ်ပွားဝိညာဉ်နှင့် ကြေကွဲဖွယ်ရာပုံရိပ်များ

အခန်း (၉) – တစ်ကျော့ပြန်ဝင်လာသည့်ဝိညာဉ်

အခန်း(၁၀) – ကြောက်မက်ဖွယ်ရာအန္တရာယ်နိမိတ်များ

အခန်း(၁၁) – မီးတောင်ပေါက်ကွဲမှုကြားမှ ကယ်တင်ရှင်

အခန်း(၁၂) – ရှင်ဥပဂုတ္တရုပ်တုတော်နှင့် ထူးဆန်းသောအဘိုးအို

အခန်း(၁၃) – ဆလုံတို့နှင့် ဓလေ့ဆန်းများ

အခန်း(၁၄) – နေနှင့်လ ထပ်မိခြင်းနှင့် ကံကြမ္မာဆိုးများ

အခန်း(၁၅) – မီးလျှံကြားမှ ကယ်တင်ရှင်

အခန်း(၁၆) – ဘောဂဝတီဒေဝီ


☞ ☞ ☞ ☞ ☞



### အခန်း (၁)

## ဘောဂဝတီမှလာသော ကိုယ်ပွားဝိညာဉ်

စိတ်အစဉ်မှာ ဝေဝါးပျံ့လွင့်လျက်ရှိနေသည်။ တစ်နည်းဆိုရပါမူ အရာအားလုံးကို မပီမသနှင့်တွေ့မြင်နေရခြင်းပင်ဖြစ်၏။

မိမိကိုယ်ခန္ဓာမှ ခွဲထွက်သွားသော ကိုယ်ပွားဝိညာဉ်မှာ လွင့်မျောနေသကဲ့သို့ရှိနေသည်။

သူမ ရောက်နေသောနေရာ၊ တွေ့မြင်နေရသောမြင်ကွင်းများကိုတော့ ကောင်းစွာ မှတ်မိနေသည်။

ဦးစွာ သတိပြုမိသောအရာမှာ ဝိညာဉ်ဖြူတောင်တန်းကြီးပင်ဖြစ်သည်။

ဝိညာဉ်ဖြူတောင်တန်းကြီးမှာ ကပ္ပလီပင်လယ်အရှင်းရှိ ကျွန်းကြီးတစ်ကျွန်းပေါ်၌တည်ရှိပြီး အမျိုးသမီးတစ်ယောက် ပက်



www.burmeseclassic.com

www.burmeseclassic.com



လက်အနေအထားမျိုးတည်ရှိလေသည်။ ထိုကျွန်းကြီးမှာ ကြီးမား ကျယ်ပြန့်လှပြီး တောင်တန်းကြီးများ၊ တောများအပြင် ပင်လယ်ပြင် တို့အနီးပြု၍ အသက်မွေးနေကြသူများ စုဝေးနေထိုင်ရာ ရွာငယ် ထလေးများရှိသည်။

ထိုကျွန်း၏တစ်နေရာမှာတော့ သူမ၏ခင်ပွန်းဖြစ်သူ ဒေါက်တာ မင်းထင်ကျော်၏ သုတေသနလုပ်ငန်း အခြေစိုက်စခန်းချထား သောနေရာ ရှိပေသည်။

သို့သော်လည်း ယခု တွေ့မြင်နေရသောမြင်ကွင်းများက သုတေသနစခန်း၏မြင်ကွင်းများမဟုတ်၊ နက်ရှိုင်းလှပသော ဖော်ႇသယ်ပြင်တစ်နေရာမှ မြင်ကွင်းများဖြစ်ပေသည်။

ပင်လယ်ပြင်၏နက်ရှိုင်းလှသော ရေအောက်ရှုခင်းများမှာ တစ်မျိုးတစ်ဖုံ ဆန်းသစ်နေသည်။

ဝိညာဉ်ဖြူတောင်တန်းကို အစွဲပြုပြီး ထိုကျွန်း၏အမည်မှာလည်း ဝိညာဉ်ဖြူကျွန်းဟု ခေါ်ဝေါ်ကြသည်။ ကျွန်း၏ နယ်နိမိတ် အကျယ်အဝန်းနှင့် ရေအောက်ဧရိယာမှာ ကျယ်ဝန်းလှသည်။

ကျယ်ဝန်းလှသော ရေအောက်ဧရိယာတစ်ဝိုက်မှာ ရှေး ကတည်းက နစ်မြုပ်လျက်ရှိသော ကျွန်းငယ်အချို့နှင့် တောင်အချို့ ရှိနေသည်။

အချို့မှာ တောင်ပေါင်းများဖြစ်ကြသည်။ မီးတောင်ပေါင်း အချို့မှာ ကြီးမားပြီး အမြင့်ပေ အတော်ရှိသည်။



BURMESE CLASSIC .com



သုတေသနပညာရှင်များ၏ တိုင်းတွာခန့်မှန်းချက်အရ အချို့ မီးတောင်များမှာ အချိန်မရွေး ပေါက်ကွဲနိုင်သော အခြေအနေမျိုး ရှိသည်။

ဝိညာဉ်ဖြူကျွန်းကြီး၏ ပတ်ဝန်းကျင်တစ်ဝိုက်မှာသာမက မြေအောက်မှာပင် အချိန်မရွေးပေါက်ကွဲနိုင်သော လှုပ်ရှားနေသည့် မီးတောင်အရှင်များရှိနေကြောင်း စမ်းသပ်တွေ့ရှိကြရသည်။

ထိုနေရာတစ်ဝိုက်ရှိ ရေစူးအနက်မှာလည်း ပေပေါင်းထောင် သောင်းမက နက်ရှိုင်းသော အဒ္ဓုရာချောက်ကြီးများရှိပေရာ အန္တရာယ်အလွန်များလှသည့်နေရာများ ဖြစ်ပေသည်။

ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်တွင် ရေအောက်မှ ရရှိနိုင်သော သယံဇာတပစ္စည်းများ ပေါသလောက် အန္တရာယ်ကလည်း များလှ ပေသည်။ အဒ္ဓုရာချောက်ကြီးများထဲ၌ အခြားအန္တရာယ်များ၊ စက် လှေများကိုပင် စိစိညက်ညက်ကျေအောင် ဒုက္ခပေးနိုင်သော ညံ့ သတ္တဝါကြီးများပင် ရှိလေသည်။

တစ်ခါက ငါးဖမ်းစက်လှေတစ်စင်းကို ညံ့သတ္တဝါက ရစ်ပတ်၍ ရေအောက်သို့ဆွဲချသွားသောအဖြစ်ဆိုးများပင် ရှိခဲ့ဖူးလေသည်။

သို့ကြောင့် သုတေသနပြုသူများ၊ ရေအောက်ရတနာရှာဖွေ သူများနှင့် ပုလဲရှာဖွေသူများမှာ ဝိညာဉ်ဖြူကျွန်းတစ်ဝိုက်ကို ဝေးဝေး မှ ရှောင်တတ်ကြပေသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ အခြားသူ



www.burmeseclassic.com

www.burmeseclassic.com



များ ကြောက်ရွံ့လှသော ဝိညာဉ်ဖြူကျွန်းပေါ်မှာပင် ၎င်း၏ 'အဏ္ဏဝါ သုတေသနလုပ်ငန်း'ကို အခြေစိုက်ထားလေသည်။ ယာယီဆောက် လုပ်ထားသည့် ရုံးအဆောက်အအုံများကိုလည်း ပင်လယ်ကမ်းစပ် နှင့် မနီးမဝေးနေရာ၌ ဆောက်လုပ်ထားသည်။

၎င်းတို့၏ အဓိကလုပ်ငန်းမှာ ပင်လယ်ရေအောက် သုတေ သနလုပ်ငန်းများနှင့် နစ်မြုပ်နေသော ရှေးဟောင်းရတနာပစ္စည်းများ ရှာဖွေရန်ပင်ဖြစ်သည်။

ထိုသို့ပြုလုပ်ရာမှာလည်း အန္တရာယ်များလှပေသည်။

ရေအောက်သတ္တဝါများနှင့် သဘာဝဘေးအန္တရာယ်များအပြင် ရေအောက်မီးတောင်ပေါက်ကွဲမှုအန္တရာယ်များကိုလည်း များစွာ သတိထားကြရသည်။

သုတေသနပြုလုပ်သော အဓိကလုပ်ငန်းများထဲတွင် မီး တောင် နှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များလည်း ပါဝင်လေသည်။

တစ်ဆက်တည်း မီးတောင်ဟောင်းများတစ်ဝိုက်တွင် အတွေ့ ရ များသော စိန်နှင့် ရွှေတုံးများကိုလည်း အဓိကထားကာ ရှာဖွေကြ လေသည်။ ဒေါက်တာမင်းထင်ကျော်သည် အသက်သုံးဆယ်ဝန်းကျင် အရွယ်ရှိ လူရွယ်တစ်ဦးဖြစ်ပြီး သုတေသနလုပ်ငန်းများနှင့်စွန့်စားရ သောလုပ်ငန်းများကို များစွာဝါသနာပါသူဖြစ်ပေသည်။

သူသည် ထိုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာ့ပင်လယ်ရေပြင် မှသာမက ကမ္ဘာပေါ်ရှိ ပင်လယ်သမုဒ္ဒရာကြီးများအထိ သုတေ





သနလုပ်ငန်းများနှင့် ပင်လယ်ရေအောက်၌ နစ်မြုပ်နေသောသင်္ဘော ကြီးများအတွင်းမှ ရတနာပစ္စည်းများကို ရှာဖွေယူရန် ကြိုးစားနေသူ ဖြစ်၏။

ကမ္ဘာပေါ်ရှိ ပင်လယ်သမုဒ္ဒရာကြီးများအောက်ဝယ် ရှေး ဟောင်း ရတနာရွက်လှေကြီးများ၊ ရွှေငွေရတနာများ တင်ထား သော ပင်လယ်ဓားပြတို့၏ သင်္ဘောများ၊ ကုန်သည်ရွက်လှေနှင့် သင်္ဘောကြီးများ အများအပြားရှိလေ သည်။

ထိုရတနာပစ္စည်းများကို စွန့်စားရှာဖွေရန်အတွက် ၎င်း ရထား သော ဘူမိဗေဒပညာရပ်နှင့်ပတ်သက်သော ဒေါက်တာဘွဲ့နှင့် မသက်ဆိုင်သောရေကြောင်းဆိုင်ရာအတတ်ပညာများကိုပါ ထပ်မံ သင်ယူခဲ့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ဗြိတိသျှကုန်သွယ်ရေကြောင်း သိပ္ပံပညာသင်တက္ကသိုလ်မှ အောင်မြင်ခဲ့ပြီးနောက်တွင် ဝါသနာပါ သော ရေအောက်သုတေသနလုပ်ငန်းနှင့် ရေအောက်ရတနာပစ္စည်း ရှာဖွေရေးလုပ်ငန်းထဲသို့ ခြေစုံပစ်ဝင်ခဲ့ပေသည်။

သူ၏ ပထမဦးဆုံး ရေအောက်ရတနာသိုက်ရှာဖွေရေးလုပ်ငန်း ကို အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ ကီးဝက်(စ်)မြို့ နေ လူချမ်းသာတစ်ဦးဖြစ်သူ မစ္စတာမဲလ်ဖစ်ရှား မိတ်ဆွေဖြစ်ရာမှာ ၎င်း၏ငွေကြေးဖိုက်ထုတ်ပေးမှုများဖြင့် စတင်နိုင်ခဲ့ပေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်း လေ့လာထားသော ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းသိမ်းကြောင်း ရာဇဝင်ကြောင်းများကို ကျကျနန လေ့လာပြီးနောက် လုပ်ငန်း စတင်ခြင်းအနေဖြင့် (၁၇)ရာစုနှစ်အတွင်းက နစ်မြုပ်ခဲ့သော စပိန်ရွက်သင်္ဘောကြီးတစ်စင်းကို ရှာဖွေခဲ့ရာ နှစ်လအတွင်း ရှာဖွေတွေ့ရှိခဲ့သည်။ ရှေးဟောင်းရွက်သင်္ဘောကြီးအတွင်းမှ ရွှေချောင်း ငွေချောင်းများ ရှေးဟောင်းရွှေဒင်္ဂါးများ၊ ရတနာပစ္စည်းမြောက်မြားစွာတို့ကို ရရှိခဲ့သည်။

ကာလပေါက်ဈေးအနေနှင့် စုစုပေါင်းဒေါ်လာ သန်း(၄၀၀)ကျော် ရရှိခဲ့သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ပွဲဦးထွက်မှာပင် ကြီးမားသောအောင်မြင်မှု ရရှိခဲ့သောကြောင့် ရေအောက်ရတနာရှာဖွေရေးလောကတွင် ချက်ချင်း နာမည်ကြီးလာခဲ့ပေသည်။

သို့သော်လည်း လုပ်ငန်းအကောင်အထည်ဖော်စေရန် အရင်းအနှီးစိုက်ထုတ်ခဲ့သူ မစ္စတာမဲလ်ဖစ်ရှားက တစ်ကိုယ်ကောင်းဆန်စွာဖြင့် ကတိမတည်လောဘကြီးမှုကြောင့် ဒေါက်တာမင်းထင်ကျော်အား ဝေစုအနည်းငယ်သာပေးသဖြင့် အမှုအခင်းဖြစ်ရသည်အထိ ပြဿနာဖြစ်ကြရသည်။ ဒေါက်တာမင်းထင်ကျော်၏ လုပ်အားဆောင်ရွက်မှုအတွက် မစ္စတာမဲလ်ဖစ်ရှားက ငွေသားတစ်သိန်းသာ ပေးသဖြင့် ၎င်းနှင့် လမ်းခွဲလိုက်လေတော့သည်။

မစ္စတာမဲလ်ဖစ်ရှားမှာ တစ်ချိတည်းနှင့် ဒေါ်လာငွေသန်းပေါင်းများစွာ ရရှိခဲ့သောကြောင့် လက်ရှိလုပ်ငန်းများကို ရပ်လိုက်လေသည်။





ထို့နောက် ၎င်း မှတ်ပုံတင်ထားသော ရေအောက်ရတနာ ရှာဖွေရေးလုပ်ငန်းအတွက်မှတ်ပုံတင်ထားသော ကုမ္ပဏီ၊ ရေငုပ်ရာတွင်အသုံးပြုသော ရှာဖွေရေးပစ္စည်းများနှင့် ရှာဖွေရေးသင်္ဘောတို့ကိုပါ ဒေါ်လာ(၇)သိန်းဖြင့် ရောင်းချကာ ခြေရာပျောက်သွားတော့သည်။

မစ္စတာမဲလ်ဖစ်ရှားသည် အနောက်အိန္ဒိယကျွန်းစု၊ ဝက်စ်အင်ဒီး(စ်)ရှိ ဘာမြူဒါကျွန်း(Bemuda Lsland)ပေါ်တွင် ရေအောက်ရတနာသိုက်ရှာဖွေရေးသမားများအတွက် ရည်ရွယ်လျက် ဒေါ်လာသန်းပေါင်း(၈၀)ကျော် အကုန်အကျခံကာ ဂေါက်ကွင်းကြီးများ၊ ဟိုတယ်ကြီးများ၊ သင်္ဘောငယ်များ၊ မော်တော်ဘုတ်များကိုပါထား၍ အကြီးအကျယ်လုပ်ကိုင်ရာ ကြီးပွားချမ်းသာသွားလေသည်။

ဘာမြူဒါကျွန်း၊ ဘာမြူဒါမြို့(Bemuda City)ပေါ်တွင် ရေအောက်ရတနာသိုက် သူဌေးကြီး မစ္စတာမဲလ်ဖစ်ရှား၏အမည်မှာ ထင်ရှားကျော်ကြားခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်မှာလည်း ပင်လယ်လုပ်ငန်းလုပ်သက်အတွေ့အကြုံ(Sea Servicc)ပြည့်ဝလာသည်နှင့် အင်္ဂလန်သို့ပြန်ကာ ပင်လယ်ရေကြောင်းဆိုင်ရာ စာမေးပွဲများကို အဆင့်ဆင့်ဖြေဆိုခဲ့ရာ အင်္ဂလန်မှာပင် ရေကြောင်းဆိုင်ရာ ပါရဂူဒေါက်တာဘွဲ့ကို ထပ်မံရရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တစ်ဖန် အမေရိကန်မှလည်း ရေကြောင်းပညာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့များ ရရှိခဲ့သေးသည်။

ထို့နောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မလုပ်တော့ဘဲ စနစ်တကျမှတ်ပုံတင်လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် လုပ်ကိုင်ရန် စိတ်ကူးပြီး လေ့လာစုံစမ်းခဲ့ရာ ရေအောက်ရတနာသိုက်ရှာဖွေရေး ရှာတန်ဝီလျှံကုမ္ပဏီကြီးနှင့် ဆက်သွယ်မိပြီး လက်တွဲလုပ်ကိုင်ပြန်လေသည်။

ထိုသို့လုပ်ကိုင်နေစဉ်ကာလအတွင်းမှာပင် ဗြိတိသျှကျွန်းစု (U.K)နှင့် ဒိန်းမတ်နိုင်ငံအကြား မြောက်ပင်လယ်၌ ၁၉၄၂ ခုနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် နစ်မြုပ်ခဲ့သော ဗြိတိသျှစစ်သင်္ဘော (HMS)အိပ်ချ်–အမ်–အက်စ် အီဒင် ဘာရာကြီးကို ရှာဖွေခဲ့ရာ အောင်မြင်ခဲ့ပြန်လေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက အီဒင်ဘာရာကြီးသည် ဆိုဗီယက်ရုရှားနိုင်ငံမှ ရွှေချောင်းတန်ချိန်ပေါင်းများစွာတို့ကို တင်ဆောင်လျက် လန်ဒန်မြို့သို့လာရာ မြောက်ပင်လယ်အတွင်း ရေအနက်ဆုံးသော နေရာတွင် ဂျာမန်ယူဘုတ်တစ်စင်းမှ ပစ်လွှတ်လိုက်သော တော်ပီတို ထိမှန်ခံရပြီးနောက် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ၎င်း သင်္ဘောကို ရှာဖွေရာတွင် ဒုတိယကမ္ဘာစစ်အတွင်းမှ မှတ်တမ်းများ၊ သတင်းအချက်အလက်များကို ကိုယ်တိုင်စုဆောင်းရှာဖွေ၍ ၎င်း တတ်ကျွမ်းသော ရေ





ကြောင်းအတတ်ပညာများဖြင့် ရှာဖွေခဲ့ခြင်းကြောင့် ယခုကဲ့သို့ တွေ့ခြင်းဖြစ်သည်။

ရွှေချောင်းများမှာ ဒေါ်လာသန်း(၂၀၀)ဖိုးခန့် ရှိလေသည်။ ရှာတန်ဝီလျှံ လီမိတက် ကုမ္ပဏီကြီးသည် ဗြိတိသျှအစိုးရနှင့် ဆိုဗီယက်ရုရှားအစိုးရတို့အား ရေအောက်မှဆယ်ယူရရှိခဲ့သော ရွှေချောင်းများအပေါ်တွင် ကုန်ကျစရိတ်များအားလုံးနုတ်ပြီး ကျန်ငွေ၏ (၅၅)ရာခိုင်နှုန်းကို နှစ်ဖက်အစိုးရများအား အညီအမျှခွဲဝေပေးလိုက်လေသည်။

ကျန်သည့်(၄၅)ရာခိုင်နှုန်းရှိသော ဒေါ်လာသန်းပေါင်း(၈၀)ကို ရှာတန်ဝီလျှံ လီမိတက်ကုမ္ပဏီမှ ယူလေသည်။ မြေပုံအနေအထားပြသားချ၍ ဦးဆောင်ရှာဖွေပေးခဲ့သော ဒေါက်တာမင်းထင်ကျော်အား လုပ်အားခအဖြစ် ဒေါ်လာတစ်သိန်းသာ ပေးလေသည်။

သို့ကြောင့် မကျေမနပ်ဖြစ်ကာ အလုပ်မှ ထွက်လိုက်လေသည်။ ဒေါက်တာမင်းထင်ကျော် အလုပ်မှထွက်သည့်သတင်း ကြားသောအခါ ကုမ္ပဏီမှ ဒါရိုက်တာလူကြီးများ၊ အဖွဲ့ဝင်များက လာရောက်တောင်းပန်သော်လည်း ဒေါက်တာမင်းထင်ကျော်က ဆက်မလုပ်တော့ဘဲ ငြင်းပယ်လိုက်လေသည်။

ထိုသို့ အလုပ်ထွက်သည်ဟု သတင်းကြားသည်နှင့် အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ရေအောက်ရတနာသိုက်ရှာဖွေရေးအတွက် မှတ်ပုံတင်ထားသော ကုမ္ပဏီကြီးပေါင်း(၂၀)ကျော်မှ



www.burmeseclassic.com

www.burmeseclassic.com



သဘောင်ရှိသောတန်ဖိုးငွေအပေါ်တွင် (၂၀)ရာခိုင်နှုန်းအထိ ဆုကြေးငွေပေးသွားမည့်အပြင် လစဉ်လစာငွေအတွက် အမေရိကန် ဒေါ်လာတစ်သောင်းအပြင် စားစရိတ်၊ နေစရိတ်ငြိမ်း ပေးပါမည်ဟု ကမ်းလှမ်းလာကြသော်လည်း ဒေါက်တာမင်းထင်ကျော်က လုံးဝ စဲလက်မခံဘဲ ငြင်းပယ်လိုက်လေသည်။

ရှာ ၎င်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ပြန်ကာ ကိုယ်ပိုင်လုပ် ငန်း ထူထောင်ရန်အတွက်ပင် ဖြစ်ပေသည်။

သို့ကြောင့် ၎င်း ရရှိစုဆောင်းထားသောငွေကြေးများကို ယူ ဆောင်ကာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

မြန်မာနိုင်ငံသို့ရောက်သောအခါ ပင်လယ်ပြင်အတွေ့အကြုံ ရင့်ကျက်သောအလုပ်များကို ရှာဖွေစုဆောင်းရာ အတော်များများ ရရှိခဲ့လေသည်။

ထိုအထဲမှာမှ တစ်ချိန်ကျလျှင် ၎င်းနှင့်လက်တွဲဖော်များဖြစ်လာ မည့် ဦးဇန်ကောင်း၊ စောထီး၊ ငမဲအောင် စသည်တို့ ပါလာလေ၏။

ဒေါက်တာမင်းထင်ကျော်သည် အလုပ်သမားများ ရရှိပြီးသော အခါ အလုပ်အတွက် အသုံးပြုရန် သင်္ဘောအချို့ ဝယ်ယူခဲ့လေ သည်။ ထိုသင်္ဘောများထဲမှာ မြင်းကောင်ရေအား(H.P) ၂၅၀၀ ရှိသည့် ခေတ်မီရေယာဉ်တစ်စင်းလည်း ပါလေသည်။

ထိုရေယာဉ်ကို 'ပင်လယ်မင်းသား'ဟု အမည်ပေးထားလေ သည်။ ဦးဇန်ကောင်းမှာ အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး ပင်လယ်





တွေ့အကြုံ ရင့်ကျက်သူတစ်ဦးဖြစ်၏။

စောထီးက ကရင်အမျိုးသားဖြစ်ပြီး ငမဲအောင်က ရခိုင်အမျိုး ဖြစ်သည်။

နှစ်ယောက်စလုံးမှာ အသက်နှစ်ဆယ်ကျော်ရှိပြီး ပင်လယ် များဖြစ်ကြလေသည်။

ရေငုပ်ကိရိယာမပါဘဲ ရေစူးနက်လှသောရေအောက်တွင် အချိန် တော်ကြာအောင်နေနိုင်ကြသူများဖြစ်သည်။

ထို့ပြင် ...

ပင်လယ်ပြင်သုတေသနလုပ်ငန်းအတွက် ခေါ်ထားသော တေသနပညာရှင်အချို့နှင့် အလုပ်သမားများလည်း ရှိသေး၏။ င် ၎င်းတို့အထဲတွင် စောဒေဝီဟူသော အမျိုးသမီးတစ်ဦးလည်း င်လေသည်။

စောဒေဝီသည် အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး လှပချောမော ည် တိုင်းရင်းသူတစ်ဦးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် တက္ကသိုလ်တက်စဉ်ကပင် ချစ်သူ ရောက်ခဲ့ကြပြီး မကြာတော့မည့်ကာလတွင် လက်ထပ်ကြရန် ည်း တိုင်ပင်ထားပြီးဖြစ်လေသည်။

စောဒေဝီက ဒေါက်တာမင်းထင်ကျော်အတွက် အတွင်းရေးမှူး ဝန်ယူထားပြီး ခရီးထွက်ရာကို လိုက်ပါလေ့ရှိသည်။ ဒေါက်တာ ထင်ကျော်မှာ နိုင်ငံခြားမှပြန်ရောက်ပြီးနောက် လိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ပြည့်စုံအောင်စီစဉ်ပြီးနောက် ရာသီဥတုသာယာသော အချိန်တွင် ခရီးထွက်ကာ လုပ်ငန်း စတင်ခဲ့ပေသည်။

ဒေါက်တာမင်းထင်ကျော်ထံတွင် မြန်မာနိုင်ငံ ပင်လယ်ရေပြင် နယ်နိမိတ်အတွင်း၌ နစ်မြုပ်ပျက်စီးခဲ့သော သင်္ဘောနှင့် ရှက်လှေ စာရင်းများရှိလေသည်။

မြန်မာနိုင်ငံသို့ပြန်ရောက်ပြီး 'ရေအောက်ရတနာရှာဖွေရေး လုပ်ငန်းကုမ္ပဏီ'အတွက် မှတ်ပုံတင်ခွင့်တောင်းစဉ်က ထိုစာရင်းများ ကို ရရှိခဲ့ခြင်းဖြစ်ပေသည်။

ထိုစာရင်းတွင်ပါဝင်သော အချက်အလက်များထဲ၌ စိတ်ဝင် စားဖို့အကောင်းဆုံးနေရာများမှာ ယခု သူတို့အဖွဲ့ရောက်ရှိနေသော ဝိညာဉ်ဖြူတောင်တန်းရှိရာ ဝိညာဉ်ဖြူကျွန်းတစ်ဝိုက်သည်း ပါဝင် လေသည်။

ထိုနေရာတစ်ဝိုက်တွင် ဒုတိယကမ္ဘာစစ်ကာလအတွင်းက နစ် မြုပ်ခဲ့သော သင်္ဘောကြီးများအပြင် မီးတောင်ပေါက်ကွဲမှုကြောင့် ရေအောက်သို့ ပျက်စီးနစ်မြုပ်သွားသော မြို့ဟောင်းမြို့ပျက်အချို့ ရှိလေသည်။

ထိုအကြောင်းကို ပင်လယ်ရေအောက်သုတေသနပညာရှင် ဦးဘသိန်းတန်က သူ့ကိုပြောပြလိုက်ခြင်းဖြစ်ပေသည်။

"မောင်ထင်ကျော်က ရေအောက်သုတေသနလုပ်ငန်းတွေကို စိတ်ဝင်စားတယ်ဆိုတော့ ကျုပ်နဲ့ ဝါသနာတူတာပေါ့၊ ကျုပ်က





တော့ ဝါသနာပါပေမယ့် အသက်အရွယ်က ရလာတော့ စိတ်သွား တိုင်း ကိုယ်မပါနိုင်တော့ဘူး၊ ဒါကြောင့် မောင်ထင်ကျော်ကိုပဲ စိတ် ဝင်စားဖို့ကောင်းတဲ့နေရာတစ်ခုအကြောင်းကို ပြောပြလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာကြီး"

"မြန်မာနိုင်ငံ နယ်နိမိတ်အစပ် တောင်ဘက်ယွန်းယွန်းနေရာ ကပ္ပလီပင်လယ်ပြင်တစ်နေရာမှာ ဝိညာဉ်ဖြူကျွန်းဆိုတာ ရှိတယ်။ အင်္ဂလိပ်လက်ထက်ကတော့ အဲဒီကျွန်းကို ဘာရင်ကျွန်းလို့ အမည် ပေးခဲ့ကြတယ်"

ဦးဘသိန်းတန်က မြန်မာပြည်မြေပုံကားချပ်ပေါ်မှ နေရာ တစ် နေရာကိုထောက်ပြသည်။

ထိုနေရာမှာ မြန်မာပြည်နယ်နိမိတ်အနောက်တောင်ဘက် ယွန်းယွန်းလောက်တွင်ရှိပြီး ကပ္ပလီကျွန်းစုများ၏အရှေ့ဘက်တွင် တည်ရှိသည်။

ပင်လယ်ပြင်၌ သီးသန့်ရှိနေသော ကျွန်းတစ်ကျွန်းပင် ဖြစ် သည်။

"ဝိညာဉ်ဖြူကျွန်းတစ်ဝိုက်မှာ မီးတောင်တွေ အများကြီးရှိ တယ်။ အဲဒီကျွန်းတစ်ဝိုက်မှာ ရှေးတုန်းက ကျွန်းစုတွေရှိတယ်၊ အဲဒီ ကျွန်းစုတွေပေါ်မှာ စည်ကားတဲ့ရွာကြီးတွေ၊ အချို့ကျွန်းတွေပေါ်မှာ မြို့တွေအထိ ရှိခဲ့ဖူးတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမြို့တွေ၊ ရွာတွေဟာ မီးတောင်တွေပေါက်ကွဲတာကြေ
ရေအောက်ကို ရောက်သွားခဲ့ကြတယ်၊ အဲဒီနေရာတွေအထိရောေ
အောင်သွားပြီး သုတေသနပြုနိုင်ရင်တော့ မောင်ထင်ကျော်အတွေ
အကျိုးအမြတ် အများကြီးရနိုင်တယ်။

သုတေသနပြုဖို့အတွက် ရှေးဟောင်းမှတ်တမ်းအချက်အလေ
တွေနဲ့ ရွှေငွေရတနာတွေ အများကြီးရနိုင်တယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ကျွန်တော် အ
နေရာကိုရောက်အောင်သွားပါ့မယ်"

ဟု ပြောကာ မြေပုံနှင့် အခြားအချက်အလက်မှတ်တမ်းမျာ
ကူးယူလာခဲ့လေသည်။

ယခုတစ်ပတ် ခရီးထွက်သောအခါ ဦးဘသိန်းတန် လမ်းည
လိုက်သည့် ဘာရင်ကျွန်း(ဝိညာဉ်ဖြူကျွန်း)သို့ဦးတည်ကာသွာ
လေသည်။

ထိုကျွန်းသို့ရောက်သောအခါ ကျွန်းပေါ်တွင် အခြေစိုက်စ
များ ယာယီဆောက်လုပ်ပြီး ပင်လယ်ပြင်တစ်ဝိုက်တွင် သုတေ
လုပ်ငန်းနှင့် ရတနာပစ္စည်းရှာဖွေရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့
လေသည်။

ထိုနေရာသို့ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် စောဒေဝီ
ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်နေခြင်းဖြစ်၏။ အိပ်မက်
တွင် ရေအောက်၌ရှိသော မီးတောင်တစ်လုံးမှာ ပေါက်ကွဲတော့





အခြေအနေမျိုးကို မြင်တွေ့နေရသည်။

ထိုပြင် ...

သူမနှင့် ရုပ်ချင်းအတော်ကလေးတူသော မိန်းကလေးတစ်ယောက် ရောက်လာသည်။ ထိုမိန်းကလေးက စောဒေဝီကို မြင်သောအခါ ရင်းနှီးစွာ ပြုံးပြလေသည်။

"မင်းက ဘယ်သူလဲ"

"ကျွန်မနာမည်က မြနှင်းဖြူလို့ခေါ်ပါတယ်"

"မင်းက ဘယ်နေရာမှာနေတာလဲ"

"ကျွန်မက ဝိညာဉ်ဖြူကျွန်းကြီးပေါ်မှာပဲ နေတာပါ။ ကျွန်းကြီးရဲ့တောင်ဘက်မှာ တောင်ကုန်းတစ်ခုရှိတယ်၊ အိမ်ကြီးတစ်လုံး ရှိတယ်၊ အဲဒီအိမ်ကြီးမှာ အဘိုးနဲ့ အတူတူနေတာပေါ့"

"ဟင် ..."

"ကျွန်မတို့အိမ်ရှေ့မှာ ဝက်သစ်ချပင်ကြီးတစ်ပင် ရှိတယ်၊ မမ မမှတ်မိဘူးလား"

"ဟင့်အင်း ... ငါက ဘာကိုမှတ်မိရမှာလဲ"

"မမနာမည်က မြသင်းကြူလို့ခေါ်တယ်၊ ကျွန်မရဲ့နာမည်က မြနှင်းဖြူလေ၊ မမ အရင်ဘဝတုန်းက ညီအစ်မ တော်စပ်ခဲ့ကြတယ်၊ ကျွန်မတို့ညီအစ်မနှစ်ယောက်က ဘောဂဝတီနဂါးပြည်က အတူတူလာခဲ့ကြတာလေ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် စောဒေဝီမှာ များစွာ အံ့သြသွားလေသည်။ သူမအနေနှင့် ထိုနေရာသို့ရောက်လာစအချိန် မျက်စိတစ်ဆုံးမြင်နေရသော ပင်လယ်ရေမျက်နှာပြင်ကြီးကို လှမ်းကြည့်ကာ ရင်ထဲ၌ လွမ်းသလိုလို၊ ဆွေးသလိုလိုဖြစ်လာခဲ့သည်များကို ပြန်လည်သတိရမိသည်။

"နင်ပြောတာတွေက အမှန်တွေပဲလား"

"အမှန်တွေပေါ့ မမရဲ့၊ ဒီကျွန်းကြီးရဲ့တစ်နေရာမှာ ကျွန်မတို့ ညီအစ်မရဲ့ ဘဝဟောင်းက ခန္ဓာကိုယ်တွေတောင်ရှိနေသေးတာပဲ၊ နောက်ပြီး ကျွန်မတို့အိမ်ရှေ့က ဝက်သစ်ချပင်ကြီးမှာ ကျွန်မတို့ ညီအစ်မရဲ့နာမည်တွေကို ဓားနဲ့ထွင်းပြီး ရေးမှတ်ထားတာတွေ ရှိတယ်လေ၊ မမ မယုံရင် သွားကြည့်ပါလား"

ထိုစကားကြားသောအခါ စောဒေဝီမှာ များစွာ အံ့သြလျက်ရှိပြီး ဘာပြန်ပြောရမှန်းမသိအောင် ရှိလေတော့သည်။

"အခု နင်လာတာ ဘာကိစ္စရှိလို့လဲဟင် ..."

"မမတို့ကို သတိပေးစရာရှိလို့ လာတာပါ"

"ဘာများလဲဟင်"

"မမတို့ အခုလုပ်နေတဲ့ ပင်လယ်ပြင်ရဲ့အောက်မှာ မီးတောင်ဟောင်းတစ်လုံးရှိတယ်၊ အခု အဲဒီမီးတောင်က အသက်ပြန်ဝင်နေပြီ၊ မကြာခင် ပေါက်ကွဲတော့မယ်၊ ဒါကြောင့် မမကို လာပြီးသတိပေးတာပါ"





"မင်းက ဘယ်လိုသိတာလဲဟင် ..."

"ကျွန်မတို့က ဘောဂဝတီကလာတဲ့ နဂါးမျိုးနွယ်တွေလေ၊ မမ မေ့နေပြီလား၊ နဂါးမျိုးနွယ်တွေက ရေအောက်မြေအောက်မှာရှိတဲ့ အရာအားလုံးကို တွေ့မြင်နိုင်ကြတယ်လေ၊ ကျွန်မ သွားတော့မယ်"

ဟု ပြောဆိုကာ အိပ်မက်ထဲမှာ တွေ့မြင်နေရသော မြနှင်းဖြူဆိုသော မိန်းကလေးက လှည့်ထွက်သွားရာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

စောဒေဝီမှာ မြနှင်းဖြူ ထွက်သွားသောနေရာဘက်သို့ လှမ်းမျှော်ကြည့်နေရင်းမှာပင် ဝေဝါးသောအရာများကိုမြင်ရသည်။

အခြားမဟုတ်ပေ ...

ဝိညာဉ်ဖြူကျွန်းကြီးတစ်ဝိုက်ရှိ ပုံရိပ်များပင်ဖြစ်၏။ ကျွန်းကြီးပေါ်မှာ သွားလာလှုပ်ရှားနေကြသောသူများ၊ ရေပြင်တစ်ဝိုက်တွင် သားငါးရှာနေကြသူများအပြင် သင်္ဘောတစ်စင်းနှင့် သုတေသနပြုလုပ်နေကြသော ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့သားများကို လှမ်းမြင်နေရသည်။

ရင်းတို့ရှိနေသောနေရာ အောက်တည့်တည့်ရှိ မီးတောင်ဟောင်းတစ်လုံးမှ ချော်ရည်ပူများ ပန်းတက်လာသည်။ ချော်ရည်ပူများမှာ နက်ရှိုင်းလှသောရေအောက်မှတစ်ဆင့် အခိုးအငွေ့များအဖြစ်နှင့် ရေမျက်နှာပြင်ပေါ်သို့ တက်လာနေချေပြီ။

ထိုအခြေအနေကိုတော့ ပတ်ဝန်းကျင်၌ရှိနေသူများက လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သေးကြပေ။

စောဒေဝီမှာ အခြေအနေကိုကြည့်နေရင်း များစွာ စိုးရိမ်မှုများ ဖြစ်လာသည်။

သို့သော် လူက နေရာမှထ၍မရသလို အော်ဟစ်သတိပေးမည် ကြံပြန်တော့လည်း အသံက ထွက်မလာပေ။

လှမ်းကြည့်နေရင်းမှပင် ရေအောက်မီးတောင်ကြီးမှာ ပြင်းထန်စွာပေါက်ကွဲသွားလေတော့သည်။

"ဝုန်း ... ဝုန်း ... ဝုန်း ..."

မီးတောက်မီးလျှံများနှင့် ချော်ရည်ပူများက ရေမျက်နှာပြင်ပေါ်သို့ ထိုးတက်လာသည်။

အေးမြနေသောရေပြင်မှာလည်း သံရည်ပူများကဲ့သို့ ပွက်ပွက်ဆူထလာသည်။

ထိုနေရာတစ်ဝိုက်ရှိ ငါးနှင့် ရေသတ္တဝါများစွာတို့မှာ အရှင်လတ်လတ် ရေနွေးဆူဆူထဲသို့ ပစ်ချခံလိုက်ရသကဲ့သို့ ချက်ချင်းသေကာ ရေပေါ်သို့ ပေါ်တက်လာကြသည်။

ထို့အတူ အနီးတစ်ဝိုက်၌ရှိနေကြသော လှေများစွာတို့မှာလည်း မီးတောက်မီးလျှံများ ...

ချော်ရည်ပူများ၏ ဝါးမျိုခြင်းခံကြရကာ မရှုမလှနှင့်သေဆုံးကာ ရေအောက်သို့ နစ်မြုပ်သွားကြလေသည်။

လှေပေါင်းများစွာ သေဆုံးသွားသောမြင်ကွင်းကို တွေ့မြင်ရ





သောအခါ ဝိညာဉ်ဖြူကျွန်းပေါ်မှာရှိနေကြသော မြောက်မြားလှစွာသော ဝိညာဉ်ဖြူများက ဝမ်းသာအားရဖြင့် ပျော်ရွှင်စွာ ကခုန်နေကြလေသည်။

ထိုမြင်ကွင်းကို တွေ့မြင်ရသောအခါ စောဒေဝီက အသံကုန်အော်ဟစ်လိုက်လေတော့သည်။

"အား ..."

ကျယ်လောင်လှသော သူမအော်သံက လည်ချောင်းအတွင်းမှ တစ်ဆင့် အပြင်သို့ လျှံထွက်သွားလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## ရေအောက်အန္တရာယ်နှင့် ကံကြမ္မာဝင်ရုကြွေး

စောဒေဝီ၏ အလန့်တကြားအော်ဟစ်လိုက်သံကြောင့် ဒေါက်တာမင်းထင်ကျော် ရောက်လာသည်။

"ဒေဝီ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့အော်တာလဲဟင်"

ထိုအချိန်၌ စောဒေဝီမှာ ကောင်းစွာနိုးနေပြီဖြစ်၏။

"အိပ်... အိပ်မက်မက်နေတယ်"

"ဘယ်လိုအိပ်မက်မျိုးမက်လို့ ဒီလောက် အလန့်တကြားဖြစ်ပြီး လန့်အော်ရတာလဲ ဒေဝီရယ်"

စောဒေဝီက နေရာမှထကာ အိပ်မက်အကြောင်းကို ပြောပြလိုက်လေသည်။





ထိုအကြောင်းများကြားသောအခါ ဒေါက်တာမင်းထင်ကျော်က အရေးမကြီးသလို တစ်ချက်ပြုံးရင်း စောဒေဝီ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ နှစ်သိမ့်မှုပေးလိုက်လေသည်။

"အိပ်မက်ဆိုတာကတော့ စိတ်စွဲလမ်းမှုကြောင့်ပဲဖြစ်ဖြစ်၊ သွေးလေ ချောက်ချားမှုကြောင့်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အနီးပတ်ဝန်းကျင် တစ်ဝိုက်မှာရှိတဲ့ ဝိညာဉ်လောကသားတွေရဲ့ လှည့်စားမှုကြောင့်ပဲ ဖြစ်ဖြစ် အမျိုးမျိုး မက်ကြတာပါပဲ။ ဒီလောက်လဲ စွဲလမ်းယုံကြည်မှုတွေ မထားပါနဲ့"

"ကျွန်မလဲ ဒါတွေကို သိပ်တော့ အယုံအကြည်မရှိလှပါဘူး၊ ဒါပေမယ့် ဒီတစ်ခါမက်တဲ့အိပ်မက်က သိပ်ပြီးထူးဆန်းနေတယ်"

စောဒေဝီမျက်နှာမှာ ယခုထက်တိုင်အောင် ကြည်လင်မှု မရှိသေးပေ။

"သူ့မျက်နှာက ကျွန်မမျက်နှာနဲ့ အတော်ကလေးတူတယ်။ နောက်ပြီး သူပြတဲ့နေရာတွေကိုလဲ မှတ်မိနေတယ်၊ ပင်လယ်ပြင်ကို မျက်နှာမူပြီး ဆောက်ထားတဲ့အိမ်ဟောင်းကြီးတစ်လုံးရယ်၊ ကျွန်မတို့နာမည်တွေထွင်းထားတဲ့ ဝက်သစ်ချပင်ကြီးရယ်၊ သစ်ပင်မှာဆွဲထားတဲ့ ဒန်းလေးတစ်ခုရယ် အဲဒါတွေ တကယ်ရှိ၊မရှိ ကျွန်မ သွားကြည့်ချင်တယ်"

"ဘယ်နေရာ မှာတဲ့လဲ"

"ဒီကျွန်းရဲ့ တောင်ဘက်မျက်နှာစာမှာရှိတဲ့ တောင်ကုန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတယ်”

စောဒေဝီက သေသေချာချာပြောနေသောကြောင့် ဒေါက်တာခင်းထင်ကျော်လည်း ချစ်သူစိတ်ချမ်းသာစေရန်အတွက် လိုက်ပို့ပေးမည်ဟု ကတိပေးလိုက်လေသည်။

“ဒေဝီ ဒီလောက်အာသီသရှိနေရင် မောင် လိုက်ပို့ပေးပါ့မယ်၊ ဒီကျွန်းရဲ့အနေအထားကိုလဲ သိရတာပေါ့”

နောက်တစ်နေ့နံနက်ပိုင်းတွင် နှစ်ယောက်သား ကျွန်း၏ တောင်ဘက်မျက်နှာစာဘက်သို့ဦးတည်ကာ ထွက်ခဲ့ကြလေသည်။ ဝိညာဉ်ဖြူကျွန်းမှာ ပင်လယ်ထဲမှာရှိသော ကျွန်းတစ်ကျွန်းဖြစ်စေကာမူ အတော်ကျယ်ဝန်းလေသည်။

ဝိညာဉ်ဖြူတောင်တန်းအပါအဝင် အခြားတောင်တန်းတောင်ရိုးများလည်းရှိပေသည်။

ထိုတောင်တန်းများတစ်ဝိုက်တွင် ပင်လယ်ဒီရေတက်ရာအရပ်တွင် ပေါက်လေ့ရှိသော သစ်တောကြီးများက ညို့နေအောင်ကောင်းလှသည်။

ကမ်းစပ်တွင် ဗျူးပင်များ၊ ကနစိုပင်ကြီးများရှိပြီး ကုန်းပိုင်းမှာတော့ ကျွန်း၊ လဗ၊ ကမ္ဘလာပင်ကြီးများဖွာရှိလေသည်။ ကမ်းခြေအစပ်မှာတော့ လမုတောများက တစ်မျှော်တစ်ခေါ် ရှိကြလေသည်။

ဝိညာဉ်ဖြူရွာကတော့ လေကွယ်မိုးကွယ်ဖြစ်သော မြောက်ဘက်မှာရှိပြီး မိုးရာသီ မိုးလေတိုက်ရိုက်ထိသောကျွန်း၏ တောင်





ဘက်မျက်နှာစာမှာတော့ တောင်ကုန်းများနှင့် သစ်တောများသာ ရှိပေသည်။

ကျွန်း၏ ပုံပန်းသဏ္ဍာန်မှာ လောင်းလှေတစ်စင်းနှင့်တူပြီး အလျားရှည်ပြီး အနံအကျယ်အဝန်းက သိပ်မကျယ်ဝန်းလှပေ။ အရှေ့ဘက်မှာ ကျွန်းဦးရှိပြီး အနောက်ဘက်မှာ တဖြည်းဖြည်း သွယ်သွားသောကျွန်း၏ အနောက်ပိုင်းရှိလေသည်။ ဒေါက်တာခင်းထင်ကျော်ကတော့ တောထဲမှဖြတ်လာရသဖြင့် အရေးရှိက အသုံးပြုရန် သေနတ်တစ်လက်ကို ယူဆောင်လာသည်။

တောထဲမှဖြတ်လာကြစဉ် မျောက်နှင့်အခြားတိရစ္ဆာန်များကို တွေ့ရသော်လည်း လူကို အန္တရာယ်ပြုနိုင်သည့် ဆင်၊ ကျား စသည့် တိရစ္ဆာန်ကြီးများကိုတော့ မတွေ့ရပေ။ တောစပ်မှထွက်ပြီး တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သောအခါ ကျွန်း၏မြောက်ဘက်ခြမ်းကို လှမ်းမြင်ရသည်။ အဝေး၌ ပြာလဲ့နေသော ပင်လယ်ရေမျက်နှာပြင်ကိုပါ မျက်စိတဆုံးမြင်နေရသည်။

ထိုနေရာမှကြည့်လျှင် ကမ်းစပ်တစ်နေရာရှိ တောင်ကုန်းတစ်ခုပေါ်မှာပေါက်နေသော သစ်ပင်ကြီးတစ်ပင်နှင့် အိမ်တစ်လုံးကို လှမ်းမြင်ရသည်၊

“ဟိုမှာ ..

စောဒေဝီက လက်ညှိုးထိုးပြသည်။ ထို့နောက် နှစ်ယောက်သား ထိုနေရာဘက်သို့ ဦးတည်ကာ လာခဲ့ကြသည်။ သူတို့ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သောတောင်ကုန်းမှ အောက်ခြေသို့ဆင်းကြပြီးနောက် ခပ်ပြေပြေမျှသာမြင့်သော တောင်ကြောတစ်ခုပေါ်သို့တက်သွားကြရာ တစ်ဝက်လောက်ရောက်သောအခါ ပင်လယ်လေတိုးဝှေ့မှုကြောင့် ယိမ်းထိုးလှုပ်ရှားနေသော ဝက်သစ်ချပင်ကြီးကို အရင်မြင်ရသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ပထမတော့ ပေါ့ပေါ့ပင်တွေးထားမိသော်လည်း စောဒေဝီ အိပ်မက်ထဲမှာတွေ့ရသည့်အတိုင်း ဝက်သစ်ချပင်ကြီးကို မြင်ရသောအခါ အနည်းငယ်တော့အံ့သြမှုဖြစ်သွားမိသည်။

စောဒေဝီကတော့ ဝက်သစ်ချပင်ကြီးကို မြင်ကတည်းက စိတ်လှုပ်ရှားမှုဖြစ်နေရှာသည်။

နှစ်ယောက်သား စကားပြောပြောနှင့်လျှောက်လာကြရာ တောင်ကုန်းထိပ်ပေါ်သို့ရောက်လာကြသည်။

တောင်ကုန်းထိပ်တည့်တည့်နေရာလောက်တွင် လူလက်နှစ်ဖက်စာခန့်ကြီးမားသော ဝက်သစ်ချပင်ကြီးက ထီးထီးမားမားရှိနေလေသည်။

အပင်ကိုင်းတွင် ချိတ်ဆွဲထားသော ဒန်းတစ်ခုကိုလည်းတွေ့မြင်ရသည်။

ဝက်သစ်ချပင်ကြီးမှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ဟန်ဖြင့် အိုမင်းရင့်ရော်လှသော အသွင်သဏ္ဍာန်မျိုးရှိနေသည်။

မလှမ်းမကမ်းမြေနိမ့်ပိုင်းတစ်နေရာမှာတော့ တံခါးပိတ်ထား





သော အိမ်ဟောင်းတစ်လုံးတွေ့ရသည်။

အနီးပတ်ဝန်းကျင်၌ လူရိပ်လူခြည်တော့ မတွေ့ရပေ။

"ကျွန်မ အိပ်မက်ထဲမှာတွေ့ရတဲ့အတိုင်း ဒီနေရာမှာ အားလုံးရှိနေတာပါလား"

ဟု စောဒေဝီက တုန်လှုပ်စွာပြောသည်။

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ သစ်ပင်ကြီးအနီးသို့လျှောက်လာရာ စောဒေဝီကလည်း နောက်မှလိုက်လာသည်။ အဖုအထစ်များဖြင့်ပြည့်နေသော ပင်စည်တစ်နေရာမှာတော့ ဓားဖြင့်ထွင်းထားသော နာမည်စာလုံးနှစ်ခုကို တွေ့ရလေသည်။ စာလုံးများမှာ ထွင်းထားခဲ့တာ ကြာပြီဖြစ်ဟန်ရှိသည်။ နုတ်ခမ်းသားများပင် ကျိုးပေါင်းများတက်နေချေပြီ။ ဒေါက်တာမင်းထင်ကျော်က အမှိုက်သရိုက်နှင့် ဖုန်များကိုခါချလိုက်သောအခါ စာလုံးများ ပေါ်လာသည်။

"မြသင်းကြူ၊ မြနှင်းဖြူ၊ မြဝင့်သူ"

ဟူသော စာလုံးများပင်ဖြစ်တော့သည်။

"နာမည်တွေကို သစ်ပင်မှာထွင်းထားတာပဲ"

"ကျွန်မကို အိပ်မက်ထဲမှာ သူ ပြောပြသွားတာ ဒီနာမည်တွေပဲ"

"အဓိပ္ပာယ်က ဘာတဲ့လဲ"

"မြသင်းကြူဆိုတာ ကျွန်မရဲ့ ဘဝဟောင်းကနာမည်လို့ ပြောတယ်၊ မြနှင်းဖြူဆိုတာက အိပ်မက်ထဲမှာတွေ့ရတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နာမည်ပဲ၊ မြဝင်းသူ ဆိုတာတော့ ကျွန်မ မသိဘူး"

စောဒေဝီစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင် ထိုအကြောင်းများအား ပေါ့ပေါ့တွေး၍မရတော့တဲ့ အလေး အနက်ထားကာ တွေးတောရလေသည်။

ဒေါက်တာမင်းထင်ကျော်က သစ်ပင်၌တွင်းထားသောစာလုံး များအပြင် ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုနေသည်။ သစ်ပင်၌ ချိတ်ဆွဲထားသောဒန်းမှာလည်း ရှေးခေတ်က အသုံးပြုလေ့ရှိသော ကြေးဖြင့်ပြုလုပ်ထားသောဒန်းဖြစ်သည်။ ချိတ်ဆွဲထားသောသံကြိုး ကြီးများမှာ လေဒဏ်မိုးဒဏ်ကြောင့် အချို့နေရာများမှာ သံချေး တက်နေချေပြီ။

ဒန်းမှာ လူတစ်ယောက် အမြဲစီးနေဟန်ရှိပြီး ထိုင်ခုံနေရာများ မှာ ပြောင်နေသည်။

"ဒီထဲမှာ လူနေတယ်ထင်တယ်"

"အခုတော့ တံခါးပိတ်ထားတယ်"

"အိပ်မက်ထဲမှာနေတဲ့မိန်းကလေးက ဒီမှာနေတာများလား မသိဘူး"

နှစ်ယောက်သား တံခါးပိတ်ထားသည့်အိမ်ရှိရာဘက်သို့ လျှောက်လာ၏။ ထိုအခိုက်မှာ စောစောက ငြိမ်သက်နေသောဒန်း မှာ တစ်စုံတစ်ယောက်က လှုပ်ယမ်းလိုက်သကဲ့သို့ လှုပ်ခါနေသည် ကိုတော့ သူတို့နှစ်ယောက်လုံး သတိမပြုမိတော့ပေ။





အိမ်ပေါက်ဝကို သစ်သားတံခါးဖြင့်ပိတ်ထားလေသည်။ မလှမ်း မကမ်းမှ အခြေအနေကိုကြည့်သော်လည်း လူရှိဟန်မတူဘဲ တိတ် ဆိတ်ငြိမ်သက်နေသည်။

စောဒေဝီ မျက်နှာပေါ်မှာတော့ တစ်စုံတစ်ခုကို သတိရနေ ဟန်ဖြင့် လွမ်းဆွတ်ကြေကွဲသည့်အရိပ်အယောင်များပေါ်နေလေ သည်။

အတန်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်က စောဒေဝီ ၏လက်ကလေးကိုဆုပ်ကိုင်ကာ တောင်ကုန်းပေါ်မှ ပြန်ဆင်းခဲ့ကြ လေသည်။

စခန်းပြန်ရောက်သောအခါ ပင်လယ်ပြင်လေ့လာရေးစခန်းမှ လက်ထောက်တစ်ဦးက ထူးခြားသောအခြေအနေတစ်ရပ်ကို ပြော ပြလေသည်။

"ဆရာ ... ကျွန်တော်တို့ ကျွန်းတစ်ကျွန်းနားမှာ သုတေသန လုပ်နေရင်းနဲ့ ထူးခြားမှုတစ်ခုတွေ့လို့ လာပြီးသတင်းပို့တာပါ"

"ဘယ်လိုထူးခြားမှုတွေလဲ"

"ကျွန်းတစ်ဝိုက်မှာ ငွေလျှင်လှုပ်တာနဲ့ကြုံခဲ့ရပြီး ငါးအသေတွေ အများကြီးတွေ့ခဲ့ရတယ်၊ ရေအောက်မှာရှိတဲ့ မီးတောင်တစ်လုံး လှုပ်ရှားနေတဲ့လက္ခဏာမျိုးတွေပဲ ဆရာ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် ထိုကျွန်း သို့လိုက်သွားရန်ပြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စောဒေဝီတလည်း လိုက်ရန်ပြင်သည်။

"ဒေဝီ စခန်းမှာ နေချင်နေခဲ့ပါလား"

"အရေးကြီးတဲ့မှတ်တမ်းတွေ ယူရမှာဆိုတော့ ကျွန်မပါလိုက်မှ ဖြစ်မှာပေါ့"

"အန္တရာယ်ရှိတဲ့နေရာဆိုတော့ ဒေဝီ ပင်ပန်းနေမှာစိုးလို့ပါ"

"ရပါတယ် မောင်ရယ်၊ ဒီလိုအတွေ့အကြုံတွေက ကျွန်မ အတွက် မဆန်းကြယ်တော့ပါဘူး"

ဟု ပြောဆိုကာ လိုက်လာခဲ့လေသည်။

"ရေအောက်မီးတောင်ပေါက်ကွဲတော့မယ့်မှတ်တမ်းတွေ ရလို့ ကတော့ ကိုယ်တို့ရဲ့သုတေသနလုပ်ငန်းအတွက် တန်ဖိုးမဖြတ်နိုင် တဲ့မှတ်တမ်းတွေဖြစ်လာမှာ သေချာတယ်"

ဒေါက်တာမင်းထင်ကျော်က တက်ကြွစွာပြောနေသော်လည်း စောဒေဝီ အမူအရာကတော့ ခါတိုင်းနှင့်မတူဘဲ တက်ကြွမှု သိပ်မရှိ လှပေ။

စက်လှေပေါ်မှာတော့ စက်လှေမောင်းသူနှင့် အလုပ်သမား အချို့သာ ပါလာလေသည်။

ထိုနေရာမှာ ဝိညာဉ်ဖြူကျွန်းနှင့် မဝေးလှသောကျွန်းတစ်ကျွန်း ဖြစ်ပြီး ကျွန်းပေါ်မှာ လူနေအိမ်အချို့ရှိလေသည်။ ထိုကျွန်းတစ်ဝိုက် သို့ ရောက်သောအခါ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ပြန့်ကျဲမျော ပါ နေသော ငါးအကောင်များစွာတို့ကို အဝေးမှပင် လှမ်းမြင်နေရသည်။





ရေမျက်နှာပြင်မှာလည်း သာမန်နှင့်မတူဘဲ လှုပ်ရှားနေ သယောင်ရှိလေသည်။

ပင်လယ်စင်ရော်ကြီးများက ရေပြင်ပေါ်၌ မျောပါနေသော ငါးအသေများကို ဝဲပျံထိုးသုတ်ကာ စားသောက်နေကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ ရေမျက်နှာပြင်ကျယ်ဝန်းသောကြောင့် ရေအောက်မီးတောင်ရှိသောနေရာကို အတိအကျ ခန့်မှန်းရန် မလွယ် လှပေ။

သင်္ဘောကို ရေပြင်ပေါ်မှာ အစုန်အဆန် ခုတ်မောင်းကြည့်ရုံ နှင့်တော့ တိကျသောအဖြေကို ရရှိမည်မဟုတ်ပေ။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ရေအောက်သို့ ဆင်းကြည့်ရန် ပြင်ဆင် လေသည်။

"ဖြစ်ပါ့မလား မောင်၊ အန္တရာယ်သိပ်များလွန်းတယ်"

"ဖြစ်ပါတယ်၊ ရေပြင်ပေါ်ကကြည့်ရုံနဲ့တော့ ကိုယ်လိုချင်တဲ့ မှတ်တမ်းတွေ ရမှာမဟုတ်ဘူး၊ ရေအောက်ကိုဆင်းကြည့်မှ မီး တောင်ရှိတဲ့နေရာကို အသေအချာသိနိုင်မယ်"

ဒေါက်တာမင်းထင်ကျော်က အရေးမကြီးသလို ပြောသော် လည်း စောဒေဝီ၏မျက်နှာပေါ်မှာတော့ တစ်စုံတစ်ခုကို စိုးရိမ်သည့် အရိပ်အယောင်များ ပေါ်နေသဖြင့် ဒေါက်တာမင်းထင်ကျော်က နှစ် သိမ့်ပေးရသည်။

"မစိုးရိမ်ပါနဲ့ ဒေဝီရယ်၊ ကိုယ်တို့ ဘာမှမဖြစ်နိုင်ပါဘူး၊ မော်



www.burmeseclassic.com

www.burmeseclassic.com



တမ်းတွေရပြီးတာနဲ့ ချက်ချင်း ပြန်တက်လာခဲ့ပါ့မယ်"

ဟု ပြောဆိုမှာကြားကာ အဖော်နှစ်ယောက်နှင့်အတူ ရေအောက်သို့ဆင်းလာကြသည်။

ငင်းတို့တွင် ခေတ်မီရေငုပ်ဝတ်စုံများအပြင် လက်နက်များနှင့် တိုင်းတာရေးကိရိယာများ၊ အပူချိန်တိုင်းကိရိယာများ၊ မှတ်တမ်းတင်ရန် ကင်မရာများပါ ယူဆောင်သွားလေသည်။

ငင်းတို့ ရေအောက်ဆင်းသွားသောအချိန်မှာပင် ကျွန်းပေါ်တွင်နေကြသော လင်းနို့များ၊ ပင်လယ်စင်ရော်များ၊ ဓိဝိုးငှက်များ တကျီကျီအော်ကာ အုပ်စုလိုက် ပျံသန်းနေကြလေသည်။ ပင်လယ်ရေမျက်နှာပြင်မှာလည်း သိသိသာသာကြီးငြိမ်သက်သွားကာ ရေပွက်များနှင့်အတူ ဝဲကတော့များ ထိုးတက်လာသည်။ ရေပွက်များ ထလာပြီးနောက် ရေပြင်တစ်ဝိုက်မှာ အခိုးအငွေ့များ ဝေ့ဝဲတက်လာသည်။

ရေမျက်နှာပြင်မှာ ရေနွေးဆူသကဲ့သို့ဖြစ်လာပြီး ငါးအသေများက တစ်အုပ်ပြီးတစ်အုပ် ပေါ်လာသည်။

ထိုအခြေအနေကိုလှမ်းမြင်သောအခါ စောဒေဝီက မှတ်တမ်းဓာတ်ပုံများ ရိုက်ယူလေသည်။

သူမသည် ရေမျက်နှာပြင်ပေါ်မှာ ထူးခြားသောအခြေအနေများကို မှတ်တမ်းဓာတ်ပုံရိုက်ယူနေရင်းမှာပင် ကင်မရာမှန်ဘီလူးမြင်ကွင်းထဲတွင် ထူးဆန်းသောပုံရိပ်များ ပေါ်လာလေသည်။





"ဟင် ..."

အခြားမဟုတ်ပေ ...

အမောက်များပါပြီး တစ်ကိုယ်လုံး အစိမ်းရောင်အကြေးခွံများရှိသည့် နဂါးနှင့်ပုံသဏ္ဍာန်တူသော သတ္တဝါကြီးများကို လှမ်းမြင်ရခြင်းဖြစ်သည်။ ရှည်လျားလှသည့်ကိုယ်လုံးနှင့် ထိုသတ္တဝါကြီးများမှာ ဝဲကတော့ထဲမှာ ကူးခတ်သွားလာနေကြသည်။

စောဒေဝီက အလန့်တကြားနှင့် ကင်မရာကိုဖယ်၍ ထိုနေရာသို့ လှမ်းကြည့်လိုက်ပြန်တော့ လှုပ်ရှားနေသော ရေမျက်နှာပြင်မှ ထွဲကာ အခြား ဘာမှမတွေ့ရပေ။

စိတ်မသက်သာသဖြင့် နောက်တစ်ကြိမ် ကင်မရာဖြင့် လှမ်းကြည့်လိုက်သောအခါ နဂါးနှင့်သဏ္ဍာန်တူသော သတ္တဝါကြီးများကို မတွေ့ရတော့ပေ။

ထိုနေရာတွင် မိန်းကလေးများ ရေကူးနေသည်ကို တွေ့မြင်ရသဖြင့် များစွာ အံ့ဩသွားမိလေသည်။

ထိုမိန်းကလေးများက စောဒေဝီရှိရာသို့ လှမ်းကြည့်ကာ လက်ယပ်လှမ်းခေါ်နေကြသည်။

"အစ်မတော် ဘောဂဝတီကို ပြန်ခဲ့တော့လေ"

"ညီမတော်တို့က အစ်မတော် ပြန်အလာကို စောင့်နေကြပြီ ပြန်လာခဲ့ပါတော့"

ဟူသောအသံများကိုလည်း နားထဲမှာ အတိုင်းသား ကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမြင်ကွင်းများမှာ ကင်မရာနှင့်ကြည့်မှ လှမ်းမြင်ရပြီး ကင်မရာနှင့် ခွာကြည့်လိုက်သောအခါမှာတော့ ပကတိရေပြင်ကိုသာ တွေ့ရလေသည်။

သို့သော်လည်း ရေပြင်မှာ စောစောကမြင်ကွင်းနှင့်မတူတော့ဘဲ ရေပွက်များထလာပြီး ဝဲကတော့ကြီးများ နေရာအနှံ့ ပေါ်လာလေသည်။

ရေပွက်များမှာ ထမင်းအိုးဆူသကဲ့သို့ ပွက်ပွက်ထလာခြင်းဖြစ်သည်။ထိုနေရာမှအပေါ်သို့ အခိုးအငွေ့များ ပန်းတက်လာသည်။

စောဒေဝီမှာ သူမ အတွေ့အကြုံအရ ထိုအခြေအနေများသည် ရေအောက်မီးတောင်တစ်လုံး ပေါက်ကွဲတော့မည့်အခြေအနေမှန်းကောင်းစွာသိလိုက်လေသည်။

ထို့ကြောင့် ရေအောက်သို့ရောက်နေသော ဒေါက်တာမင်းထင်ကျော်တို့အတွက် များစွာ စိတ်ပူပန်သွားလေသည်။

"မီးတောင်ပေါက်ကွဲတော့မယ့်အခြေအနေတွေ တွေ့နေရတယ် မမလေး၊ ကျွန်တော်တို့ ဒီနေရာကရွှေ့မှဖြစ်တော့မယ်"

ဟု သဘော်ဆလင်က လာပြောသည်။

"ရေအောက်ဆင်းသွားတဲ့လူတွေ ရှိနေသေးတယ်၊ နေရာရွှေ့လို့မဖြစ်သေးဘူး"

"ဒါပေမယ့် ကျွန်တော်တို့အတွက် အန္တရာယ်အတော်နီးနေပြီ"

"အို ... ဘာပဲဖြစ်ဖြစ် ရေအောက်ကလူတွေ တက်မလာမချင်း





ဒီနေရာကနေ ရွှေ့လို့မဖြစ်ဘူး"

ထိုသို့ပြောနေသော်လည်း အခြေအနေက မကောင်းလှတော့ပေ။ ရေပြင်တစ်ဝိုက်မှာ ဝဲကတော့နှင့် ရေမြှုပ်များက ပိုမိုထလာချေပြီ။

သဘော်ဆလင်က စက်ခန်းထဲသို့ပြန်သွားပြီး အရေးအကြောင်းရှိလျှင် သဘော်ကို ချက်ချင်းမောင်းထွက်နိုင်ရန် စက်နှိုးထားလေသည်။

စောဒေဝီမှာ သဘော်ဦးပိုင်းမှထွက်ကာ မှန်ပြောင်းတစ်လက်ဖြင့် ဒေါက်တာမင်းထင်ကျော်တို့ ပေါ်လာနိုးဖြင့် စိုးရိမ်ကြီးစွာဖြင့်ရှာဖွေသော်လည်း အစအနမျှပင်မတွေ့ရပေ။ ထိုအချိန်မှာပင် ရေအောက်မှ ပြင်းထန်သောပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာပြီး ရေပြင်တစ်ခုလုံး လှိုင်းဂယက်များ ထလာလေပြီ။

ရေပြင်မှာလည်း ဆူပွက်နေသော ရေနွေးငွေ့များကဲ့သို့ ဖြစ်လာတော့သည်။

သဘော်ဆလင်က အခြေအနေမကောင်းမှန်း ရိပ်မိသဖြင့် သဘော်ကို စက်ကုန်တင်ကာ ထိုနေရာမှ အမြန်မောင်းထွက်ရန်ကြိုးစားလေသည်။

သို့သော်လည်း ကံကြမ္မာက မျက်နှာသာမပေးတော့ပေ။

လီဗာကိုတင်လိုက်သည်နှင့် သဘော်စက်က ရုတ်တရက်ထိုးရပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးကြိုးစားသော်လည်း စက်က မနိုးတော့ပေ။

ရေအောက်မှ အပူရှိန်ကြောင့် အင်ဂျင်ထဲမှ အင်ဂျင်ဝိုင်များပင် ဆူပွက်လာသည်။

ထိုအချိန်မှာပင် ရေအောက်မှ ဝဲကတော့ကြီးတစ်ခုတက်လာပြီး သင်္ဘောကို စုပ်ယူသွားလေတော့သည်။

မရှေးမနှောင်းမှာပင် ရေအောက်မှ မီးတောင်ပေါက်ကွဲသံကြီးများက ဆက်တိုက်ပေါ်လာလေတော့သည်။

ပွက်ပွက်ဆူနေသော ရေပူဝဲကတော့အတွင်းသို့ ပါသွားသော စောဒေဝီတို့သင်္ဘောနှင့် ရေအောက်၌ရောက်နေသည့် ဒေါက်တာမင်းထင်ကျော်တို့၏ ကံကြမ္မာကား မည်သို့ရှိလေမည် မသိရတော့ပေ ...။

* * * * *





အခန်း (၃)

## မြွေနဂါးပေလော ဝိဥာဉ်လော

ထိုအဖြစ်အပျက်များက ကြာတော့ကြာခဲ့ပေပြီ။ မှတ်မှတ်ရရ တစ်နှစ်ပင်ပြည့်ခဲ့ချေပြီ။ ထိုစဉ်က ဒေါက်တာမင်းထင်ကျော်မှာ ရေအောက်သို့ရောက်နေပြီး မီးတောင်တစ်လုံး ပေါက်ကွဲတော့မည့် လက္ခဏာများကိုတွေ့ရသဖြင့် ထိုနေရာမှ အချိန်မီရှောင်ထွက်နိုင်ခဲ့သည်။

သို့သော်လည်း ရေပြင်ပေါ်သို့ပြန်ရောက်သောအခါ မိမိတို့သင်္ဘောကို မတွေ့ရတော့ပေ။

ရေပြင်ပေါ်မှာကျန်ခဲ့သောပစ္စည်းအချို့မှလွဲပြီး သင်္ဘောကတော့ ပျောက်ချင်းမလှပျောက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မီးတောင်ပေါက်ကွဲသံများ ကြားရသဖြင့် ဘေးလွတ်ရာ ရှောင်ခဲ့ရလေသည်။

နောက်ပိုင်းမှာတော့ ဦးဗန်ကောင်းတို့သင်္ဘောရောက်လာပြီး ကယ်တင်သဖြင့် ဘေးလွတ်ရာသို့ ရောက်ကြလေသည်။

ထိုနေရာတစ်ဝိုက်သို့ လှည့်လည်ရှာဖွေကြသော်လည်း စောဒေဝီကိုသင်္ဘောကတော့ အစအနမျှပင် မတွေ့ရပေ။

ရက်အတန်ကြာသောအခါမှ ဝိညာဉ်ဖြူကျွန်းတစ်နေရာတွင် တင်နေသော သင်္ဘောကို ပြန်တွေ့ရသည်။

သင်္ဘောမှာ အနည်းငယ်ပျက်စီးမှုဖြစ်ရုံကလွဲပြီး ကြီးကြီးမားမား ပျက်စီးမှုတော့ မဖြစ်ပေ။

သင်္ဘောပေါ်မှာပါသွားသော စောဒေဝီနှင့် သင်္ဘောသားများကိုတော့ အစအနမျှပင် မတွေ့ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်မှာ ချစ်သူအတွက် များစွာ စိတ်မကောင်းဖြစ်ရသလို ပူဆွေးသောကလည်း ခံစားရလေသည်။

ထို့နောက်မှာတော့ အလုပ်စခန်းသိမ်းကာ ရန်ကုန်သို့ပြန်ခဲ့လေသည်။

ရန်ကုန်ပြန်ရောက်ပြီး နောက်ပိုင်းမှာလည်း အလုပ် ဆက်မလုပ်ဖြစ်တော့ဘဲ လုပ်ငန်းအချို့ကို ဦးဗန်ကောင်းတို့နှင့်လွှဲထားပြီး သူကတော့ အနားယူနေခဲ့လေသည်။

သူ့စိတ်ထဲမှာ စွဲလမ်းနေမှုတစ်ခုက စောဒေဝီ သေဆုံးရသော





အချက်မှာ သူ့ပယောဂမကင်းဟု စွဲလမ်းယုံကြည်နေခြင်းပင်ဖြစ်၏။ နောက်ပိုင်းမှာလည်း စောဒေဝီကိုသာသတိရနေပြီး သူမနှင့်ပတ်သက်သော ခကြောင်းများကိုသာ သတိရနေလေသည်။

တစ်နေ့တော့ စောဒေဝီ၏အခန်းထဲသို့ဝင်ရှင်းရင်းနှင့် ခေါင်းအုံးနံဘေးမှ ပိုးပဝါအစိမ်းရောင်ဖြင့်ပတ်ထားသော ငွေသေတ္တာလေးတစ်လုံးကိုတွေ့သဖြင့် ဖွင့်ကြည့်လိုက်သည်။ အတွင်း၌ ဒိုင်ယာရီစာအုပ်နှင့် ဓာတ်ပုံအချို့ကို တွေ့ရလေသည်။

ဓာတ်ပုံမှတ်တမ်းများမှာ သူမ ငယ်စဉ်ကရိုက်ထားသော ဓာတ်ပုံများဖြစ်သည်။

၎င်းတို့မိသားစုများ ပင်လယ်ကမ်းခြေတစ်နေရာ၌ ရိုက်ထားသောပုံမှာ စိတ်ဝင်စားစရာကောင်းလှပေသည်။

ကမ်းခြေတစ်နေရာရှိသစ်ပင်ကြီးတစ်ပင်အောက်၌ မိန်းကလေးသုံးယောက် ဒန်းစီးရင်းထိုင်ရိုက်ထားသောပုံထဲမှာလည်း စောဒေဝီ ပါနေသည်။

"စောဒေဝီ ပြောသွားခဲ့သလို သူတို့မှာ ညီအစ်မသုံးယောက်ရှိတယ်ဆိုတာ အမှန်ပဲလား"

ဟု တွေးကာ ဒိုင်ယာရီစာအုပ်ကလေးကို ဖွင့်ဖတ်ကြည့်လိုက်သည်။

စောဒေဝီ က ဒိုင်ယာရီမှတ်တမ်းများကို မှတ်တမ်းသဖွယ်မရေးဘဲ ဓာတ်လမ်းသဖွယ် ရေးသားထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘဝမှာ ထူးဆန်းအံ့သြဖွယ်ရာများစွာတို့နှင့် ကြုံခဲ့ရသည်။ ငယ်စဉ်ကတည်းက ဆန်းကြယ်သောအဖြစ်အပျက်များနှင့် တွေ့ကြုံခဲ့ကြောင်း မိဘများ ပြောပြသဖြင့် သိခဲ့ရသည်။

ကျွန်မဘဝတစ်လျှောက်လုံးတွင် အတိတ်ဘဝဟောင်းမှ ဘဝဆက်ရှိသူများကို မကြာခဏ တွေ့ခဲ့ရသည်။

၎င်းတို့ပြောပြသောအကြောင်းများမှာလည်း ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများဖြစ်ပေသည်။

ကျွန်မ၏ ဘဝဟောင်းမှအမည်မှာ မြသင်းကြူဖြစ်ပြီး ဘဝဟောင်းတွင်ကျန်ခဲ့သော ညီမနှစ်ယောက်ရှိသည်။

၎င်းတို့မှာ မြနှင်းကြူနှင့် မြဝင်းသူတို့ဖြစ်ကြသည်။ သူတို့နှစ်ယောက်စလုံး ကျွန်မရှိရာသို့ မကြာခဏ လာရောက်ကြလေသည်။

ကျွန်မ မောင်နှင့် ချစ်သူဖြစ်ကြသောအခါ သူတို့နှစ်ဦးက တားမြစ်ကြသည်။

ကျွန်မဘဝတွင် မည်သူနှင့်မျှ လက်ထပ်ခွင့်မရှိကြောင်းလည်း ပြောကြသည်။

ကျွန်မကို ဝိညာဉ်ဖြူကျွန်းတစ်ဝိုက်မှာနေကြသော ဘဝဟောင်းမှ ညီအစ်မတော်သူများက မကြာခဏ လာခေါ်ကြသည်။

သူတို့နှင့် အတူတူပြန်လာနေရန်လည်း ခေါ်ကြသည်။ ကျွန်မက မောင်နှင့်လက်ထပ်ရန် ရည်ရွယ်ထားကြောင်း ပြောပြသောအခါ





ယခုဘဝတွင် လက်ထပ်ခွင့်မရဘဲ နောက်ဘဝရောက်မှ လက်ထပ်ခွင့်ရမည်ဟု ပြောကြသည်။

ထိုနေရာရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က စာအုပ်ကလေးကိုပိတ်ထားလိုက်သည်။

"ဒေဝီနဲ့ နောင်ဘဝရောက်မှ လက်ထပ်ရမယ်ဆိုပါလား"

ဒေါက်တာမင်းထင်ကျော်က စာအုပ်ကိုဖွင့်ပြီး ဆက်ဖတ်သည်။

'မောင်နှင့် ဒီဘဝမှာ လက်ထပ်ခွင့်မရသဖြင့် ကြေကွဲဝမ်းနည်းရသည်။ နောက်တစ်ဘဝမှာ လက်ထပ်ခွင့်ရမည်ဆိုသဖြင့် မျှော်လင့်ချက်တော့ ရှိနေသေးသည်။

အခုတော့ မောင်နှင့်ခွဲရပေတော့မည်။

မောင်သည် ကျွန်မ ရေးသားခဲ့သော မှတ်တမ်းစာအုပ်ကလေးကို ဖတ်နေသည့်အချိန်တွင် ကျွန်မ၏ဝိညာဉ်သည် နေရာဟောင်းသို့ ပြန်သွားခဲ့ရပေပြီ။

မောင်သည် ကျွန်မအပေါ် မှာနှစ်သက်မြတ်နိုးမှုရှိသည်မှန်ပါက ကျွန်မတို့၏နေရာဟောင်းဖြစ်သော ဝိညာဉ်ဖြူကျွန်းပေါ် မှ ဝက်သစ်ချပင်ကြီးရှိသော တောင်ကုန်းပေါ် သို့ရောက်အောင်လာခဲ့ပါက ကျွန်မ၏ကိုယ်ပွားဝိညာဉ်အား တွေ့မြင်ခွင့်ရနိုင်ပေသည်။

ဤမှတ်တမ်းသည် လွမ်းဆွတ်ကြေကွဲမှုများစွာဖြင့် နှလုံးသွေးဖြင့်ရေးခဲ့သောမှတ်တမ်းပင်ဖြစ်တော့သည်။

မောင် ရောက်လာမည့်အချိန်ကို နေရာဟောင်းမှ စောင့်မျှော်



www.burmeseclassic.com

www.burmeseclassic.com



နေရပေတော့မည်။

စောဒေဝီ (သို့မဟုတ်) ဘောဂဝတီဒေဝီ

ဟူ၍ ရေးသားထားလေသည်။

ဒေါက်တာမင်းထင်ကျော်သည် စောဒေဝီရေးသားခဲ့သော မှတ်တမ်းစာများကိုဖတ်ရင်း စောဒေဝီမျက်နှာလေးကို ပြန်လည်မြင်ယောင်နေသည်။

သူမ၏ပုံရိပ်များက ယခုပင် အနားမှာရှိနေသကဲ့သို့ ခံစားရလေသည်။

"သူ တကယ်ပဲ ဘောဂဝတီနဂါးပြည်က လာတာလား၊ သူပြောခဲ့သလို ဘဝဟောင်းကိုပြန်သွားရပြီ ဆိုတာရောတကယ်ပဲလား၊ ငါနဲ့ပြန်တွေ့ရမယ်ဆိုတာကရော တကယ်ပဲလား၊ သူနဲ့ပြန်တွေ့ချင်ရင် ဝိညာဉ်ဖြူကျွန်းကိုပြန်လာပါလို့ သူ့မှတ်တမ်းထဲမှာ ရေးထားတယ်၊ ဒါဖြင့် စောဒေဝီက သူ သေရမယ့်အကြောင်းတွေကို ကြိုသိနေတာပေါ့။ ဒီအတိုင်းမှန်ရင် ဝိညာဉ်ဖြူကျွန်းမှာ စောဒေဝီရဲ့ကိုယ်ပွားဝိညာဉ် ရှိနေမှာပဲ။ ဘာပဲဖြစ်ဖြစ် ဘဝဟောင်းကချစ်သူကိုပြန်တွေ့ဖို့အတွက် ဝိညာဉ်ဖြူကျွန်းကို တစ်ခေါက်ပြန်သွားရမယ်"

ဟု တစ်ယောက်တည်းတွေးတောကာ မှတ်တမ်းစာအုပ်ကလေးကို ငွေသေတ္တာအတွင်းသို့ ထည့်ထားလိုက်သည်။

ထိုညက အိပ်ရာဝင်တော့ စောဒေဝီ သူ့ရှိရာသို့ရောက်လာလေသည်။





သူမသည် အစိမ်းရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ အိပ်မက်လိုလိုနှင့် သူမကို အံ့ကပ်တွေ့နေရသည်။

"ဟင် ... ဒေဝီ ..."

"ကျွန်မ မောင့်ကို နေ့တိုင်းစောင့်မျှော်နေခဲ့တယ်၊ ဒါပေမယ့် မောင် ဝိညာဉ်ဖြူကျွန်းကို မလာစေချင်ပါဘူး"

"ဘာကြောင့်လဲ ဒေဝီ"

"မကြာခင်မှာ ကောင်းကင်ပေါ်မှာရှိတဲ့ နေနဲ့လတို့ ထပ်မိပြီး နေကြတ်လကြတ်ဖြစ်လိမ့်မယ်၊ အဲဒီလို နှစ်ထပ်ဖြစ်တဲ့အချိန်မှာ နေရဲ့ဆွဲငင်အား၊ လရဲ့ဆွဲငင်အားနှစ်ခုပေါင်းမိသွားရင် ပင်လယ်ရေတွေ နှစ်ဆမြင့်တက်လာလိမ့်မယ်၊ မီးတောင်တွေ ပေါက်ကွဲကြလိမ့်မယ်"

"တကယ်ပဲလား ဒေဝီ"

"တကယ်ပြောတာပါ မောင်ရယ်၊ ကျွန်မတို့က အဲဒီလို ထူးခြားတဲ့အကြောင်းတွေကို ကြိုတင်ပြီးသိနိုင်ကြပါတယ်၊ အဲဒီအချိန်မှာ ဝိညာဉ်ဖြူကျွန်းရဲ့အောက်တည့်တည့်မှာရှိတဲ့ မီးတောင်ဟောင်းကြီး အသက်ဝင်လာပြီး ပေါက်ကွဲလိမ့်မယ်"

"ဟင် ..."

ဒေါက်တာမင်းထင်ကျော်မှာ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပေါက်ကွဲရင် ကျွန်းပေါ်မှာရှိတဲ့လူတွေ အများကြီး သေကြေပျက်စီးကြလိမ့်မယ်"

"ဒေဝီက ဒီအကြောင်းတွေကို သူတို့သိအောင် ပြောမပြဘူး လား"

"ကျွန်မက ဘဝဟောင်းပြန်ရောက်နေပြီဆိုတော့ ပြောခွင့် မသာတော့ဘူး၊ ဝိညာဉ်ဖြူကျွန်းမှာ ကျွန်မရဲ့ကိုယ်ပွားဝိညာဉ် ရှိ တယ်၊ ဒါပေမယ့် သူက စကားမပြောနိုင်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်..."

"အကောင်းဆုံးကတော့ ဝိညာဉ်ဖြူကျွန်းကို မောင် လာခဲ့မယ် ဆိုရင်တော့ သူတို့တစ်တွေရဲ့အသက်ကို ကယ်တင်ပေးနိုင်ပါလိမ့် မယ်"

"ဒီလိုဆိုရင် သူတို့တစ်တွေရဲ့အသက်အန္တရာယ်ကိုလဲကယ် ရင်း ဒေဝီနဲ့လဲပြန်တွေ့ရအောင်လို့ မောင် လာခဲ့ပါ့မယ်"

"ဝမ်းသာလိုက်တာ မောင်ရယ်၊ ဒီလိုဆိုရင် ကျွန်မတို့ နှစ် ယောက် ပြန်တွေ့ကြရမှာပေါ့၊ ဝိညာဉ်ဖြူကျွန်းကိုရောက်တဲ့အခါ ကျွန်မတို့နှစ်ယောက် ရောက်ခဲ့တဲ့ ဝက်သစ်ချပင်ကြီးရှိတဲ့နေရာကို မောင် လာခဲ့ပါ၊ ကျွန်မ စောင့်နေပါ့မယ်"

ဟု ပြောဆိုကာ စောဒေဝီ၏ပုံရိပ်မှာ တဖြည်းဖြည်းနှင့် ဝေဝါး ပျောက်ကွယ်သွားလေတော့သည်။

ထိုကဲ့သို့ အိပ်မက်မက်ပြီးနောက်တွင် ဒေါက်တာမင်းထင်





ကျော် တစ်ယောက် ကားဖြင့် ကီလီကမ်းဆိပ်သို့ ဆင်းလာခဲ့သည်။ ထိုဆိပ်ကမ်းတွင် ၎င်း၏ပင်လယ်မင်းသားသင်္ဘောရှိသည်။ သူ ဆင်းလာတာမြင်သောအခါ ဦးဗန်ကောင်းတို့မှာ အံ့သြနေကြလေ သည်။

"မောင်ထင်ကျော်ပါလား၊ ဘာကိစ္စများထူးလို့လဲ"

"ခရီးထွက်ကြမယ် အဘ၊ လိုအပ်တဲ့စားနပ်ရိက္ခာနဲ့ ဆေးဝါး ပစ္စည်းတွေ ဖြည့်ထားပေးပါ"

"ဆိုင်းမဆင့်ဗုံမဆင့်ပါလား၊ ဘယ်ဘက်ကိုသွားမှာလဲ"

"ဝိညာဉ်ဖြူကျွန်းကို တစ်ကျော့ပြန်သွားကြမယ်လေ"

ထိုစကားကြောင့် အားလုံး အံ့သြသွားကြလေသည်။ သို့သော် ဝမ်းသာပျော်ရွှင်နေကြသည်။

"ဆိပ်ကမ်းမှာ သင်္ဘောကပ်ထားပြီး အိပ်လိုက်စားလိုက်နဲ့ အလကားနေရတာ အတော်ကလေး ပျင်းစရာကောင်းတယ်၊ အခု လို ခရီးထွက်မယ်ဆိုမှပဲ စိတ်ပျော်သွားတော့တယ်"

ဟု ပြောကြလေသည်။

နောက်တစ်ရက်မှာပင် စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ အပြင် အရေးအကြီးဆုံးဖြစ်သော သောက်ရေစည်များကို အပြည့် တင်ကာ ခရီးထွက်ခဲ့ကြလေသည်။

တကယ်တော့ ဘာရင်ကျွန်း(ဝိညာဉ်ဖြူကျွန်း)သို့ ရောက် အောင် ဆယ်ရက်ခန့်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



**ရာသီဥတုကလည်း** နွေဦးပေါက်ကာလဖြစ်သောကြောင့် ပင်လယ်ရေမျက်နှာပြင်မှာ သာယာလျက်ရှိနေသည်။ သာမန်ဖြစ် ပေါ်နေသောလှိုင်းများမှလွဲ၍ အန္တရာယ်ရှိသောလှိုင်းလုံးကြီးများ လေကြမ်းများနှင့် ရင်ဆိုင်မတွေ့ရသဖြင့် ခရီးတွင်လှသည်။ ပင် လယ်အတွင်းမှမောင်းနှင်နေကြစဉ် ဟိုးအဝေးဆီတွင် ဝိညာဉ်ဖြူ ကျွန်းအား လှမ်းမြင်ကြရသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုကျွန်းကို လှမ်းမြင်ရသည်နှင့် ကြေကွဲဝမ်းနည်းမှုများနှင့် စိတ်လှုပ်ရှားမှုများကို တစ်ပြိုင်တည်း ခံစားရလေသည်။

ဝမ်းနည်းကြေကွဲမှုဖြစ်ရခြင်းမှာ စောဒေဝီကို သတိရသော ကြောင့်ဖြစ်ပြီး စိတ်လှုပ်ရှားမှုဖြစ်ရခြင်းမှာ စောဒေဝီ၏ကိုယ်ပွားနှင့် တွေ့တော့မည်ဖြစ်သောကြောင့်ပင်။

ဝိညာဉ်ဖြူကျွန်းမှာ အဝေးမှလှမ်းမြင်ရစဉ်က နဂါးတစ်ကောင် ရေပေါ်မှာပေါ်နေသည်နှင့် သဏ္ဌာန်တူလေသည်။ ပင်လယ်ခရီးတို့ ထုံးစံအတိုင်း အဝေးတွင် ကျွန်း၏ပုံရိပ်ကို လှမ်းမြင်နေရသော်လည်း တကယ်တမ်းမောင်းသောအခါတွင် တစ်ရက်နှစ်ရက်ကြာအောင် မောင်းရသေး၏။

ကျွန်းနှင့်နီးသောနေရာသို့ရောက်သောအခါ ညနေစောင်း အချိန်ရောက်နေပေပြီ။

ဝင်လုဆဲဆဲနေရောင်ခြည်များက ပင်လယ်ရေမျက်နှာပြင်ပေါ်





သို့ ပုစွန်ဆီများလောင်းချထားသကဲ့သို့ ဆည်းဆာရောင်များ ပက် ဖျန်းထားသည်။

ကျွန်းနှင့် မနီးမဝေးရောက်သောအခါ ဒေါက်တာမင်းထင်ကျော် က သင်္ဘောကို ကျွန်းတစ်ပတ်ပတ်မောင်းရန် ပြောလိုက်သဖြင့် ပတ် မောင်းကြလေသည်။

ကျွန်း၏တောင်ဘက်မျက်နှာစာဘက်ရောက်သောအခါ သင်္ဘောနှင့် မနီးမဝေးရေပြင်ပေါ်မှာ ပေါ်နေသော သတ္တဝါကြီး တစ် ကောင်ကို လှမ်းမြင်ကြရသည်။

"ဟိုမှာ ဘာကောင်ကြီးလဲ"

"ညံ့သတ္တဝါကြီးများလား"

"မဟုတ်ဘူး၊ မြွေကြီးထင်တယ်၊ သင်္ဘောဆီကို တည့်တည့် လာနေပြီ၊ ဝင်တိုက်တော့မယ်"

ဒေါက်တာမင်းထင်ကျော်က လည်ပင်းမှာဆွဲထားသော အဝေး ကြည့်မှန်ပြောင်းကိုယူ၍ လှမ်းကြည့်လိုက်သောအခါ အလွန်ရှည် လျားသော မြွေနှင့်သဏ္ဌာန်တူသည့် သတ္တဝါကြီးတစ်ကောင် သင်္ဘောရှိရာသို့ ဦးတည်၍လာနေသည်ကို လှမ်းမြင်ရသည်။ သင်္ဘောမောင်းသူက အခြားတစ်ဖက်သို့ ကွေ့မောင်းရန် ကြိုးစား သော်လည်း ထိုသတ္တဝါကြီးရှိရာနှင့် လွဲသွားခြင်းမရှိပေ။

"ဟော့ ဟော့... ရှေ့မှာဝင်တိုက်တော့မယ်ဟ ..."

"သင်္ဘောကိုစက်ရပ်ပြီ၊ နောက်ပြန်ဆုတ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ခေါင်းငံပေါ်မှာလဲ အမောက်ကြီးနဲ့ နဂါးကြီးများလား
မသိဘူး"

"ဒါကြီးနဲ့သာဝင်တိုက်မိရင် သင်္ဘောလိမ့်မှောက်သွားလိမ့်မ
ပော့"

ဟု ဆူဆူညံညံပြောနေစဉ်မှာ ရှေ့မှ ဆီးတားနေသောသတ္တ
ကြီးက သင်္ဘောရှေ့တည့်တည့်သို့ရောက်လာတော့သည်။

"ဟာ ... ဝင်တိုက်ပြီဟာ"

အားလုံး မျက်စိမှိတ်ကာ နီးရာတန်းများကို လှမ်းဆွဲထားလိုက်
ကြသည်။

"ဝုန်း ..."

"ဒုန်း ... ဂလုံ"

ဟူသော အသံမျိုးကြားရပြီး သင်္ဘောလိမ့်မှောက်သွားလိမ့်
မည်ဟု ထင်လိုက်ကြသော်လည်း သူတို့ထင်သလိုတော့ ဖြစ်မလာ
ချေ။ သင်္ဘောက ရေပြင်ပေါ်မှာ ပုံမှန်အတိုင်း သွားမြဲသွားနေပြီး
သင်္ဘောရှေ့တည့်တည့်မှ ဆီးတားနေသော သတ္တဝါကြီးကိုလည်း
မတွေ့ရတော့သဖြင့် များစွာအံ့ဩသွားကြလေသည်။

"သင်္ဘောရှေ့ကသတ္တဝါကြီး ဘယ်ရောက်သွားပြီလဲ"

"ရေအောက်ငုပ်သွားတာဖြစ်မှာပေါ့"

"ဒီလောက်နီးနေမှ ငုပ်သွားရင်လဲ သင်္ဘောနဲ့ ဘယ်လိုမှမလွတ်
နိုင်ဘူး"





"ဟုတ်ပါရဲ့၊ အတော်ထူးဆန်းတာပဲ"

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

သင်္ဘောပတ်ဝန်းကျင်ကိုကြည့်ရှုသော်လည်း စောစောက
တ္တဝါကြီးကို အစအနမျှပင် မတွေ့ကြရတော့ပေ။ ထို့နောက်
သင်္ဘောကို ဆက်မောင်းလာရာ ကျွန်း၏တောင်ဘက်ခြမ်းသို့ ရောက်
လာလေသည်။

ထိုနေရာဘက်သို့ရောက်သောအခါ အမြင့်ဆုံးတောင်ကုန်း
ပေါ်မှာပေါက်နေသော ဝက်သစ်ချပင်ကြီးကို လှမ်းမြင်ရသည်။

ဝက်သစ်ချပင်ကြီးမှာဆွဲထားသော ဒန်းနှင့်အနောက်ဘက်မှ
ကိုလည်း ဝိုးတဝါး လှမ်းမြင်ရသည်။

ငင်းတို့သင်္ဘော ထိုနေရာရောက်တော့ ဝက်သစ်ချပင်ကြီး
နောက်ဘက်မှ မိန်းကလေးတစ်ယောက် ထွက်လာသည်။ အမှောင်
သမ်းနေသော တောင်ကုန်းပေါ်မှာရပ်နေသော မိန်းကလေးက
တို့သင်္ဘောရှိရာသို့ လှမ်းကြည့်နေလေသည်။

သူမသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားရာ အဝတ်စ
က လေထဲမှာလွင့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းဖြင့်ကြည့်သောအခါ
ကလေးမျက်နှာကို ကောင်းစွာမြင်ရလေသည်။

ထိုမိန်းကလေး၏မျက်နှာမှာ ငံသေဆုံးသွားသော စောစော
က်နှာနှင့် ဆင်ဆင်တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်က ကမ်းခြေသို့ ကပ်မောင်းရာ ထိုနေရာသို့ရောက်သောအခါ မိန်းကလေးက လက်ပြနှုတ်ဆက်ရာ ဒေါက်တာမင်းထင်ကျော်ကလည်း ပြန်လည်လက်ပြလိုက်လေသည်။

၎င်းတို့သဘော် ထိုနေရာမှ တဖြည်းဖြည်းနှင့်ဝေးလာသည်တိုင် ထိုမိန်းကလေးက နေရာမှာပင်ရပ်နေဆဲပင်။

"ဟိုမှာ မိန်းကလေးတစ်ယောက် ရပ်ပြီး လက်ပြနေပါလား၊ ကျွန်တော်တို့များ သိနေလို့လားမသိဘူး"

အနားမှာရပ်နေသော စောထီးက ပြောသည်။

"တို့သဘော်ကို မှတ်မိနေလို့ လှမ်းပြီးနှုတ်ဆက်တာဖြစ်မှာပေါ့ကွ..."

ငမဲအောင်က ပြန်ပြောသည်။

"မဟုတ်ဘူးကွ၊ သူ နှုတ်ဆက်နေတာက ငါတို့ဆရာကို နှုတ်ဆက်နေတာ၊ သူ့ကို တစ်နေရာရာမှာ မြင်ဖူးနေသလိုပဲ"

"ဘယ်သူနဲ့တူလို့လဲ"

"အစ်မလေး စောဒေဝီမျက်နှာနဲ့ မတူဘူးလား"

"လောကမှာ လူတူမရှား၊ နာမည်တူမရှား ရှိတာပဲ၊ တူချင်လဲတူမှာပေါ့"

ဟု အချင်းချင်း ပြောဆိုနေကြရာ ဒေါက်တာမင်းထင်ကျော်က မကြားဟန်ပြုကာ ထိုနေရာမှ ထွက်လာခဲ့သည်။

သဘော်ရှေ့မှပျောက်သွားသော မြေနုဂါးနှင့် ပုံသဏ္ဍာန်တူ





သည့် သတ္တဝါကြီးနှင့် စောဒေဝီဟူသော မိန်းကလေးအကြောင်းကို ဆက်စပ်တွေးတောနေသည်။

စောဒေဝီ၏ ဝိညာဉ်သည် သူ့အား ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဆီး ကြိုနေရှာသလားဟု ထင်မိသည်။

မည်သို့ပင်ရှိစေ ...

ဆန်းကြယ်မှုများဖြင့် ပြည့်နေသော ဝိညာဉ်ဖြူကျွန်းကတော့ ၎င်းတို့အဖွဲ့အား ဆန်းကြယ်မှုများဖြင့် ဆီးကြိုနေလေပြီ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

## နိမိတ်ပြဆက်သွယ်မှုနှင့် ပရလောကသို့ဝှက်ချက်များ

ဝိညာဉ်ဖြူကျွန်းသို့ရောက်ကြပြီးနောက်တွင် နောက်တစ်နေ့မှာပင် ယာယီစခန်းများဆောက်ရန်ဖြစ်ကြလေသည်။ယာယီစခန်းများကို ယခင်တစ်ကြိမ်ရောက်စဉ်က ဆောက်သောနေရာမှာပင် ဆောက်လုပ်ကြသည်။

၎င်းနေရာမှာ တောင်ကုန်းတစ်ခုပေါ်မှာရှိသောကြောင့် အနောက်ဘက်တစ်ကြောဖွဲ့ရှိသော တောင်တန်းများ၊ သစ်တောများနှင့် အရှေ့ဘက်တစ်ကြောတွင် တစ်မျှော်တစ်ခေါ်ရှိနေသော ပင်လယ်ပြင်ကြီးကို လှမ်းမြင်နိုင်ပေသည်။

စခန်းချသောနေရာအောက်ဘက်တွင် သောင်ပြန့်ကျယ်တစ်ခုလည်း ရှိလေသည်။





အချို့က ထိုနေရာတွင် ယာယီတဲများထိုးကာ စခန်းချကြသည်။ ဒေါက်တာမင်းထင်ကျော်အတွက်တော့ သီးသန့်တဲတစ်လုံး ဆောက်ပေးကြသည်။

ဒေါက်တာမင်းထင်ကျော် နေသောနေရာမှကြည့်လျှင် နေရာအတော်များများကို လှမ်းမြင်နိုင်သည်။

တစ်နေကုန်အောင် စခန်းချရန်အတွက် ပြင်ဆင်လုပ်ကိုင်ကြပြီး ညအချိန်ရောက်သောအခါမှ နားကြရသည်။

အချို့က ကမ်းပေါ်မှာ ဆောက်လုပ်ထားသောတဲများမှာ နေကြပြီး အချို့ကတော့ 'ပင်လယ်မင်းသား'သင်္ဘောထဲမှာပင် နေကြသည်။

ညဘက်တွင် လရောင်ရှိသောကြောင့် သာသာယာယာရှိနေသည်။ ပြာလဲ့နေသော ပင်လယ်မျက်နှာပြင်နှင့် သောင်ပြန့်များပေါ်သို့ လရောင်က ဖြာဆင်းကျနေသည်။

ငွေရည်ငွေစက်များသွန်းချထားသည်နှင့် တူလှသည်။

ဒေါက်တာမင်းထင်ကျော် အခန်းမှ လှမ်းမျှော်ကြည့်လျှင် လရောင်ဆမ်းထားသောပင်လယ်ပြင်ပြီးကို တစ်မျှော်တစ်ခေါ် မြင်ရလေသည်။

သူ့အတွေးထဲမှာ လွမ်းဆွတ်ဖွယ်ကောင်းသော အခြေအနေကြောင့် စောဒေဝီကို သတိရနေမိသည်။

သူမ၏ပုံရိပ်များက အတွေးအိမ်၌သာမက အမြော်ရိပ် ဖုံး



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းနေသောပတ်ဝန်းကျင်တစ်ဝိုက်မှာပင် ထင်ဟပ်နေလေသည်။

အဝေးဆီမှ ပျံ့လွင့်လာသော ညဥ့်ငှက်များ၏အော်သံများက စောဒေဝီ၏ခေါ်သံများလေလားဟုထင်ယောင်ထင်မှားဖြစ်စေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ပတ်ဝန်းကျင်ကို ငေးမောကြည့်နေရင်း စောဒေဝီမှတ်တမ်းထဲမှာပါသည့် အချက်များနှင့် အိပ်မက်ထဲ၌တွေ့ရစဉ် သူမ ပြောသွားသည့်စကားများကို ပြန်လည်ကြားယောင်နေမိလေသည်။

"..... မကြာခင်အချိန်ကာလမှာ ကောင်းကင်ပြင်မှာ နေကြတ်၊ လကြတ် နှစ်ထပ်ဖြစ်တော့မယ်။ နေရဲ့ဆွဲအား၊ လရဲ့ဆွဲအား နှစ်ခု ပေါင်းမိသွားရင် ကြေးကာစရာကောင်းတဲ့ ဆွဲငင်အားကြီးတွေ နှစ်ဆ မြင့်တက်လာလိမ့်မယ်၊

အဲဒီအခါမှာ ပြင်းထန်တဲ့လျှပ်စီးတွေ လှုပ်မယ်၊ ပင်လယ်ဒီရေတွေ မြင့်တက်လာလိမ့်မယ်၊ ဆွဲငင်အားတွေကြောင့် ပင်လယ်ရေအောက်မှာရှိတဲ့ မီးတောင်ဟောင်းတွေ ပေါက်ကွဲထွက်လိမ့်မယ်၊ အဲဒီအချိန်ရောက်ရင် ဝိညာဉ်ဖြူကျွန်းကြီးတစ်ခုလုံး ပျက်စီးပြီး လူတွေ အားလုံး သေကျေပျက်စီးကြလိမ့်မယ်"

ထိုစကားများသည် ယခုပင် အနားလာပြောနေသကဲ့သို့ နားထဲမှာ ကြားယောင်နေသည်။

အပြင် လှမ်းကြည့်လိုက်သောအခါ လရောင်က ရှိနေသည်။ ဒေါက်တာမင်းထင်ကျော်မှာ စောဒေဝီ ပြောသွားသောစကားများကို





မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားလေသည်။

ညဥ့်နက်ပိုင်းရောက်လာတော့ အအေးဓာတ်က ပိုလာသည်။ ထိုအချိန်မှာ မှေးခနဲအိပ်ပျော်သွားစဉ် အိပ်မက်လိုလိုနှင့် စောဒေဝီကို တွေ့ရသည်။

သူမသည် ယခင်တစ်ချိန်တွေ့ရစဉ်ကလိုပင် အစိမ်းရောင် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

"မောင် အခုလို ဒီကျွန်းကို ပြန်ရောက်လာတာ ကျွန်မဖြင့် သိပ်ပြီးဝမ်းသာတာပဲ။ မောင်တို့လာတုန်းက ပင်လယ်မင်းသားကို လှမ်းမြင်ကတည်းက အပျော်ကြီးပျော်ပြီး သဘောရှေ့ကလာကြိုတာ မောင် မြင်လိုက်တယ်မဟုတ်လား"

"နဂါးကြီးတစ်ကောင်တော့ တွေ့လိုက်တယ်၊ အဲဒီနဂါးကြီးက ဒေဝီလားဟင် ..."

"ကျွန်မတို့က ဘောဂဝတီကလာတဲ့ နဂါးမျိုးနွယ်တွေဆိုတာ မောင် မေ့နေပြီလား"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ စောဒေဝီ အတွက် များစွာ စိတ်မကောင်းဖြစ်မိလေသည်။

"အခု ဒေဝီ ဘယ်မှာနေတာလဲဟင်"

"ကျွန်မ ဘောဂဝတီမှာ ပြန်ရောက်နေရပြီ"

"ဒါဖြင့် ဒေဝီရဲ့ကိုယ်ပွားဝိညာဉ်က ဘယ်မှာလဲဟင်"

"သူက ဒီကျွန်းပေါ်မှာရှိပါတယ်၊ မကြာခင် သူ့ကို မောင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရမှာပါ"

"အလာတုန်းက ဝက်သစ်ချပင်ကြီးရဲ့အောက်မှာရပ်နေတဲ့ မိန်းကလေးကို ပြောတာလား"

"ဟုတ်ပါတယ်၊ သူ့နာမည်က မြနှင်းဖြူလို့ခေါ်တယ်၊ ဒါပေမယ့် သူ စကားမပြောတတ်ရှာဘူး။ တစ်သက်လုံးတော့ ဒီလိုဘဝမျိုးနဲ့နေရမှာမဟုတ်ပါဘူး။ အချိန်တန်ရင်တော့ သူ စကားပြောခွင့် ရလာမှာပါ"

"ဘာကြောင့် အခု စကားမပြောနိုင်တာလဲဟင်"

"ဘဝဟောင်းက အကြောင်းတွေကို ပြောမိမှာစိုးလို့ စကားပြောခွင့်မပေးတာပါ၊ သူက ကျွန်မရဲ့ဝိညာဉ်ဟောင်းကိန်းနေတဲ့ ကျွန်မ ရဲ့ညီအစ်မတော်သူတစ်ဦးပဲ"

စောဒေဝီ ပြောပြမှ ထိုမိန်းကလေးမှာ စောဒေဝီနှင့် ရုပ်ချင်းတူလှသည်ကို သဘောပေါက်ရတော့သည်။

"ဒေဝီရဲ့အကြောင်းကို အခုလိုသိရတာ စိတ်မကောင်းပါဘူး"

"ဒါပေမယ့် တစ်သက်မှာ ဘယ်လိုမှပြန်မတွေ့နိုင်တဲ့ ကျွန်မတို့ချင်း အခုလိုတွေ့ရတာကိုတော့ အဆိုးထဲက အကောင်းလို့ပဲ သဘောထားရမှာပေါ့။ ကျွန်မ အခုလာတာ မောင့်ကို နှုတ်ဆက်ရင်းနဲ့ ပြောစရာရှိတာ ပြောပြဖို့ပါ"

"ဘာများပါလိမ့်"

"တခြားတော့မဟုတ်ပါဘူး။ ရှေးတုန်းက ဒီကျွန်းရဲ့အနီးတစ်





ဝိုက်မှာ မီးတောင်တွေပေါက်ကွဲခဲ့ဖူးတယ်၊ မီးတောင်ပေါက်ကွဲမှုကြောင့် သင်္ဘောအချို့လည်း နစ်မြုပ်ပျက်စီးခဲ့တယ်၊ အဲဒီသင်္ဘောတွေထဲမှာ ပင်လယ်ဓားပြတွေရဲ့သင်္ဘောတစ်စင်းလည်းပါတယ်၊ အဲဒီသင်္ဘောပေါ်မှာ ရတနာပစ္စည်းတွေထည့်ထားတဲ့ ကြေးသေတ္တာကြီး ၇ လုံးလဲ ပါသွားတယ်"

"အဲဒီရတနာတွေကို အခြားရတနာရှာဖွေတဲ့လူတွေ လာရှာကြသေးတယ်မဟုတ်လား။ သူတို့ မတွေ့ကြဘူးလား"

"မတွေ့နိုင်ပါဘူး"

"ဘာကြောင့်လဲဟင်"

"ရေအောက်မှာရှိတဲ့ ရွှေငွေရတနာတွေက ဘောဂဝတီနဂါးတွေ ပိုင်ဆိုင်ကြတယ်၊ သူတို့ရဲ့ခွင့်ပြုချက်မရရင် ရေအောက်နစ်မြုပ်နေတဲ့ရတနာပစ္စည်းတွေကို ဘယ်သူမှ ရှာဖွေလို့မရနိုင်ပါဘူး"

"ဟင် ..."

"မြေပေါ်မြေအောက်ရှိတဲ့ ရတနာပစ္စည်းတွေကို ဗုဒ္ဓဂြဟနတ် (သို့) မုချဂြဟနတ်၊ ခေတ္တပါလနတ်၊ မာတိကာနတ်၊ ဒီပေသနတ်၊ ဘီသနနက်၊ ရုဒြနတ်၊ ဘီလူး၊ နဂါးတွေက စောင့်ရှောက်ပိုင်ဆိုင်ကြတယ်၊ ရေအောက်မှာ နစ်မြုပ်နေတဲ့ ရတနာတွေကိုတော့ မေခလာနတ်သမီး၊ ပင်လယ်စောင့်နတ်မင်းနဲ့ ဘောဂဝတီက နဂါးမျိုးနွယ်တွေက စောင့်ရှောက်ပိုင်ဆိုင်ကြတယ်၊ သူတို့ရဲ့သဘောတူခွင့်ပြုချက် မရဘဲ ဥစ္စာပစ္စည်းရှာရင် မရနိုင်ကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် လွယ်လွယ်နဲ့ ရှာမတွေ့တာကိုး"

"ကျွန်မတောင် မောင့်ကို ဒီအကြောင်းလာပြောဖို့ သက်ဆိုင်ရာတွေဆီမှာ ခွင့်တောင်းရသေးတယ်၊ သူတို့ရဲ့ခွင့်ပြုချက်ရမှ လာပြောခွင့်ရတယ်"

"ကျေးဇူးတင်ပါတယ် ဒေဝီရယ်။ ဒေဝီက လူ့ဘဝတုန်းကလဲ မောင့်အပေါ်မှာ အကူအညီတွေ အများကြီးပေးခဲ့တယ်၊ အခု ဘဝခြားသွားတဲ့အချိန်မှာလဲ အကူအညီတွေ လာပေးနေတုန်းပဲနော်"

"ကျွန်မက အခုလို အကူအညီပေးနေခွင့်ရနေတာကိုပဲ ဝမ်းသာနေမိတာပါ၊ အဲဒီသဘော်ပျက်ရှိတဲ့နေရာကို ကျွန်မ ပြောပြမယ်"

စောဒေဝီက သဘော်ပျက်ရှိသောနေရာကို အမှတ်အသားများဖြင့် အသေအချာပြောပြရာ ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ မှတ်သားထားလိုက်သည်။

"တစ်ခုတော့ရှိတယ်၊ သဘော်ပျက်ရှိတဲ့နေရာက ရေစူးနက်တဲ့ ချောက်ထဲမှာဆိုတော့ အန္တရာယ်တွေတော့ရှိတယ်၊ ဒါပေမယ့် စိတ်မပူပါနဲ့ ကျွန်မတို့ လာပြီးစောင့်ရှောက်ပေးပါ့မယ်၊ အခု အပြင်မှာ လက တစ်ခြမ်းမည်းစပြုနေပြီ မောင်တို့ အလုပ်လုပ်ရင် သတိဝီရိယနဲ့လုပ်ကြပါ၊ ကျွန်မက မောင့်ဆီကို မကြာခဏ မလာနိုင်ဘူး၊ အရေးကြီးတဲ့ကိစ္စပေါ်လာရင် မြနှင်းဖြူ ရောက်လာပြီး သူ ပြောပြလိမ့်မယ်။ ကျွန်မ ပြန်တော့မယ် မောင်"

ဟု ပြောဆိုနှုတ်ဆက်ကာ စောဒေဝီ၏ပုံရိပ်က ဝေဝါးပျောက်





ကွယ်သွားလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်လည်း အိပ်ပျော်နေရာမှ ပြန်နိုးလာသည်။

နာရီကြည့်လိုက်တော့ သန်းခေါင်ယံကျော်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး လေတိုးနေသံမှအပ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

လရောင်ရှိနေသေးသော်လည်း ကြည်ကြည်လင်လင်မရှိဘဲ မှုန် မှိုင်းလျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ရာမှထကာ အပြင်သို့ထွက်လာသည်။ ကောင်းကင်သို့မော့ကြည့်တော့ လက ပြည့်ပြည့်ဝဝမရှိဘဲ တစ်ခြမ်းမည်းနေလေသည်။

"အင်း ... ဒီပုံအတိုင်းဆိုရင် ဒေဝီ ပြောသွားသလို မကြာခင် အချိန်မှာ နေနဲ့လနဲ့ ထပ်တော့မှာပါလား"

ဟု တွေးနေမိသည်။

သူသည် တောင်ကုန်းပေါ်မှ လရောင်ဖြာကျနေသော သောင်ပြန်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက်ကို လှမ်းမြင်ရသည်။

"ဟင် ..."

ရပ်ကြည့်နေသူမှာ အခြားမဟုတ်ပေ။

ဝတ်ရုံဖြူကိုဝတ်ဆင်ထားသော မြနှင်းဖြူဆိုသည့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။

မြနှင်းဖြူ ရပ်နေသောနေရာနှင့် သူရှိနေသောနေရာမှာ တောင်ကုန်းအပေါ်နှင့်အောက် ဖြစ်သောကြောင့် ကောင်းစွာမြင်ရသည်။

မြနှင်းဖြူက လက်ထဲမှာ အထုပ်တစ်ထုပ်ပွေ့ကိုင်ထားရင်း သူရှိရာသို့ မော့ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူကို ယခုလိုအချိန်၌ တွေ့ရသဖြင့် အံ့သြနေသည်။

သို့ကြောင့် သူမရှိရာသို့ဆင်းသွားရန် ခြေလှမ်းပြင်လိုက်သည်နှင့် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာရပ်နေသော မြနှင်းဖြူ ဆိုသော မိန်းကလေးက လှုပ်ရှားလာသည်။ ဒေါက်တာမင်းထင်ကျော် တောင်ကုန်းပေါ်မှ သောင်ပြင်ပေါ်သို့ ဆင်းလာသည်ကို လှမ်းမြင်သည်နှင့် လက်ထဲမှာပွေ့ကိုင်ထားသော အထုပ်ကလေးကို သောင်ပြင်ပေါ်သို့ချထားခဲ့ပြီး အဝေးသို့ပြေးသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှ ပြေးလိုက်သွားရန် စိတ်ကူးမိသော်လည်း မိန်းကလေးက ခဏချင်းမှာပင် အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသဖြင့် မလိုက်တော့ဘဲ သူမ ချထားခဲ့သော အထုပ်ရှိရာသို့ လျှောက်လာခဲ့သည်။

လရောင်ဖြင့် သူမ ချထားသောအထုပ်ကလေးကို ကောင်းစွာမြင်နေရသည်။





အထုပ်မှာ ဖက်စိမ်းရွက်များဖြင့် ပတ်ထုပ်ထားခြင်း ဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်က အထုပ်ကို ကောက်ယူပြီး ဖြေကြည့်လိုက်သည်။

"ဟင် ..."

အထုပ်ထဲမှအရာကိုမြင်သောအခါ အထိတ်တလန့်ဖြစ်သွားသဖြင့် လွှတ်ချလိုက်ရာ ဖက်ရွက်ထဲမှအရာဝတ္ထုက သဲပြင်ပေါ်သို့ ဗုတ်ခနဲပြုတ်ကျသွားတော့သည်။

အခြားမဟုတ်ပေ ...

အသက်ကင်းမဲ့နေပြီဖြစ်သော လင်းနို့ကြီးတစ်ကောင်ပင်ဖြစ်၏။ လင်းနို့က သေနေသော်လည်း မျက်လုံးနှစ်လုံးက ပြူးထွက်နေပြီး ပါးစပ်ထဲမှ အစွယ်နှင့်သွားများကိုပါ မြင်နေရသည်။ သွားဖြဲပြနေသကဲ့သို့ ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ လင်းနို့အသေကောင်ကိုကြည့်ရင်း မစဉ်းစားတတ်အောင်ဖြစ်နေသည်။ အဓိပ္ပာယ်ကို မသိသဖြင့် ဖက်စိမ်းရွက်ဖြင့် လင်းနို့အသေကောင်ကိုပြန်ထုပ်ကာ မိမိအခန်းရှိရာသို့ ပြန်တက်လာခဲ့လေသည်။

ထိုညက အတွေးကောင်းနေသောကြောင့် ကောင်းစွာအိပ်မပျော်ခဲ့ပေ။

နောက်တစ်နေ့မနက်စောစောတွင် ဦးဗန်ကောင်းနှင့်တွေ့သောအခါ ထိုအကြောင်းကိုပြန်ပြောလိုက်သည်။ ဦးဗန်ကောင်းက



www.burmeseclassic.com

www.burmeseclassic.com



ဖက်စိမ်းဖြင့်ထုပ်ထားသောလင်းနို့အသေကောင်ကိုကြည့်ကာ အတန်ကြာအောင်စဉ်းစားနေသည်။ ဦးဇန်ကောင်းမှာ ရှေးဟောင်းဂမ္ဘီရပညာများကို စိတ်ဝင်စားဖွယ်လေ့လာလိုက်စားသူဖြစ်သောကြောင့် ပရလောကသားနှင့်ပတ်သက်သောအကြောင်းများကို အတော်အသင့် သိနိုင်သူဖြစ်ပေသည်။

"ဒါဟာ သာမန်ကိစ္စမဟုတ်ဘူး၊ လင်းနို့အသေကို ဖက်စိမ်းနဲ့ထုပ်ပြီး မောင်ထင်ကျော် မြင်သာအောင်လာချပြတာ အဓိပ္ပာယ်မရှိတဲ့အလုပ်ကို တမင်လာလုပ်တာတော့မဟုတ်ဘူး"

ဟု မှတ်ချက်ချသည်။

"ဒါဖြင့် ဘယ်လိုအဓိပ္ပာယ်မျိုးလဲ"

"ဂမ္ဘီရပညာရဲ့ လျှို့ဝှက်သင်္ကေတနိမိတ်ပြ ဆက်သွယ်နည်းတစ်မျိုးပဲ။ မောင်ထင်ကျော်ကို ဝိညာဉ်လောကသားတစ်ဦးက သင်္ကေတတစ်ခုပြတယ်လို့လဲ ယူဆလို့ရပါတယ်"

"အဓိပ္ပာယ်လဲကောက်ကြည့်ပါဦး"

"လင်းနို့ဆိုတာ မကောင်းဆိုးဝါးဇာရင်းဝင်သတ္တဝါမျိုးပဲ မကောင်းဆိုးဝါးတွေရဲ့ သင်္ကေတတစ်ခုဆိုလဲ မမှားဘူး၊ အဓိပ္ပာယ်ကတော့ မကြာခင်မှာ ကျုပ်တို့တစ်တွေ အန္တရာယ်ဆိုးတစ်ခုနဲ့ တွေ့ကြုံရမယ်လို့ ကြိုတင်သတိပေးတာလဲ ဖြစ်နိုင်တယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှ ဓောဒေဝီ ပြောပြသွားသောစကားများကို ပြန်လည်သတိရလာ





သည်။

"ဗေဒင်ပညာအရ လင်းနို့ဟာ ညမှာထွက်တဲ့သတ္တဝါပဲ၊ လင်းနို့ဆိုတာ စနေနဲ့ဗုဒ္ဓဟူးနံ တွဲထားတယ်၊ ညဘက်မှာ စနေနဲ့ဗုဒ္ဓဟူးတွဲတဲ့ ထူးခြားတဲ့အရာနှစ်ခုကတော့ တစ်ခုက 'လထွက်'တာဖြစ်ပြီး ကျန်တစ်ခုက 'နေထွက်'တာရှိတယ်၊ အဲဒီနှစ်ခုနဲ့ပတ်သက်ပြီး အန္တရာယ်တစ်ခုခု ကျရောက်နိုင်တယ်"

"ဆက်ပြောပါဦး"

"ညတုန်းက အပြင်ထွက်တော့ ထူးခြားတဲ့အခြေအနေတစ်ခုတွေ့ရတယ်"

"လကြတ်တော့မယ့်လက္ခဏာတွေ့တာမဟုတ်လား"

"မှန်တယ်၊ လတစ်ခြမ်းက နေနဲ့ထပ်မိနေတယ်၊ နောက်တစ်ချက်က ကြတ္တိကာနက္ခတ်က လနဲ့ အတော်ကလေးနီးတဲ့နေရာမှာ ရောက်နေတယ်၊ ဒါဟာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး၊ မကြာခင်မှာ အန္တရာယ်ဆိုးတွေ ကျရောက်တော့မယ့် အတိတ်နိမိတ်မျိုးပဲ"

"အင်း... စိတ်ဝင်စားဖို့ကောင်းတဲ့ အခြေအနေမျိုးပါပဲ"

"ရှေးဟောင်းကျမ်းတွေထဲမှာ ကတ္တိကာ ကြတ္တိကာနက္ခတ်သည် နဘာမဏ္ဍိ ကောင်းကင်အလယ်၌ စန္ဒနံ၊ လကို သစေဝိစေတိ အကယ်၍ ချဉ်းကပ်လာပေအံ့၊ ဘူမိစာလကော မြေလျှင်တို့ ပြင်းထန်စွာလှုပ်ပြီး ပျက်စီးလတ္တံ့လို့ ရေးထားတော့ မြေလျှင်လှုပ်တာနဲ့ သက်ဆိုင်တဲ့အန္တရာယ်ဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ပါးစပ်ထဲမှာဝါးနေသောကွမ်းကို ထွေးထုတ်လိုက်ပြီး စဉ်းစားနေရာက ဒေါက်တာမင်းထင်ကျော်ကို စောဒေဝီ ပြောသွားသော အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

"သူပြောသွားတဲ့အထဲမှာပါတဲ့ နေနဲ့လထပ်ပြီး ကြတ်သွားရင် အန္တရာယ်ဖြစ်နိုင်တယ်၊ ဘေးဥပဒ်တွေရောက်လာနိုင်တယ်ဆိုတာကတော့ အမှန်ပဲ။ နောက်တစ်ချက် သတိထားရမှာက မကြာခင်မှာ တန်ဆောင်မုန်းလပြည့်တော့မယ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ထွက်တဲ့လဟာ ၁၂ လရာသီထဲမှာ အကြီးဆုံးနဲ့ မြေပြင်ကနေ အနီးဆုံးမြင်တွေ့ရတယ်မဟုတ်လား"

"မှန်ပါတယ်"

"အဲဒီအချိန်မှာ လရဲ့ဆွဲငင်အား ဘယ်လောက်များသလဲဆိုရင် လ,ထွက်တဲ့အချိန်မှာ ဒီရေတွေ ထူးထူးခြားခြားကြွတက်လာတယ်၊ ဆေးဖက်ဝင်တဲ့အပင်တွေ ဖူးပွင့်ကြတယ်၊ ဒီလောက်အားကောင်းတဲ့ လရဲ့ဆွဲငင်အားနောက်မှာ နေရဲ့ပြင်းထန်တဲ့ဓာတ်တွေပါ ရောပါလာမှတော့ သဘာဝဖောက်ပြန်မှုတွေ ဖြစ်လာနိုင်တာပေါ့"

"ဖြစ်နိုင်ပါတယ်"

"အပူနဲ့အအေး။ အရှေ့နဲ့အနောက်မှာရှိတဲ့ သဘာဝမတူ ဓာတ်သဘာဝမတူတဲ့ အရာနှစ်ခု တစ်ထပ်တည်းကျဖို့ဆိုတာ အတော့်ကို ခဲယဉ်းတဲ့ကိစ္စမျိုးပဲ၊ အပူနဲ့အအေးတွေ့ရင်တော့ ပေါက်ကွဲမှုတွေ ဖြစ်လာနိုင်တာဆိုတော့ ရေအောက်မှာရှိတဲ့ မီးတောင်တွေများ တစ်





ပြိုင်နက်တည်း ထ,ပေါက်လေမလား မောင်ထင်ကျော်"

"ဒီလိုသာပေါက်ရင်တော့ လူတွေရော၊ တိရစ္ဆာန်တွေပါ အားလုံးသေကုန်ကြမှာ အမှန်ပဲ"

"သာကေတစ်ခုပြရရင် အိုးတစ်လုံးထဲမှာ ရေထည့်ပြီး မီးအပူပေးလိုက်ရင် ဆူတက်လာမှာပဲ။ အခိုးအငွေ့တွေကို ထွက်ပေါက်ပေးမထားရင် ပေါက်ကွဲထွက်ကြသလိုဖြစ်မှာပဲ၊ အဲဒီလို မီးတောင်တွေသာ တစ်ပြိုင်နက်တည်းပေါက်ကွဲကြရင် လူတွေအတွက် ပြေးပေါက်ရှိဘဲ အားလုံး သေကုန်ကြမှာပဲ"

"ဒီလိုဆိုရင် ဒီအကြောင်းတွေကို ကျွန်းပေါ်မှာ နေတဲ့လူတွေကို ကြိုတင်ပြီး သတိပေးထားရင် မကောင်းဘူးလား"

ဦးဗန်ကောင်းက ခေါင်းခါပြသည်။

"ဒီကျွန်းပေါ်မှာနေတဲ့လူတွေအားလုံးက အသိဉာဏ် မရှိကြဘူး ဖြစ်ကာမှဖြစ်ရော အခုနေ သွားပြောရင် ကျုပ်တို့ပြောတဲ့စကားကို ဘယ်သူမှလက်ခံကြမှာမဟုတ်ဘူး၊ အရူးစကားလာပြောနေတယ်လို့တောင် အထင်ခံချင်ခံရမှာ"

"ဒါပေမယ့် တစ်ခုတော့လုပ်မှသင့်မယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျုပ်သိရသလောက်တော့ ဒီကျွန်းပေါ်မှာ ကျွန်းသူကျွန်းသားတွေ အားထားယုံကြည်တဲ့ နတ်ဆရာကြီးတစ်ယောက် ရှိတယ်၊ ကျွန်းသူကျွန်းသားတွေအားလုံးက နတ်ဆရာပြောတာကိုပဲ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်"

"ဒီလိုဆိုရင်တော့ နတ်ဆရာနဲ့တွေ့ပြီး အကျိုးအကြောင်းပြော ပြရင် မကောင်းဘူးလား"

"သူက လက်ခံရင်တော့ ကောင်းတာပေါ့"

"ဒါထက် နတ်ဆရာက ဘယ်မှာနေတာလဲ"

"ဒီကျွန်းရဲ့အရှေ့ဘက်မှာ တောင်ကုန်းတစ်ခုရှိတယ်၊ ဝိညာဉ် ဖြူတောင်ကြီးရဲ့ အောက်ခြေနားမှာပေါ့၊ အဲဒီမှာ အင်္ဂလိပ်တွေ စခန်း ချတုန်းကဆောက်ထားခဲ့တဲ့ ရဲတိုက်ဟောင်းကြီးတစ်လုံးရှိတယ်၊ နတ်ဆရာကြီး အဲဒီမှာ တပည့်အချို့နဲ့နေတယ်"

"ဒါဖြင့်လဲ အလုပ်နားတဲ့တစ်ရက်မှာ နတ်ဆရာရှိတဲ့နေရာကို သွားကြရမယ်"

"အခု ဘာလုပ်ကြမလဲ"

"ကျွန်တော် အိပ်မက်ထဲမှာ စောဒေဝီနဲ့တွေ့ရတယ်၊ သူက ရေ အောက်မှာမြုပ်နေတဲ့ သင်္ဘောတစ်စင်းရှိတဲ့နေရာကို လာပြောပြ တယ်၊ အဲဒီနေရာကိုသွားကြမယ် အဘ"

ဦးဗန်ကောင်းက ဝိညာဉ်လောကကို ယုံကြည်သူမို့ ဘာမှတော့ ထပ်မပြောတော့ပေ။

* * * * *





အခန်း (၅)

## ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်သောသူ

စောဒေဝီ အိပ်မက်ထဲ၌ ပြောပြသွားသောနေရာမှာ သူတို့စခန်း ချနေသောနေရာနှင့် အနောက်တောင်ဘက်ယွန်းယွန်း(၁၀)မိုင်ခန့် အကွာတွင် ရှိလေသည်။

ထို့နောက်တွင် ပင်လယ်မင်းသားပေါ်သို့ လိုအပ်သောပစ္စည်း များတင်ဆောင်ပြီး သင်္ဘောကိုမောင်းထွက်ခဲ့ကြလေသည်။ ၎င်းတို့ စခန်းချနေသောနေရာမှာ မြောက်ဘက်မျက်နှာစာ၌ရှိသောကြောင့် ကျွန်းကိုပတ်မောင်းကြရသည်။

အနောက်တောင်ဘက်ယွန်းယွန်း ဝိညာဉ်ဖြူကျွန်းနှင့်(၁၀)မိုင် ခန့် ကွာဝေးသောနေရာရောက်သည်နှင့် သင်္ဘောကို ကျောက်ချရပ် ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ရောက်သောအခါ အခြားရေငုပ်သမားများအပြင် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ရေအောက်ဆင်းရန် ပြင်ဆင်လေသည်။

သူသည် ရတနာပစ္စည်းရှာဖွေရန်ထက် ရေအောက်မှတ်တမ်းများကို မှတ်တမ်းယူရန်အတွက်ဖြစ်ပေသည်။

ပင်လယ်ရေပြင်ပေါ်ရှိ သဘာဝရာသီဥတုအခြေအနေမှာ ပုံမှန်အတိုင်းသာရှိနေသည်။ မြောက်လေနှင့်ထိတွေ့နေသော ရေပြင်တစ်ဝိုက်မှာ ပုံမှန်ရှိသင့်သောလှိုင်းများရှိနေလေသည်။

အားလုံး အဆင်သင့်ဖြစ်သောအခါ ရေအောက်သို့ဆင်းကြလေသည်။

ရေအောက်သဘာဝရှုခင်းများမှာ ကုန်းပေါ်မှာ တွေ့ရသော သဘာဝရှုခင်းများထက် ပိုမိုဆန်းကြယ်လှသည်။ ပင်လယ်ရေပြင်၏ အရောင်ပေါ်မှာ လိုက်ပြီး သဘာဝအနေအထားကလည်း အရောင်အမျိုးမျိုးပြောင်းလဲလျက်ရှိသည်။ ပြာလဲ့လဲ့ရေပြင်အောက် နက်ရှိုင်းလှသော နေရာများတွင် သန္တာကျောက်တန်းများနှင့် ကျောက်ပွင့်ကျောက်ခက်များက ပင်လယ်ရေအောက်၏ အလှတန်ဆာများဖြစ်ကြလေသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် တည်ငြိမ်စွာရှိနေသော သန္တာကျောက်တန်းများတွင် သန္တာမာ၊ သန္တာပျော့တို့က ကျောက်တန်းစွန်းတို့၏အလှအပကို တန်ဆာဆင်ထားလေ၏။

တကယ်တော့ သမုဒ္ဒရာရေပြင်သည် ကမ္ဘာမြေပြင်ထက် အဆ





ခင်းများစွာ ပိုမိုကျယ်ဝန်းပြီး သက်ရှိသတ္တဝါမျိုးစုံတို့လည်း ပိုမိုများပြားလေသည်။

မှတ်တမ်းများအရ သမုဒ္ဒရာသည် ကုန်းမြေအကျယ်အဝန်းထက် အဆပေါင်းတစ်ရာကျော် ကျယ်ပြန့်လေသည်။

ပင်လယ်ရေမျက်နှာပြင် ကျယ်ဝန်းသဖြင့် ရေအောက်ထုထည်အောက်ကလည်း နက်ရှိုင်းလှသည်။

ထို့အတူ ပင်လယ်ရေအောက်၌ မှီတင်းနေထိုင်ကြသော သတ္တဝါတို့မှာလည်း အမျိုးအစားအလိုက် များပြားလှသည်။

သေးမွှားသောငါးသတ္တဝါလေးများမှသည် ကုန်းသတ္တဝါ ဆင်ဆစ်ကောင်ကိုပင် ရစ်ပတ်သတ်ဖြတ်နိုင်သော ရေဘဝဲနှင့် ညှီသတ္တဝါကြီးများအထိ ရှိလေသည်။

အကြောင်းမဲ့ လူကို အန္တရာယ်ပြုသော ဝေလငါးကြီးများမှာသည်း ကြီးမားသော ရေသတ္တဝါကြီးများစာရင်း၌ ပါဝင်လေသည်။

အများအားဖြင့်တော့ ရေနက်ပိုင်းတွင် နေထိုင်ကျက်စားသောသတ္တဝါများမှာ အကြေးခွံမရှိသော ပင်လယ်ငါးသတ္တဝါကြီးများ ဖြစ်သည်။

ကြောက်မက်ဖွယ်မျက်နှာနှင့် ချွန်ထက်သည့်သွားများရှိသော ဓါးလားငါးကြီးများမှာ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ တွေ့သည်နှင့် တရကြမ်းကူးခတ်လာပြီး ဝင်ရောက်တိုက်ခိုက်ယှေ့ရှိကြသည်။

ရေအောက်ဆင်းသူများတွင် လျှပ်စစ်ဓာတ်သွင်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



မှိန်းလက်နက်များ ယူဆောင်သွားရပြီး ထိုသတ္တဝါမျိုးများနှင့် ရင်ဆိုင်တွေ့လျှင် အသုံးပြုကြရသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရေအောက်ရောက်သည်နှင့် နစ်မြုပ်နေသော သင်္ဘောပျက်ကိုသော်လည်းကောင်း၊ အခြား စိတ်ဝင်စားဖွယ်ရာကောင်းသောနေရာများကို လိုက်လံကြည့်ရှုနေလေသည်။

ထိုအခိုက်မှာပင် သူ့တစ်သက်တွင် တစ်ခါမျှမတွေ့ဖူးသေးသော ပင်လယ်ငါးပြက်ကြီးတစ်ကောင်က ကျောက်ချပ်ကြားမှ ထိုးထွက်ကာ သူရှိရာသို့ ကူးခတ်လာလေသည်။

ငါးပြက်ကြီးမှာ ခြေသလုံးအရွယ်ခန့်ကြီးပြီး အလျားရှည်လှသည်။ ချွန်ထက်သောသွားများပေါ်အောင် ပါးစပ်ကြီးကိုဖြဲကာ ကူးလာနေခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က လျှပ်စစ်မှိန်းတံကို ၎င်းဘက်သို့လှည့်၍ ချိန်ထားလိုက်သည်။ ထိုအချိန်မှာပင် မမျှော်လင့်သောအခြေအနေက ပေါ်လာလေသည်။

အခြားမဟုတ်ပေ ...

ကျောက်ဆောင်ကွယ်တစ်နေရာမှ ငါးမန်းတစ်ကောင်ထွက်လာပြီး ငါးပြက်နောက်မှ လိုက်လာလေသည်။ အနီးသို့ရောက်သောအခါ ငါးမန်းက ငါးပြက်ကြီးအား ခါးလယ်မှကိုက်ကာ ဆွဲယူသွားလေတော့သည်။

ငါးပြက်ကြီးမှာ ငါးမန်း၏ ချွန်ထက်လှသည့်သွားများကြား၌





ရှုပ်ယှက်လူးကာ ပါသွားလေတော့သည်။

ရေအောက်၌ဖြစ်စေ၊ ကုန်းပေါ်၌ဖြစ်စေ အင်အားသာသူက အင်အားနည်းသူအား အနိုင်ယူသတ်ဖြတ်တတ်သည်ကတော့ ဓမ္မတာသင်ဖြစ်တော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ အခြေအနေငြိမ်သက်သွားသည်နှင့် ထိုနေရာမှထွက်လာကာ သင်္ဘောပျက်ရှိရာသို့ လိုက်လံရှာဖွေလေသည်။

ထိုအခိုက်မှာပင် သူနှင့်မလှမ်းမကမ်းနေရာမှ ကူးခတ်သွားသော သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ပထမတော့ မိမိတို့အဖွဲ့မှ ရေငုပ်သမားတစ်ဦးဦးဖြစ်လိမ့်မည်ဟု ထင်လိုက်မိသည်။

အသေအချာကြည့်တော့မှ မဟုတ်မှန်းသိရသည်။ ရှေ့မှဖြတ်ကူးသွားသောသူမှာ ရေငုပ်ဝတ်စုံမပါချေ။ အသက်ရှူကိရိယာလည်း မပါချေ။

ထို့ထက် ယောကျ်ားတစ်ယောက်မဟုတ်ဘဲ မိန်းကလေး တစ်ယောက်ဖြစ်မှန်း ရေကူးလိုက်တိုင်း နောက်ဘက်တွင်ဝဲနေသော ဆံပင်ရှည်များကြောင့်သိနိုင်လေသည်။

ဆံပင်ရှည်များက နောက်ဘက်တွင် လွင့်လူးဝဲပျံ့နေသည်။ သူမက ဒေါက်တာမင်းထင်ကျော်အား သူ့နောက်မှလိုက်ခဲ့ရန် ခြေဟန်လက်ဟန်ဖြင့်ပြကာ ကူးသွားသဖြင့် တွေတွေထူးထူးစဉ်းစားမနေတော့ဘဲ နောက်မှလိုက်သွားလေသည်။ ကောင်ရေနှုန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်သောအခါ ရှေ့မှကူးနေသူက တောင်ကုန်းထိပ်အခြား တစ်ဖက်သို့ လက်ညှိုးထိုးပြကာ အောက်ဘက်သို့ဆင်းသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က တောင်ကုန်းထိပ်ပေါ်သို့ ကူးတက်လာသည်။ အပေါ်ရောက်၍ကြည့်လိုက်သောအခါ စောစောက သူ့ရှေ့မှကူးသွားသည့် ဆံပင်ရှည်နှင့် မိန်းကလေးကိုမတွေ့ရတော့ပေ။ သို့စေကာမူ ...

သူမ လက်ညှိုးထိုးပြသောနေရာမှာတော့ နစ်မြုပ်နေသော သင်္ဘောပျက်ကြီးကို တွေ့ရလေသည်။

သင်္ဘောပျက်ကြီးမှာ တောင်စောင်းတစ်နေရာ၌ ဘေးစောင်း အနေအထားတင်နေခြင်းဖြစ်ပြီး ၎င်း၏အောက်ဘက်မှာတော့ နက်ရှိုင်းလှသော အသူရာချောက်ကမ်းပါးကြီးကို တွေ့ရလေသည်။

စောစောက မိန်းကလေးမှာ ထိုချောက်ကြီးအတွင်းသို့ ဆင်းသွားဟန်ရှိလေသည်။

သင်္ဘောပျက်ကြီးမှာ ဘေးစောင်းအနေအထားရှိပြီး ပျဉ်ချပ်များ ပွင့်ထွက်နေသောကြောင့် အတွင်းသို့ဝင်ရန် မခဲယဉ်းလှပေ။

သို့သော်လည်း သင်္ဘောပျက်များအတွင်း၌ ခိုအောင်းနေလေ့ရှိသော ငါးမန်းနှင့် ရေဘဝဲများ ရှိ၊မရှိကို အသေအချာကြည့်ပြီးမှ အတွင်းသို့ ဝင်ခဲ့လေသည်။

ထိုအခိုက်မှာပင် အခြားအဖွဲ့သားများကလည်း သင်္ဘောပျက်





ရှိရာသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြကာ အတွင်းသို့ ဝင်လိုက်လာကြလေသည်။

သင်္ဘောပျက်အတွင်းသို့ လိုက်လံရှာဖွေကြရာ နောက်ဆုံးတော့ ရွှံ့ညွန်များဖုံးနေသော သေတ္တာဟောင်းကြီးတစ်လုံးကို တွေ့ကြရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုသေတ္တာကြီးကို ရေပေါ်ရောက်အောင် ခက်ခက်ခဲခဲတင်ကြရသည်။

သေတ္တာကြီးကိုတင်နေစဉ်မှာပင် ချောက်ကမ်းပါးစွန်းမှာဆောင်နေသော သင်္ဘောပျက်ကြီးက တလှုပ်လှုပ်ဖြစ်နေသည်။ သင်္ဘောခမ်းထဲမှ သေတ္တာကြီးထုတ်ယူပြီးချိန်မှာပင် ဝေါခနဲမြည်သံကြီးနှင့်အတူ ချောက်ကမ်းပါးစွန်း၌ ဘေးစောင်းတင်နေသော သင်္ဘောပျက်ကြီးမှာ ချောက်အတွင်းသို့ပြုတ်ကျသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ သေတ္တာကြီးကို ပင်လယ်မင်းသားပေါ်သို့ရောက်အောင်တင်နိုင်ကြပြီးနောက် သင်္ဘောပေါ်ရောက်သောအခါ ဖွင့်ကြည့်ကြလေသည်။ သေတ္တာထဲတွင် ရွှေချောင်း၊ ရွှေဒင်္ဂါးများအပြင် အဖိုးတန်လက်ဝတ်ရတနာ များစွာတို့ကိုပါ မြောက်မြားစွာတွေ့ကြရသည်။

အမှန်တော့ သူတို့အတွက် အဖိုးတန်ရတနာပစ္စည်းများကို ရှာဖွေရရှိခြင်းမှာ လုပ်ငန်းအတွက် အောင်မြင်မှုဖြစ်သလို အကျိုးအမြတ်လည်းရှိလှသဖြင့် ကျေနပ်စရာဖြစ်သော်လည်း ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်အဖို့ကတော့ မျှော်လင့်ချက်ဆန္ဒများမပြည့်ဝသေးပေ

ရတနာပစ္စည်းများရရှိပြီးနောက်ဝယ် ဦးဇန်ကောင်းက စိုးရိမ်ပူပန်စွာဖြင့် ပြောလာသည်။

"ဒီရတနာပစ္စည်းတွေရှိတဲ့နေရာကို စောဒေဝီ လာပြောပြလို့ သိရတာမှန်ပြီဆိုတော့ နောက်တစ်ခုလဲကျန်သေးတယ်မဟုတ်လား မောင်ထက်ကျော်"

ဒေါက်တာမင်းထင်ကျော်က ဦးဇန်ကောင်းကို တစ်ချက်ကြည့်သည်။

"တခြားမဟုတ်ဘူးလေ၊ လာမယ့် လပြည့်နေ့ညမှာ နေနဲ့လ တစ်ထပ်တည်းကျပြီး လကြတ်လိမ့်မယ်၊ အဲဒီအချိန်မှာ ဝိညာဉ်ဖြူ ကျွန်းရဲ့အောက်တည့်တည့်မှာရှိတဲ့ ရေအောက်မီးတောင်ကြီး ပေါက်ကွဲတော့မယ်ဆိုတာလေ ... ဒါလဲ မမှန်ဘူးလို့ ပြောမရဘူး"

ဟု စိုးရိမ်ပူပန်စွာပြောသည်။

"ဘယ်လိုလုပ်ရင်ကောင်းမလဲ အဘ၊ မီးတောင်က ကျွန်း အောက်တည့်တည့်မှာရှိတာဆိုတော့ အခုအချိန်ထိ ပေါက်ကွဲမယ့် လက္ခဏာမျိုးတွေ မတွေ့ရသေးဘူး"

"ကျွန်းပေါ်မှာနေတဲ့လူတွေကို ဒီနေရာက အမြန်ဆုံးထွက်သွားဖို့ လိုက်ပြောရင် မကောင်းဘူးလား"

စောထီးက သူ စိတ်ကူးမိသလိုပြောလေသည်။

"မင်းက လိုက်ပြောတော့ရော ဘယ်သူမှယုံမှာမဟုတ်ဘူး၊ အဲဒီ





လိုက်ပြောရင် မင်းကို အရူးထင်ပြီး ဝိုင်းရိုက်ကြလိမ့်မယ်"

ဟု ဦးဇန်ကောင်းက ပြောလိုက်တော့မှ စောထီးမှာ ငြိမ်ကျသွားတော့သည်။

"ကျွန်တော်တို့က ဒီအကြောင်းတွေကိုသိရပြီဆိုတော့ တကယ် အန္တရာယ်နီးလာရင် သင်္ဘောမောင်းထွက်သွားရင် အန္တရာယ် ...င်တယ်။ ဒီလိုသွားရင် ကျွန်တော်တို့ ရက်စက်ရာရောက်မှာ ...တောင်ပေါက်ကွဲပြီး ကျွန်းသူကျွန်းသားတွေ သေကျေပျက်စီး ...င် တစ်သက်လုံး စိတ်ကောင်းနိုင်စရာရှိတော့မယ်မထင်ဘူး"

ဟု မေအောင်က ပြောသည်။

"အင်း ... ဒါလဲဟုတ်ပေတာပဲ၊ ဖြစ်မယ်မဖြစ်ဘူးဆိုတာထက် ...ယ်လိုဖြစ်သွားရင် ကိုယ့်ပယောဂမကင်းဘူးဖြစ်လိမ့်မယ်၊ ဒီ ...ာ့ ဒီအကြောင်းကို အလေးအနက်ထားပြီးတိုင်ပင်ကြသေးတာ

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

နောက်တစ်နေ့တွင် ဒေါက်တာမင်းထင်ကျော်တစ်ယောက် ...ည်း ကျွန်းပေါ်တက်လာခဲ့သည်။

သူနှင့်အတူ 'ကင်နွန်'ကင်မရာတစ်လုံးလည်း ယူဆောင်လာ ...ည်။ သူ့စိတ်ထဲမှာ ညအချိန်တွင် လင်းနို့အသေကောင်ကို ဖက် ...န့်နစ်ထုပ်ကာ လာပို့သွားသော အဖြူရောင်ဝတ်စုံနှင့်မိန်းကလေး ...ို သတိရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှလည်း သူမကိုတွေ့ချင်နေသည်။ ဝိညာဉ်ဖြူကျွ
(ဘာရင်ကျွန်း)ကြီးမှာ ကျယ်ဝန်းကြီးမားသလောက် လူပသေ
ကျွန်းတစ်ကျွန်းဖြစ်သည်။

ကျွန်းပေါ်တွင် အင်္ဂလိပ်များ နေထိုင်စဉ်က ဆောက်လုပ်ထာ
ခဲ့သော အဆောက်အအုံဟောင်းအချို့ ရှိနေသေး၏။ သို့သော်လည
ပြုပြင်မှုမရှိဘဲ ဒီအတိုင်းထားသောကြောင့် ဟောင်းနွမ်းပျက်စီးနေ

အချို့မှာ မူလအရောင်အဆင်းပင်မပေါ်တော့ဘဲ ရေညှိမျ
အထပ်ထပ်ကပ်နေကြသည်။

အချို့ဆိုလျှင် အမိုးအကာများပင် မရှိကြတော့ပေ။

ပင်လယ်အတွင်း၌ရှိသောကျွန်းများမှာ မိုးရာသီ ကျရော
သည်နှင့် လေမိုးဒဏ်များအပြင် မုန်တိုင်းဒဏ်များကိုပါ ခံကြရပေ
အဆောက်အအုံများမှာ ပျက်စီးယိုယွင်းမှုများလေသည်။ အင်္ဂလိ
များ ထိုကျွန်းပေါ်တွင် အခြေစိုက်စခန်းအဖြစ် အသုံးပြုကာ စစ်
အတွက် အသုံးပြုခဲ့ကြပေသည်။

ကျွန်းသားများက အဆောက်အအုံဟောင်းတစ်ခုကို စာသ
ကျောင်းအဖြစ်အသုံးပြုကာ ကလေးများကို စာသင်ပေးသည
ဆရာ၊ ဆရာမကို အခြားမှရှာစရာမလိုဘဲ ကျွန်းသူကျွန်းသားထဲ
စာတတ်သူများက ပြန်လည်သင်ပေးခြင်းဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှဖြတ်လျှောက်သွ
သောအခါ ကျောင်းဝန်းထဲမှာ ဆော့ကစားနေကြသော ကလေးမျ





က အော်ဟစ်နှုတ်ဆက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ပြန်လည်နှုတ်ဆက်ကာ ကျောင်းနှင့်ကလေးများကို ဓာတ်ပုံရိုက်ထားလိုက်လေသည်။

သူသည် ထိုနေရာမှထွက်လာသောအခါ ကျွန်း၏တောင်ဘက်ခြမ်းရှိ ဝက်သစ်ချပင်ကြီးရှိရာဘက်သို့ လာခဲ့လေသည်။

တောင်ကုန်းအောက်ဘက်သို့ရောက်သောအခါ လေဒဏ်ကြောင့် တအိအိယိမ်းနွဲ့နေသည့် ဝက်သစ်ချပင်ကြီးကို လှမ်းမြင်ရသဖြင့် အပေါ်သို့ တဖြည်းဖြည်းတက်လာခဲ့လေသည်။

တောင်ကုန်းပေါ်သို့ရောက်သောအခါ တံခါးပိတ်ထားသောအိမ်ကို ဓာတ်ပုံရိုက်သည်။

ဝက်သစ်ချပင်ကြီးပင်စည်တွင်းထားသော မြနှင်းဖြူ၊ မြသင်းကြူ စာလုံးများကို ဓာတ်ပုံရိုက်သည်။

ထို့နောက် နောက်ဘက်အတော်ဝေးဝေးသို့ဆုတ်ကာ ဒန်းနှင့်ဝက်သစ်ချပင်ကြီးကိုဓာတ်ပုံရိုက်ရန် ကင်မရာကိုချိန်လိုက်သည်။

ထိုသို့ချိန်လိုက်သောအခါမှ ကင်မရာမြင်ကွင်းထဲမှာ မိန်းကလေးတစ်ယောက်၏ပုံရိပ်တစ်ခုပေါ်လာသည်။

"ဟင် ..."

မှန်ဘီလူးထဲမှာတွေ့လိုက်ရသောမိန်းကလေးမှာ အခြားမဟုတ်ပေ၊ တစ်ခါက လှအချိန်တွင်တွေ့လိုက်ရသည့်မိန်းကလေးပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ကင်မရာခလုတ်ကို မနှိပ်သေးဘဲ ဖယ်ကြည့်လိုက်သည်။

ထိုသို့ ကင်မရာကို ဖယ်ကြည့်လိုက်သောအခါ ဝက်သစ်ချပင် အောက်၌ ဘယ်သူမှမတွေ့ရပေ။

စိတ်ထဲမှာ မသင်္ကာသဖြင့် ကင်မရာဖြင့်ချိန်ကြည့်သောအခါ စောစောကနေရာမှာပင် မိန်းကလေးကို တွေ့ရပြန်သည်။ မိန်းကလေး မှာ တစ်ခါကတွေ့ရစဉ်ကဝတ်ထားသော အဖြူရောင်အဝတ်များကို ပင် ဝတ်ထားလေသည်။

နောက်တစ်ခါ ကင်မရာဖယ်ကြည့်တော့ မတွေ့ရပြန်ပေ။ ဒီ တစ်ကြိမ်တော့ ရိုက်ယူထားလိုက်မည်ဟုစိတ်ကူးကာ ကင်မရာနှင့် ထပ်ချိန်တော့ ဝက်သစ်ချပင်ကြီးကိုသာတွေ့ရပြီး အခြား ဘာမှ မတွေ့ရတော့ပေ။ ဒေါက်တာမင်းထင်ကျော်က ဇဝေဇဝါနှင့် ဟိုဟို ဒီဒီလိုက်ကြည့်ပြန်တော့ ဘယ်သူမှမတွေ့ရပေ။

သို့ကြောင့် ဝက်သစ်ချပင်ကြီးကိုသာ ရိုက်ယူတော့မည်ဟု စိတ်ဆုံးဖြတ်ကာ ကင်မရာဖြင့်ချိန်လိုက်သောအခါ မြင်ကွင်းထဲမှာ မိန်းကလေးပုံရိပ်က ထပ်ပေါ်လာပြန်သဖြင့် တွေတွေထူးထူးစဉ်းစား မနေတော့ဘဲ ကင်မရာခလုတ်ကို နှိပ်ချလိုက်သည်။

ထိုသို့ရိုက်ပြီးမှ ကင်မရာဖယ်ပြီးကြည့်လိုက်သောအခါ ဝက် သစ်ချပင်အောက်၌ မြနှင်းဖြူဆိုသောမိန်းကလေး ရပ်နေသည်ကို တွေ့ရလေသည်။





ဒီတစ်ကြိမ်တော့ ဘယ်လိုမှ မျက်စိမှားစရာအကြောင်း မရှိ တော့ပေ။ မိန်းကလေးမှာ (၁၈)နှစ်အရွယ်ခန့်ရှိပြီး အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည်နှင့်ဖြစ်သည်။

ရှည်လျားသောဆံပင်များကို ကျောဘက်၌ဖြန့်ချထားသည်။ မျက်နှာက ချောမောလှပပြီး စောဒေဝီနှင့် အတော်ကလေးတူလေ သည်။

သူမသည် လက်ကလေးနှစ်ဖက်ကိုပွတ်သပ်ကာ ဒေါက်တာ မင်းထင်ကျော်ရှိရာသို့ လှမ်းကြည့်နေသည်။

ဒီတစ်ကြိမ်မှာတော့ ကင်မရာထဲမှာတွေ့မြင်ရခြင်းမဟုတ်ဘဲ အပြင်မှာတွေ့နေရခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ကင်မရာကို ပခုံးမှာလွယ်လိုက်ပြီး သူမရှိရာသို့ လျှောက်သွားလေသည်။

သူ အနားရောက်သွားသည့်တိုင် မိန်းကလေးမှာ စိုးရွံ့တုန်လှုပ် သောမျက်နှာလေးဖြင့် မျက်တောင်မခတ်စိုက်ကြည့်ကာ နေရာ၌ ရပ်မြဲရပ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ဒီတစ်ကြိမ်မှာတော့ မိန်းကလေး မျက်နှာကို အသေအချာကြည့်ခွင့်ရလေသည်။

မိန်းကလေးမျက်နှာမှာ သေဆုံးသွားပြီးသော စောဒေဝီမျက်နှာ နှင့် တစ်ထေရာတည်းတူလေသည်။

သူမမှာ ဒေါက်တာမင်းထင်ကျော်ကို မော့ကြည့်နေရင်း ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာပျော်ရွှင်မှုနှင့် ကြေကွဲဝမ်းနည်းမှုများကို တစ်ပြိုင်တည်းခံစားနေရဟန်ရှိသည်။

မျက်ဝန်းထဲတွင် မျက်ရည်ကြည်ကလေးများ ရစ်ဝဲလျက်ရှိနေပြီး နှုတ်ခမ်းကလေးများက တဆတ်ဆတ်တုန်နေရှာသည်။

ဒေါက်တာမင်းထင်ကျော်က ပြုံး၍နှုတ်ဆက်လိုက်သော်လည်း မျက်လုံးအပြူးသားဖြင့်ကြည့်နေဆဲဖြစ်သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ထိုသို့မေးတော့မှ ပိုမိုတုန်လှုပ်သွားဟန်ရှိပြီး တအင်အင်တအာအာနှင့် လက်နှစ်ဖက်ကို ပိုမိုပွတ်သပ်နေတော့သည်။

"မင်းနာမည်က မြနှင်းဖြူ မဟုတ်လား"

သို့တိုင်အောင် ဘာဟာတစ်ခွန်းမှပြန်မပြောဘဲမော့ကြည့်မြဲကြည့်နေသည်။

သူမ အမူအရာမှာ ဒေါက်တာမင်းထင်ကျော်ကို တစ်စုံတစ်ခုပြန်ပြောလိုဟန်ရှိသော်လည်း ပါးစပ်က အသံ လုံးဝထွက်မလာခဲ့ပေ။

ထိုအခိုက်မှာပင် ဝက်သစ်ချပင်ကြီးနောက်ဘက်မှ အမျိုးသမီးတစ်ယောက်ထွက်လာသည်။

သူမသည် အသက်သုံးဆယ်အရွယ်ခန့်ရှိပြီး ကျွန်းသူကျွန်းသားများနှင့်မတူဘဲ အဝတ်အစားကို သေသပ်စွာဝတ်ဆင်ထားသည်။

ဒေါက်တာမင်းထင်ကျော်က မမြင်ဖူးသော်လည်း သူမက သိကျွမ်းနေသူပမာ ပြုံးပြလေသည်။





"ကျွန်မက ဒီကျွန်းပေါ်ကကလေးတွေကို စာသင်ပေးနေတဲ့ ဆရာမတစ်ယောက်ပါ။ နာမည်က စတယ်လာလို့ ခေါ်ပါတယ်"

ဟု နာမည်ပြောကာ မိတ်ဆက်လေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ၊ ကျွန်တော့်နာမည်က မင်းထင်ကျော် လို့ခေါ်ပါတယ်၊ ဒီကျွန်းတစ်ဝိုက်မှာ သုတေသနလုပ်ရောက်တာ တစ်ခေါက်နှစ်ခေါက်ရှိပါပြီ"

"ဆရာ့ကို ကျွန်မ ကောင်းကောင်းသိပါတယ်"

ထိုစကားကြောင့် နည်းနည်းတော့ အံ့သြသွားသည်။

"ကျွန်တော်တို့ချင်းက အခုမှတွေ့ဖူးကြတာ ဘယ်လိုများသိနေသလဲလို့"

"မြနှင်းဖြူနဲ့ပတ်သက်ပြီး သိနေတာပါ"

"မြနှင်းဖြူ ဆိုတာ ..."

"အခု ဆရာ့ရှေ့မှာရပ်နေတဲ့မိန်းကလေးပါ"

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူကို တစ်ချက်ကြည့်လိုက်လေသည်။

မြနှင်းဖြူ ဆိုသော မိန်းကလေးကတော့ ထုံးစံအတိုင်း မျက်လုံးဝိုင်းသားလေးနှင့်မော့ကြည့်နေသည်။

"သူနဲ့ ဘယ်လိုများပတ်သက်ပြီး သိတာပါလိမ့်"

"မြနှင်းဖြူက ဆရာ့ကို ကောင်းကောင်းသိနေပါတယ်။ အခုလဲဆရာ ကျောင်းရှေ့ကဖြတ်သွားတာကိုမြင်လိုက်လို့ ကျွန်မကို လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ပြောတာနဲ့ လိုက်ပို့ပေးရတာပါ၊ ဆရာကလဲ သူ့ကို သိနေတ
မဟုတ်လား"

"ဟုတ်... ဟုတ် သိပါတယ်"

ဒေါက်တာမင်းထင်ကျော်က ရောယောင်ပြီး ခေါင်းညိ
လိုက်ရာ စတယ်လာ ဆိုသော အမျိုးသမီးက တစ်ချက်ပြုံးလို
လေသည်။

"သူက စကားမပြောတတ်ဘူးလားဟင်"

စတယ်လာ က ခေါင်းညိတ်ပြသည်။

"မြနှင်းဖြူ က စကားမပြောတတ်တာတော့မဟုတ်ပ
စကားမပြောတာပါ"

"ဟင် ... ဘယ်လိုအစ်ပွာယ်လဲဟင်"

"သူပြောချင်တဲ့အချိန်တော့ တစ်ခါတလေကျရင် ပြောပါတ
ါပေမယ့် အချိန်အတော်များများတော့ စကားမပြောပါဘူး"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က စိတ်မကော
စွာဖြင့် မြနှင်းဖြူမျက်နှာလေးကို တစ်ချက်ကြည့်လိုက်ရာ သူ
မျက်ရည်အဝိုင်းသားနှင့် ပြန်ကြည့်နေလေသည်။ တဆတ်ဆတ
ယင်နေသော နှုတ်ခမ်းသားလေးများကတော့ အသံမပါသောစ
လုံးပေါင်းများစွာတို့ကို ပြောနေသယောင်ရှိလေသည်။

"ဆရာမက သူနဲ့အတူနေတာဆိုတော့ သူနဲ့ပတ်သက
အကြောင်းအတော်များများကို သိမှာပေါ့၊ ကျွန်တော့်ကို ဆရာ





တာလေးတွေကို ပြန်ပြောပြပါလား"

ထိုစကားကြားသောအခါ စတယ်လာ က သက်ပြင်းတစ်ချက်
ချလိုက်ပြီး တစ်မျှော်တစ်ခေါ် လှမ်းမြင်နေရသော ပင်လယ်ပြင်ရှိရာ
ဘက်သို့ မျှော်ကြည့်နေသည်။

အတန်ကြာတော့မှ စကားစ,သည်။

"မြနှင်းဖြူလေးရဲ့ဘဝက ငယ်စဉ်ကတည်းက အတော်ကလေး
ကံဆိုးမိုးမှောင်ကျခဲ့တယ်လို့ပြောရမှာပဲ။ သူက အဘိုးဖြစ်တဲ့သူနဲ့
နေရရှာတယ်"

"သူ့မှာ မိဘတွေ မရှိကြတော့ဘူးလား"

"မရှိကြတော့ပါဘူး၊ သူ ငယ်ငယ်လေးကတည်းက ပင်လယ်
ထွက်ရင်း သေဆုံးသွားကြတယ်၊ သူ နှစ်နှစ်ကျော်အရွယ်လောက်
ကတည်းက မိဘတွေဆုံးသွားတော့ အဘိုးဖြစ်တဲ့သူက ခေါ်ပြီး
ကျွေးမွေးစောင့်ရှောက်ခဲ့ရတယ်"

"စိတ်မကောင်းစရာပဲ၊ သူက ငယ်ငယ်ကတည်းက စကား
မပြောတာလား"

"ငယ်ငယ်ကတော့ ပြောပါတယ်၊ သူ့မိဘနှစ်ယောက်စလုံး
ပင်လယ်ထဲမှာ သေဆုံးသွားပြီးတဲ့နောက်မှာသာ စကားမပြောတော့
တာပါ။ မိဘတွေမရှိတော့တဲ့နောက်ပိုင်း အဘိုးဖြစ်တဲ့သူကတည်း
နေ့ရောညပါ အရက်မူးအောင်သောက်နေတော့ သူ့ကိုလုံးလုံး
မကြည့်အားပါဘူး၊ ဒါကြောင့် ကျွန်မကပဲ သူ့ကို စာသင်ပေးရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုစောင့်ရှောက်ပေးခဲ့ရတယ်ဆိုပါတော့ ဆရာရယ်"

"သူက ဆရာမနဲ့အနေများတော့ သူနဲ့ပတ်သက်တဲ့ ထူးခြားမှုများရှိရင် ကျွန်တော့်ကို ပြောပြပါလား"

"မြနှင်းဖြူနဲ့ပတ်သက်တဲ့ ထူးခြားမှုတွေကတော့ အများကြီးရှိပါတယ်။ တစ်ခါက သူ့အဘိုးနဲ့ ပင်လယ်ထွက်သွားကြတာ မုန်တိုင်းမိပြီး ပင်လယ်ထဲမှာ လှေနစ်သွားခဲ့တယ်။ သူက ငယ်ငယ်ကလေးပဲ ရှိသေးတယ်၊ ရေတောင်မကူးတတ်သေးပါဘူး"

"ဟုတ်ကဲ့"

"မုန်တိုင်းတိုက်နေတဲ့အချိန်ဆိုတော့ အဘိုးကလဲ သူ့ကိုမရှာနိုင်တော့ဘဲ အသက်လုပြီး ကမ်းခြေရောက်အောင်ပြန်ခဲ့ရတယ်၊ သူ့မြေးကိုတော့ ပင်လယ်ပြင်မှာသေပြီလို့ထင်နေတာပေါ့၊ ဒါပေမယ့် သူ အိမ်ပြန်ရောက်တဲ့အချိန်မှာ မြနှင်းဖြူက အိမ်ရှေ့မှာရှိတဲ့ ဝက်သစ်ချပင်ကြီးအောက်မှာ အိပ်နေတာကို တွေ့ရတယ်"

"အံ့သြစရာပဲ"

"အဲဒီလို အသက်အန္တရာယ်နဲ့တွေ့ပြီးမှ လွတ်ခဲ့တဲ့အကြိမ်ပေါင်းက မနည်းတော့ဘူး။ သူက တခြားလူတွေနဲ့သာစကားမပြောတာပါ၊ တစ်ယောက်တည်းနေတဲ့အခါမှာတော့ ပြုံးလိုက်ရယ်လိုက်နဲ့ စကားပြောပါတယ်"

"ဘယ်သူနဲ့ပြောတာလဲဟင်"

"ကျွန်မတို့လဲ မမြင်ရတော့ မသိပါဘူး။ နတ်ဆရာကတော့ သူ့





ဆီ မကောင်းဆိုးဝါးတစ်ကောင်ကောင်နဲ့ ဝိညာဉ်ချင်းဆက်သွယ်မှု ရှိတယ်လို့ ပြောဖူးတယ်၊ သူ့ဆီမှာ အစွဲလာချွတ်ဖို့လဲပြောတယ်၊ ဒါပေမယ့် သူ့အဘိုးက လက်မခံခဲ့ဘူး။ နတ်ဆရာကတော့ မြနှင်းဖြူဆီ မကောင်းဆိုးဝါးကပ်နေတဲ့ မိန်းကလေးလို့ သတ်မှတ်ထားတယ်"

"သူထင်တဲ့အတိုင်းတော့ ဟုတ်ချင်မှဟုတ်မှာပါ"

"ဒါ့အပြင် လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က ထူးထူးခြားခြား ကိုက်ဆိုင်မှုတစ်ခုနဲ့လဲ ကြုံခဲ့ဖူးသေးတယ်"

"ဘယ်လိုမျိုးပါလိမ့်"

"သူက စာသင်နေရင်းနဲ့ ကျောက်သင်ပုန်းပေါ်မှာ အရုပ်တွေ ရေးပြတယ်၊ သူ ရေးပြတဲ့ပုံတွေထဲမှာ သင်္ဘောရုပ်တွေ၊ ပင်လယ်နဲ့ မီးတောင်အရုပ်တွေပါတယ်၊ ကျွန်မလဲ အဓိပ္ပာယ်မသိတော့ အမှုမဲ့ အမှတ်မဲ့နဲ့ပဲ နေခဲ့တယ်၊ သိပ်မကြာဘူး ရေအောက်မီးတောင်တစ်လုံး ပေါက်ကွဲပြီး သင်္ဘောတစ်စင်း ပျက်စီးသွားခဲ့တယ်"

"အဲဒီသင်္ဘောက ကျွန်တော့်သင်္ဘောပါပဲ"

"ကျွန်မလဲ နောက်တော့မှ ဒီအကြောင်းတွေကိုသိရတာပါ။ အဲဒီနောက်ပိုင်းမှာ သူ ကျွန်မကို ထူးထူးခြားခြားစကားတစ်ခွန်းပြောခဲ့တယ်"

"ဘယ်လိုစကားမျိုးလဲဟင်"

"သူ့ရဲ့အစ်မတစ်ယောက် ဘောဂဝတီကိုပြန်သွားရပြီလို့ ပြောတယ်၊ ကျွန်မလဲ အဓိပ္ပာယ်ကို မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲ
စောဒေဝီကို သတိရမိသဖြင့် ဆို့နင့်ကြေကွဲမှုများ ဖြစ်ပေါ်လာသ
စကားမဆက်တော့ဘဲ ရပ်လိုက်လေသည်။

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ နော
ကိုလဲ မြနှင်းဖြူနဲ့ပတ်သက်လို့ သိချင်တာလေးတွေရှိရင် ကျွန်တေ
လာမေးပါရစေ၊ သူနဲ့ပတ်သက်ပြီး အကူအညီလိုရင်လဲ ပေးပါရ
ကျွန်တော် သွားတော့မယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ မလှမ်းမကမ်းနေရာ၌ရပ်နေသေ
မြနှင်းဖြူကို တစ်ချက်ကြည့်ကာ တောင်ကုန်းအောက်သို့ ပြန်ဆ
လာခဲ့လေသည်။

တောင်ကုန်းအောက်ရောက်တော့မှ အပေါ်သို့ပြန်ကြည့်လို
သောအခါ မြနှင်းဖြူမှာ နေရာ၌ရပ်လျက်သားပင်ရှိနေပြီး သူ့ရှိ
သို့ လှမ်းကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်ရင်ထဲမှာ အလာတုန်းကကဲ့သို့ ကြ
လင်လန်းဆန်းမှုများမရှိတော့ပေ ...။

* * * * *





## အခန်း (၆)

## နှုတ်ဆရာလက်ဝါးပေါ်မှ ကံကြမ္မာများ

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော် စခန်းချနေသောနေရာ
သို့ လူရွယ်တစ်ဦးရောက်လာလေသည်။

၎င်း၏အမည်မှာ နီမောင် ဖြစ်ပြီး အသက်နှစ်ဆယ်ကျော်
ရွယ်ရှိသော ကြံ့ခိုင်သန်မာသည့်လူရွယ်တစ်ဦးဖြစ်သည်။ သူက
ဒေါက်တာမင်းထင်ကျော်နှင့်တွေ့ရန် ရောက်လာခြင်းဖြစ်သည်။

"ဆရာ ကျွန်တော့်နာမည် နီမောင်လို့ခေါ်ပါတယ်၊ ကျွန်တော်
က ဒီကျွန်းသားတစ်ယောက်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ် နီမောင်၊ ဒါထက် မင်းက ဒီမှာ
ဘာအလုပ်လုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ပုလဲငုပ်ပါတယ်၊ ဒါထက် ဆရာတို့က အရင် တစ်ခေါက် ဒီကျွန်းကိုရောက်ခဲ့ဖူးတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟိုတစ်နှစ်က တစ်ခေါက်ရောက်ဖူးပါတယ်"

"ဟင် ... ဒါဖြင့် အဲဒီတုန်းက ဒီကျွန်းတစ်ဝိုက်မှာ ရေအောက်မီး တောင်တစ်လုံး ပေါက်ကွဲခဲ့ဖူးသေးတယ်၊ ဆရာတို့ ကြုံလိုက်သေး သလား"

"ကြုံလိုက်ပါတယ်၊ ကြုံတာမှ တည့်တည့်ကိုကြုံတာ၊ အဲဒီ တုန်းက ဆရာတို့ရဲ့သင်္ဘောတစ်စင်းလုံးတောင် ပျက်စီးသွားခဲ့ပါတယ်"

"စိတ်မကောင်းစရာပဲ၊ အဲဒီအချိန်တုန်းက ကျွန်တော်နဲ့မသိကြ တာ အတော်နှာတယ်"

"ဘာကြောင့်လဲ နီမောင်"

"ကျွန်တော်က ရေအောက်မှာ ပုလဲငုပ်ရင်း မီးတောင်ပေါက်ကွဲ တော့မယ်ဆိုတာ ကြိုတင်ပြီးသိခဲ့ရတယ်၊ ဒါပေမယ့် ဒီကျွန်းက လူ တွေက ကျွန်တော်ပြောတာကို ဘယ်သူမှမယုံကြဘူး၊ လက်မခံကြ ဘူး။ ကျွန်းသူကျွန်းသားတွေက နတ်ဆရာပြောတာကိုမှ ယုံတယ် ကျန်တဲ့လူပြောရင် ယုံကိုမယုံကြဘူး"

"မင်းက ဘယ်လိုများသိတာလဲ"

"ကျွန်တော်က သိပ္ပံပညာတွေ၊ ဂမ္ဘီရပညာတွေ သိတာမဟုတ် ပါဘူး၊ လုပ်ငန်းအတွေ့အကြုံအရ လက်တွေ့သိရတာပါ။ အဲဒီအချိန် က မီးတောင်မပေါက်ကွဲခင် ကျွန်တော် ပုလဲငုပ်ဖို့ အဲဒီနေရာ ရောက်





သွားခဲ့တယ်"

"အဲဒီလိုရောက်တော့ ဘယ်လိုထူးခြားမှုမျိုးတွေ တွေ့ခဲ့ရ သလဲ"

"အဲဒီနားတစ်ဝိုက်မှာ ရေတွေ ထူးထူးခြားခြားဖြစ်ပြီး ရေနွေးလို ပူနေတာတွေ့ရပြီး အဲဒီနားတစ်ဝိုက်မှာရှိကြတဲ့ ရေသတ္တဝါတွေလဲ သေကုန်ကြတာကို မြင်ရတယ်၊ အချို့သတ္တဝါတွေလဲ အဝေးကို ထွက်ပြေးကြတယ်"

"ပြောပါဦး"

"ဘယ်လိုမှ ထွက်ပြေးလို့မရတဲ့ ကမာကောင်တွေဆိုရင် ရေနွေး ပူပူထဲမှာ ပြုတ်ထားသလိုဖြစ်ပြီး သေနေကြတယ်၊ ကျွန်တော်လဲ ရေတွေပူနေတာနဲ့ အနားသိပ်မကပ်နိုင်ပါဘူး၊ အဝေးကပဲ အခြေ အနေကိုကြည့်ရတာပါ။ အဲဒီအချိန်မှာ ရေအောက်မှာရှိတဲ့ မီးတောင် တစ်လုံးဟာ မီးခိုးငွေ့တွေနဲ့ အနယ်အမှုန်တွေ မှုတ်ထုတ်နေတာကို တွေ့ခဲ့ရတာပါပဲ"

"အင်း ... စိတ်ဝင်စားဖို့ကောင်းတဲ့ လေ့လာမှုမျိုးပဲ"

"ဒါတင်မကသေးဘူး ဆရာရဲ့၊ ရေအောက်မှာ လျှင်လွှပ်သလို လိုဏ်ခေါင်းတစ်ခုထဲက ရေနွေးအိုး ဆူပွက်နေတဲ့အသံမျိုးတွေလဲ ကြားရတာနဲ့ ကျွန်တော်လဲ အနားကိုကပ်နိုင်သမျှကပ်ပြီး လေ့လာ ကြည့်ခဲ့တယ်"

ဒေါက်တာမင်းထင်ကျော်က စွန့်စားဝံ့သော နီမောင်၏သတ္တိကို



www.burmeseclassic.com

www.burmeseclassic.com



ချိုးကျူးမိလေသည်။

"မင်းက အဲဒီမီးတောင်ပေါက်ကွဲတော့မှာကို အရင်ဆုံးသိခဲ့ရတာပေါ့"

"အမှန်ပြောရရင်တော့ အဲဒီအချိန်ကတော့ ထူးထူးခြားခြား အခြေအနေတစ်ခုကို တွေ့တာနဲ့ စိတ်ဝင်စားလို့ ကြည့်နေခဲ့တာပါ။ မီးတောင်ပေါက်ကွဲတော့မယ်မှန်းတော့မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ မီးတောင်ပေါက်ကွဲတာကို ကျွန်တော့်တစ်သက်မှာ မမြင်ဖူးသေးပါဘူး။ လူကြီးသူမတွေပြောသံသာ ကြားဖူးတာပါ"

နီမောင်က အရိုးခံအတိုင်း ပြောလေသည်။

"ဒီတော့ မင်း ဘယ်လိုဆက်လုပ်သလဲ"

"ကျွန်တော်လဲ အဲဒီနားတစ်ဝိုက်မှာ ကြာကြာမနေနိုင်တာနဲ့ ကမ်းပေါ်ပြန်တက်ခဲ့ရတယ်။ ရွာပြန်ရောက်တော့ ရွာလူကြီးနဲ့ ရွာသူရွာသားတွေကို ဒီအကြောင်းတွေကို ပြန်ပြောပြလိုက်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပြောတာကို ဘယ်သူကမှ မယုံကြည်ကြပါဘူး။ ပင်လယ်ထဲက ပင်လယ်စုန်း ပူးကပ်လာတယ်လို့တောင် စွပ်စွဲကြပါသေးတယ်"

ဝိညာဉ်ဖြူကျွန်းပေါ်မှာနေကြသူ အတော်များများမှာ အသိပညာမကြွယ်ဝသည့်အပြင် အကြောင်းတစ်ခုပေါ်လာလျှင် ရှေးဟောင်းအယူအဆများကိုသာ အယူစွဲလေ့ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက်ချလိုက်လေ





ည်။

နီမောင်က ဆက်ပြောသည်။

"အဲဒီအချိန်တုန်းက ကျွန်တော်ပြောတာကို မယုံလို့ အဲဒီနားဝိုက်မှာ ငါးရှာဖို့သွားတဲ့လူတွေ မီးတောင်ပေါက်ကွဲတာနဲ့ကြုံပြီး ဘာ်သေကြသေးတယ်"

"စိတ်မကောင်းစရာပါပဲ၊ အဲဒီတုန်းက ဆရာတို့လဲ သင်္ဘော င်းပါသွားတယ်၊ လူအချို့လဲ သေသွားကြတယ်၊ မင်းနဲ့သာ အခု တောစောစီးစီးတွေ့ရရင်တော့ အခုလိုဖြစ်ချင်မှဖြစ်မှာပေါ့။ ဒါ ် မင်း အခုလာတဲ့ကိစ္စက ဘာများလဲ"

"တခြားတော့မဟုတ်ပါဘူး။ ဆရာ ... ဆရာ့ကို ပြောစရာရှိနေ ပါ"

"ပြောပါ"

"တခြားတော့မဟုတ်ပါဘူး။ အရင်တစ်ခါတွေ့ရတဲ့ အခြေနေမျိုး ထပ်တွေ့နေရလို့ပါ"

"ဟင် ..."

ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားမိသည်။

"ဘယ်... ဘယ်နေရာမှာတွေ့တာလဲ"

"ဒီတစ်ခါတွေ့တာ ဝေးဝေးလံလံနေရာမှာမဟုတ်ပါဘူး။ ဝိညာဉ် ကျွန်းကြီးတစ်ဝိုက်မှာပါပဲ"

ဒေါက်တာမင်းထင်ကျော်က စိတ်လှုပ်ရှားစွာဖြင့် နီမောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုကြည့်လိုက်သည်။

"ဒီစကား အမှန်ပဲလား နီမောင်"

"အမှန်ပါပဲ၊ ဝိညာဉ်ဖြူကျွန်းကြီးအောက်တည့်တည့်မှ မီးတောင်ဟောင်းကြီးတစ်လုံးရှိပါတယ်၊ ဒီကျွန်းကြီးရှိနေတာ မီးတောင်အဝရဲ့တည့်တည့်မှာပါပဲ"

"ဟင် ..."

"ဒီအကြောင်းတွေကို ဒီကျွန်းပေါ်မှာရှိတဲ့ လူတွေ အတော်များများ မသိကြပါဘူး၊ သိတဲ့လူတွေကလဲ မီးတောင်ထိပ်ဝပေါ်မှာ ကျွန်းကြီးရှိနေတဲ့ကိစ္စကို စိတ်မဝင်စားကြပါဘူး၊ သူတို့အတွက်က ဝမ်းရဖို့အတွက်ပဲ အရေးတကြီးလုပ်နေကြရတာပါ"

"မင်းက ဘယ်လိုတွေ့ခဲ့တာလဲ"

"တစ်လောက ငလျင် တစ်ကြိမ်နှစ်ကြိမ် လှုပ်သေးတယ်၊ နောက်ပြီး ရေအောက်ကလဲ ဆူဆူညံညံအသံတွေကြားနေရသလို"

"ဘယ်လိုအသံမျိုးတွေလဲ"

"ထမင်းအိုး ဆူပွက်နေတဲ့အသံမျိုးတွေလိုလို၊ မီးပုံပေါ် ရေနွေးလောင်းချလိုက်လို့ မီးတောက်ထနေတဲ့အသံမျိုးတွေ ကြားနေရတယ်၊ အဲဒါနဲ့ စိတ်ထဲမှာမသင်္ကာတာနဲ့ ရေအောက်ဆင်းကြည့်သေးတယ်"

"ဘယ်လိုထူးခြားမှုတွေတွေ့ခဲ့သလဲ"

"အခုအခြေအနေကတော့ သိပ်ပြီးထူးထူးခြားခြားမတွေ့





သေးပါဘူး၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ မကြာခင်မှာ တစ်ခုခုဖြစ်တော့မယ်လို့ ထင်နေတယ်"

နီမောင်က သူ့ထင်မြင်ချက်ကို ပြောပြသည်။

"ဒါဖြင့် ဆရာတို့အနေနဲ့ ဘယ်လိုအကူအညီပေးရမလဲ"

"ဆရာတို့က သုတေသနလုပ်ငန်းတွေလုပ်နေတာဆိုတော့ ကျွန်တော်ထင်တာ ဟုတ်၊မဟုတ် အခြေအနေ ကြည့်ပေးစေချင်လို့ပါ"

"ကောင်းပါပြီ၊ တတ်နိုင်သမျှ လေ့လာကြည့်ပေးပါ့မယ်၊ မင်းအနေနဲ့လဲ နောက်ထပ်ထူးခြားမှုတွေရှိရင် လာပြောပြပါဦး မောင်နီမောင်"

"ဟုတ်ကဲ့ လာခဲ့ပါ့မယ်။ ခက်တာက ဒီကျွန်းကလူတွေက အားလုံး တစ်ယူသန်တွေချည်းပဲ၊ သူတို့က တခြားလူ ဘယ်လောက်ပြောပြော မယုံကြဘူး၊ နတ်ဆရာပြောတာပဲ ယုံကြည်ကြတယ်၊ နတ်ဆရာက မရွှေ့ခိုင်းမချင်း ဒီကျွန်းပေါ်က တစ်လက်မတောင် ရွှေ့ကြမှာမဟုတ်ဘူး၊ သေကာမှသေရော နေကြမှာပဲ"

"ဒါထက် နတ်ဆရာက ဘယ်မှာနေတာလဲ"

"တောင်ကုန်းပေါ်မှာရှိတဲ့ ရဲတိုက်[illegible]ကြီးထဲမှာ"

"ငါ အဲဒီ[illegible]ရာကိုသွားချ[illegible]ယ်၊ မင်း လိုက်ခဲ့ပေးမလား"

"ဆရာ သွားချင်တယ်ဆိုရင်တော့ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ဒါပေ[illegible] အထဲကိုတော့ မဝင်ချင်ဘူး၊ သူတို့က ကျွန်တော့်ကို မြင်ရင်တစ်မျိုး[illegible]ကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဖြင့်လဲ အခုပဲသွားကြရအောင်"

ဒေါက်တာမင်းထင်ကျော်က ကင်မရာကိုလွယ်ပြီး နီမောင်နှင့်အတူ ထွက်လာကြလေသည်။

ဝိညာဉ်ဖြူကျွန်းမှာ ပင်လယ်ရေပြင်များ ပတ်လည်ဝိုင်းနေသော ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။

သစ်တောအုပ်များ၊ တောင်တန်းတောင်ကုန်းများရှိသည်ဆိုသော်လည်း အကယ်၍သာ တစ်စုံတစ်ခုအကြောင်းကြောင့် ရေအောက်သို့နစ်မြုပ်သွားပါက ပြေးစရာ မြေမရှိသောနေရာပင်ဖြစ်သည်။

နတ်ဆရာနေသော ရဲတိုက်ဟောင်းကြီးမှာ ပင်လယ်ဘက်သို့ ထိုးထွက်နေသည့်တောင်ကုန်းတစ်ကုန်းပေါ်မှာ ရှိလေသည်။ ဒေါက်တာမင်းထင်ကျော်က အဝေးမှလှမ်းမြင်နေရသောရဲတိုက်ဟောင်းကြီးအား ဓာတ်ပုံရိုက်ယူလေသည်။

သူ အပေါ်တက်လာသောအခါ နီမောင်က တောင်ကုန်းအောက်ဘက်မှာပင် စောင့်နေခဲ့လေသည်။

အင်္ဂလိပ်များရှိစဉ်က ထိုနေရာကို အခိုင်အခံ့ပြုလုပ်ထားကြလေသည်။ ကျောက်ပြားများဖြင့် ပြုလုပ်ထားသော လှေကားထစ်များမှာ ကျယ်ဝန်းလှသည်။ သို့သော် နံဘေးတစ်ဖက်တစ်ချက်မှာတော့ ချုံနွယ်ပိတ်ပေါင်း များက ဖုံးအုပ်နေသည်။

ရဲတိုက်ကြီးမှာ တောင်ကုန်းထိပ်ပေါ်မှာရှိပြီး ၎င်း၏အနောက်ဘက်မှာတော့ မြင့်မားလှသော ဝိညာဉ်ဖြူတောင်ကြီး စီးမိုးထား





လေသည်။

ရဲတိုက်ကြီးမှာ ရေတပ်စခန်းတစ်ခုအဖြစ် အသုံးပြုခဲ့ဟန်ရှိပြီး ကျောက်ပြားချပ်ကြီးများ၊ ရှည်လျားသောအုတ်ချပ်ကြီးများဖြင့် အခိုင်အခံ့ဆောက်လုပ်ထားလေသည်။ ဝင်ပေါက်တံခါးချပ်ကြီးကို ဖွင့်ထားသဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုအပေါက်မှ အတွင်းသို့ ဝင်သွားလေသည်။ အတွင်းမှာလည်း အတော်ကျယ်ဝန်းပြီး ကြီးမားသောတိုင်လုံးကြီးများ၊ အခန်းများ၊ အဆောင်များရှိသည်။ အတွင်းမှာတော့ လူရိပ်လူခြည် မမြင်ရပေ။

ဒေါက်တာမင်းထင်ကျော်က အတွင်းမှ နေရာအတော်များများကို ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူလေသည်။ ထိုအခိုက်မှာပင် တိုင်ကွယ်တစ်နေရာမှ လူကြီးတစ်ယောက် ထွက်လာလေသည်။

"ဘာကိစ္စရှိလို့လဲ"

ဝတ်ရုံအနက်ကို ဝတ်ဆင်ထားသော ထိုလူကြီးက အသံသြသြကြီးဖြင့် မေးလိုက်သည်။

"နတ်ဆရာနဲ့တွေ့ချင်လို့ပါ"

"ဘာကိစ္စရှိလို့လဲ"

"ပြောစရာစကားရှိလို့ပါ"

"တော်ရုံကိစ္စဆိုရင် ကျုပ်ကိုပြောရင် ရတယ်၊ ကျုပ်က ဆရာကြီးရဲ့လက်ထောက်ပဲ"

"နတ်ဆရာနဲ့တွေ့မှ ဖြစ်မှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်မန်နေဂျာက ဒေါက်တာမင်းထင်ကျော်အား အကဲခတ်သလို တစ်ချက်ကြည့်သည်။

"ဘယ်ကလာတာလဲ"

"မြန်မာပြည်ကပါပဲ"

ဒေါက်တာမင်းထင်ကျော်က စိတ်မပါသလိုပြောရင်း အတွင်းဘက်သို့ လှမ်းကြည့်လိုက်တော့ လူရိပ်လိုလိုလှမ်းမြင်ရသည်။

"ဆရာကြီး အတွင်းမှာရှိတယ်၊ ဝင်သွားပါ"

ဟု ပြောသဖြင့် အတွင်းသို့ဝင်လာခဲ့သည်။ အင်္ဂလိပ်များ တည်ဆောက်ခဲ့သော အဆောက်အအုံမို့ ထုထည်ကြီးမားပြီး မှန်ချပ်ကြီးများကာရံထားသောအခန်းကျယ်ကြီးများရှိသည်။

အရှေ့ဘက်ရှိ အခန်းနံရံပေါ်မှာတော့ မှန်ချပ်ပေါ်တွင် ရောင်စုံမှန်ချပ်များဖြင့် ယေရှုခရစ်တော်ပုံကို ပုံဖော်ထားသည်။ ဒေါက်တာမင်းထင်ကျော်က ထိုအရာများကို ဓာတ်ပုံရိုက်ယူပြီးနောက် အတွင်းသို့ဆက်ဝင်လာသည်။

အခန်းကျယ်တစ်ခုအတွင်းသို့ရောက်သောအခါ အခန်းတွင်းမှ လူကြီးတစ်ယောက် ထွက်လာလေသည်။ ၎င်းမှာ အသားညိုညို အရပ်မြင့်မြင့်နှင့်ဖြစ်ပြီး ဝတ်ရုံနက်ကြီးကို ဝတ်ဆင်ထားလေသည်။

သူက ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အနီးသို့ လျှောက်လာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"





"ကျွန်တော်က ဧည့်သည်တစ်ယောက်ပါ၊ ဒီက နတ်ဆရာကြီးတွေ့ချင်လို့လာတာပါ"

နတ်ဆရာက...

"စမုန်ထန် ဆိုတာ ကျုပ်ပါပဲ"

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

နတ်ဆရာက ခေါင်းညိတ်ပြသည်။

"ဒီကိုလာတာ ကိစ္စရှိလို့လား"

"ဟုတ်ကဲ့၊ ပြောစရာရှိလို့လာခဲ့တာပါ"

"ပြောပါ"

"ကျွန်တော်တို့က ဒီကျွန်းတစ်ဝိုက်မှာ ရေအောက်သုတေသနငန်းတွေလုပ်ရင်း ထူးခြားမှုတွေ တွေ့ရလို့ လာပြောတာပါ"

"ဘယ်လိုထူးခြားမှုလဲ"

"ဝိညာဉ်ဖြူကျွန်းရဲ့အောက်တည့်တည့်မှာရှိတဲ့ မီးတောင်ဆောင်း တစ်လုံး အသက်ဝင်နေတာတွေ့ရပါတယ်။ ဒီအတိုင်းဆိုရင် ကြာခင်မှာ ပေါက်ကွဲလာနိုင်ပါတယ်။ အဲဒီလိုပေါက်ကွဲလာရင် ်ကြီးတစ်ကျွန်းလုံး အစိတ်စိတ်အမွှာမွှာဖြစ်သွားနိုင်ပါတယ်"

ထိုစကားကြားသောအခါ နတ်ဆရာက ပြုံးနေသည်။

"ဒီပင်လယ်ရေပြင်တစ်ဝိုက်မှာ မီးတောင်ဟောင်းတွေရှိတယ်ဘာလဲ မှန်တယ်၊ မကြာခဏ မီးတောင်တွေ ပေါက်ကွဲတတ်တာဖြစ်တတ်ပါတယ်၊ ဒါပေမယ့် ဒီကျွန်းမှာတော့ ဒီလိုအန္တရာယ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ လုံးဝမဖြစ်နိုင်ပါဘူး"

"လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က မီးတောင်ပေါက်
တစ်ခုဖြစ်ခဲ့ဖူးသေးတယ်မဟုတ်လား"

"မှန်ပါတယ်၊ ဒီလိုဖြစ်ရတာကလဲ ဒီမှာရှိတဲ့ ဝိညာဉ်တေ
သားတွေ မကျေနပ်လို့ဖြစ်ရတာပါ၊ ဒီကျွန်းမှာတော့ မဖြစ်နိုင်ပါ

"ဘာကြောင့်လဲ"

"ဒီကျွန်းက သာမန်ကျွန်းမဟုတ်ဘူး၊ နာမည်နဲ့လိုက်အေ
ဝိညာဉ်တွေအများကြီးရှိတဲ့ကျွန်းပဲ၊ ဒီကျွန်းမှာနေကြတဲ့ ကျွ
ကျွန်းသားတွေကလဲ ဒီမှာရှိတဲ့နတ်တွေ၊ ဝိညာဉ်တွေ ကျေနပ်အေ
ပူဇော်ပသမှုတွေ လုပ်ပေးကြတယ်၊ ဒါကြောင့် ဘေးအန္တရာယ်
တွေ မကျရောက်အောင် သူတို့က ကာကွယ်စောင့်ရှောက်ပေ
တော့ ဒီလိုအန္တရာယ်မျိုး မဖြစ်နိုင်ပါဘူး"

ဒေါက်တာမင်းထင်ကျော်က ဘေးအန္တရာယ်ကြီးလှသော
ဆရာ၏ အယူအဆအပေါ် စိုးရိမ်ပူပန်မှုဖြစ်မိသွားသည်။

"သဘာဝဘေးအန္တရာယ်ဆိုတာ နတ်နဲ့ဝိညာဉ်တွေက ဖြေ
လဲပစ်လို့ရနိုင်ပါသလား"

"ရနိုင်ပါတယ်၊ မောင်ရင် မယုံရင် စောင့်ကြည့်ပါ၊ ကျုပ်ရှိ
ဒီကျွန်းမှာ ဘာမှမဖြစ်နိုင်ပါဘူး၊ မောင်ရင်လိုပဲ မီးတောင်ပေါ
မယ့်အကြောင်းကို ပြောနိုင်တဲ့လူတစ်ယောက်ရှိသေးတယ်"

"ဘယ်သူလဲ"





"သူ့နာမည်က မြနှင်းဖြူ ဆိုလားပဲ၊ သူက စကားလဲမပြော
တတ်ဘူး၊ စိတ်လဲမနှံ့ရှာဘူး၊ အရင်တစ်ခါတုန်းကလဲ မီးတောင်
ပေါက်ကွဲတော့မယ့်အကြောင်းကို သူ လိုက်ပြောခဲ့ဖူးသေးတယ်"

"အဲဒီတုန်းက သူ ပြောခဲ့ပြီး မီးတောင်တစ်လုံး ပေါက်ကွဲခဲ့ဖူး
သေးတယ်မဟုတ်လား"

ထိုစကားကြောင့် နတ်ဆရာမှာ မျက်နှာကွက်ခနဲပျက်သွား
သည်။

"မောင်ရင်က ဘယ်လိုသိနေတာလဲ"

"အဲဒီမီးတောင် ပေါက်ကွဲတုန်းက ဒီကျွန်းမှာ ကျွန်တော်ကိုယ်
တိုင်ရှိနေတာပဲ"

ထိုအခါမှ နတ်ဆရာက အရေးမကြီးသောအမူအရာဖြင့် စကား
ကို လျှောချလိုက်သည်။

"ဒါကလဲ အရူးပြောတဲ့စကားဆိုတော့ တစ်ခါတလေ တိုက်
ဆိုင်မှုဖြစ်သွားတာမျိုးပါ၊ အခုတစ်ကြိမ်လဲ ကျွန်းသူကျွန်းသားတွေ
စိတ်မချမ်းသာအောင် သူ လိုက်ပြောနေပြန်ပြီထင်တယ်"

နတ်ဆရာက ဒေါက်တာမင်းထင်ကျော်ကို အကဲခတ်သလို
တစ်ချက်ကြည့်သည်။

"ဘာပဲဖြစ်ဖြစ် အန္တရာယ်ဆိုတာ ကြိုတင်ကာကွယ်ထားရင်
ပိုမကောင်းဘူးလား၊ သူပြောတဲ့အတိုင်း နောက်တစ်ကြိမ်ထပ်မှန်
နေရင် ကျွန်းသူကျွန်းသားတွေ အားလုံး သေကုန်ကြပါမှမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအန္တရာယ်မျိုးတွေ မကျရောက်အောင် ကျုပ်က ကာကွယ်ပေးမှာပါ။ ကျွန်းပေါ်မှာရှိတဲ့လူတွေ ကြောက်အောင် မဟုတ်မမှန်တဲ့စကားတွေ လိုက်ပြောနေတဲ့မိန်းကလေးကိုတော့ နောက်ကို မပြောဝံ့အောင် ကျုပ်ဆီမှာခေါ်ပြီး ဆေးကုပေးရဦးမယ်"

ဟု ပြောဆိုကာ နတ်ဆရာက အတွင်းသို့ပြန်လှည့်ဝင်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်မှာ စိတ်ထဲမှာမကျေမနပ်ဖြစ်ကာ ထိုနေရာမှ အတန်ကြာအောင်ရပ်နေသေးသည်။

အတန်ကြာသည်အထိ နတ်ဆရာ ပြန်ထွက်မလာတော့မှ စိတ်လျှော့ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့လေသည်။

သူသည် အပြင်သို့ရောက်သောအခါ ဝိညာဉ်ဖြူတောင်ကြီးရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ဝိညာဉ်ဖြူတောင်ကြီး၏ထိပ်ပိုင်း၌ မီးခိုးငွေ့များ ဝေ့ဆိုင်းနေလေသည်။

သူ၏စိတ်အစဉ်မှာလည်း လေးလံထိုင်းမှိုင်းစွာဖြင့် အောက်သို့ပြန်ဆင်းလာခဲ့လေသည်။

* * * * *





အခန်း (၇)

## မြနှင်းဖြူနှင့် အန္တရာယ်သင်္ကေတများ

ထိုနေ့ညဘက်တွင် စောဒေဝီကို ပြန်တွေ့ရသည်။ အိပ်မက်ထဲမှာတွေ့ရခြင်းမဟုတ်ဘဲ အပြင်မှာတွေ့ရခြင်းပင်ဖြစ်၏။

သူမသည် လရောင်အောက်၌ရပ်နေကာ ဒေါက်တာမင်းထင်ကျော်ရှိရာ တဲပေါက်ဝဆီသို့ လှမ်းကြည့်နေသည်။ ဒေါက်တာမင်းထင်ကျော်က သူမကို စတင်မြင်လိုက်စဉ်က စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားမိသည်။

ပထမတော့ မြနှင်းဖြူ ဆိုသော မိန်းကလေးများ လာရပ်နေသလားဟု ထင်လိုက်မိသေးသည်။

နောက် အသေအချာကြည့်တော့မှ မြနှင်းဖြူမဟုတ်ဘဲ စောဒေဝီဖြစ်နေမှန်း သိရသောအခါ များစွာ အံ့သြသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းနေသော လရောင်အောက်၌ ရပ်နေသူမှာ စောဒေဝီပင် ဖြစ်၏။ သူမသည် ကွယ်လွန်သွားစဉ်က ဝတ်ဆင်ထားသော အဖြူ ရောင်အဝတ်အစားများကိုပင် ဝတ်ဆင်ထားသည်။

ပါးလွှာသော အဝတ်အစားများက လေတိုးလိုက်တိုင်း တဖျပ် ဖျပ်လွင့်နေသည်။

သူမက ဒေါက်တာမင်းထင်ကျော်ရှိရာ အခန်းပေါက်ဝသို့ မျှော် ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်က ပြတင်းပေါက်မှ တအံ့တသြ ထွက်ကြည့်သောအခါ ပြုံးပြလေသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်မှာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဝမ်းသာအားရဖြင့် သောင်ပြင်ရှိရာသို့ ခပ်သုတ် သုတ်ဆင်းလာခဲ့သည်။

မလှမ်းမကမ်းရောက်တော့ စောဒေဝီကို မတွေ့ရတော့ပေ လှမ်းကြည့်လိုက်သောအခါ တောင်ကုန်းတစ်ခုပေါ်သို့ ခပ်သုတ် သုတ်တက်သွားသည်ကို လှမ်းမြင်ရသဖြင့် နောက်မှပြေးလိုက်လေ သည်။

"စောဒေဝီ ... စောဒေဝီ"

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်တွင် သူ့ခေါ်သံက အဝေး ဝေးဝေးမှ ကြားနိုင်လေသည်။

သို့သော် ...





စောဒေဝီက နောက်သို့လှည့်မကြည့်ဘဲ ခပ်သုတ်သုတ်သွားနေ လေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း နောက်မှလိုက်သွားသည်။ အချိန်က ညဉ့်ဦးပိုင်းအချိန်ရှိနေသော်လည်း လရောင်ရှိနေသော ကြောင့် အလင်းရောင်က ကောင်းစွာရနေသည်။ ထိုလမ်းကိုတော့ ဒေါက်တာမင်းထင်ကျော် ကောင်းစွာမှတ်မိပေသည်။

အခြားမဟုတ်ပေ ...

တောင်ကုန်းပေါ်မှ ဝက်သစ်ချပင်ကြီးရှိရာသို့ သွားသောလမ်း ပင်ဖြစ်သည်။

တောင်ကုန်းပေါ်သို့ရောက်သောအခါ စောဒေဝီက အိမ်ရှိရာသို့ သွားကာ ပိတ်ထားသောတံခါးကိုဖွင့်ကာ အတွင်းသို့ဝင်သွားလေ သည်။

ဒေါက်တာမင်းထင်ကျော်ကလည်း နောက်မှလိုက်သွားပြီး ပိတ်ထားသောတံခါးကိုဖွင့်ကာ နောက်မှလိုက်ဝင်သွားလေသည်။ အတွင်းမှာတော့ ဆီမီးခွက်အချို့ ထွန်းထားလေသည်။ ပတ်ဝန်း ကျင်ကိုကြည့်လိုက်တော့ စောဒေဝီကို မတွေ့ရတော့ပေ။ အိမ်ထဲမှာ သည်း အခန်းနံရံများသာရှိပြီး ဝင်ပေါက်ထွက်ပေါက် မရှိပေ။

"ဒေဝီ၊ ဒေဝီ ..."

"....."

"စောဒေဝီ၊ စောဒေဝီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်ရာ ...

နေသလိုဖြစ်နေရာမှ သတိပြန်ရလာသည်။

"ဆရာ ... ဆရာ အိပ်မက်မက်ပြီးခေါ်နေတာလား"

အနားမှာရပ်နေသော စောထီးက မေးတော့မှ ဇဝေဇဝါ...

ထ,လိုက်သည်။

"ငါ အိပ်မက်မက်နေတာထင်ပါရဲ့"

အပြင်ဘက်သို့လှမ်းကြည့်လိုက်တော့ အပြင်မှာ အလင်းရောင်...

အတော်ကလေးရနေပြီ။

"ရာသီဥတု အခြေအနေကောင်းတယ် ဆရာ၊ ကျွန်တော်တို့...

ပင်လယ်ပြင်ထွက်ဖို့ ပြင်ရတော့မလားလို့ ဆရာ့ကို လာမေးတာ..."

"အေး... ပြင်တော့လေ၊ သွားကြတာပေါ့"

"အပြင်မှာ နီမောင်လဲရောက်နေတယ်၊ ဆရာ ခေါ်ထားလို့...

လာတာလို့ပြောတယ်"

"ဟုတ်တယ်၊ ငါ သူ့ကိုမှာထားတယ်၊ နီမောင်က ဒီပင်လယ်...

ပြင်တစ်ဝိုက်မှာ အတော်ကလေးနဲ့စပ်ကျွမ်းကျင်တဲ့ လူငယ်တစ်...

ယောက်ပဲ"

"ကောင်းတာပေါ့ ဆရာ"

စောထီးက အပြင်ပြန်ထွက်သွားသောအခါ ဒေါက်တာမင်းထင်...

ကျော်လည်း ပြင်စရာရှိသည်များကိုပြင်ရင်း ထူးဆန်းစွာတွေ့လိုက်ရ...

သော စောဒေဝီအကြောင်းကို စဉ်းစားနေသည်။ ထိုနေ့က ပင်လယ်...





ထွက်ကြရာတွင် နီမောင် ပါလာသောကြောင့် အဖွဲ့သားများမှာ

အားရှိနေကြလေသည်။

"အခု ဘယ်နေရာအရင်သွားမလဲ ဆရာ"

နီမောင်က မေးသည်။

"မင်းတွေ့ခဲ့တဲ့ မီးတောင်ပေါက်ကွဲတော့မယ့်နေရာကို အရင်

သွားကြည့်မယ်လေ"

"အဲဒီနေရာက မဝေးပါဘူး၊ ဒီကျွန်းရဲ့အနီးတစ်ဝိုက်မှာပါပဲ"

"ကောင်းတာပေါ့"

"ဟိုမှာလှမ်းမြင်နေရတဲ့ ဝိညာဉ်ဖြူတောင်ကြီးရဲ့ အောက်

ဘက်နေရာလောက်ကိုသာ မောင်းပေတော့"

ပင်လယ်ရေပြင်မှ လှမ်းကြည့်လိုက်လျှင် ကျွန်းပေါ်မှ ပင်လယ်

ပြင်ပေါ်သို့ အုပ်မိုးနေသော ဝိညာဉ်ဖြူတောင်ကြီးကို လှမ်းမြင်ရ

သည်။

ထိုပြင် နတ်ဆရာနေသောရဲတိုက်ကြီးကိုလည်း သစ်ပင်များ

ကြားမှ တစ်စွန်းတစ်စ လှမ်းမြင်နေရသည်။

ဝိညာဉ်ဖြူတောင်ထိပ်ပိုင်းမှာ ခါတိုင်းနှင့်မတူလှဘဲ မီးခိုးငွေ့

များဖြင့် ဝေ့ဆိုင်းလျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က မြူခိုးငွေ့များ ဝေ့ဆိုင်းနေသော

တောင်မြင့်ကြီးရှိရာသို့ မှန်ပြောင်းဖြင့်လှမ်းကြည့်နေသည်။

တောင်ခြေတစ်ဝိုက်မှာတော့ လင်းနို့အုပ်များ၊ ဇီဝှိုင်ငှက်အုပ်



www.burmeseclassic.com

www.burmeseclassic.com



များ တဝေါဝေါနှင့် လန့်ပျံနေသည်ကိုလှမ်းမြင်သည်။

"တောင်ရဲ့အခြေအနေကတော့ ထူးခြားနေတာ အမှန်ပဲ"

"အခုနေ ဝိညာဉ်ဖြူတောင်ကြီးပေါက်ကွဲရင် အဲဒီပေါ် ကစီးကျတဲ့ ချော်ရည်ပူတွေက ကျွန်းတစ်ခုလုံးဖုံးသွားတော့မှာ အမှန်ပဲ"

"ဒီလိုသာဆိုရင်တော့ ကျွန်းပေါ် မှာရှိတဲ့လူတွေအားလုံး ပြေးစရာမြေမရှိဘဲ ချော်ရည်ပူတွေအောက် အားလုံးရောက်ပြီး သေကုန်ကြတော့မှာ အမှန်ပဲ"

ဟု အချင်းချင်းပြောဆိုနေကြသည်။

ထိုအခိုက်မှာပင် ပင်လယ်မင်းသားက ဝိညာဉ်ဖြူတောင်ကြီးနှင့် အောက်တည့်တည့်လောက်မှာရှိသော ချိုင့်ဝှမ်းတစ်ခုအတွင်းသို့ မောင်းဝင်သွားကာ ရပ်တံ့ထားလိုက်လေသည်။

ရေအောက်သို့ဆင်းရန် ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင် ရေငုပ်ဝတ်စုံများကို ဝတ်ဆင်နေသော်လည်း နီမောင်ကတော့ ဘာဝတ်စုံမှမဝတ်ပေ။

ဘောင်းဘီတိုကို ဝတ်ဆင်ထားပြီး ခါးတွင် ခါးပတ်နှင့်ချိတ်ဆွဲထားသော ဓားတစ်လက်သာပါသည်။

နီမောင်က လည်ကုပ်အထိဝဲကျနေသောဆံပင်များကို နောက်ဘက်တွင် သိုင်းချည်ထားသည်။

အခြားသူများက ရေငုပ်ဝတ်စုံများဝတ်ဆင်နေသော်လည်း နီမောင်ကတော့ အသင့်ယူလာသော ပုလင်းထဲမှ အဆီရည်အချို့ကို





ောက်ကာ ဇ ်ကိုယ်လုံးသုတ်လိမ်းနေလေသည်။

"ဘာတွေလိမ်းတာလဲ နီမောင်"

"လင်းပိုင်ဆီနဲ့ ညံ့သည်းခြေ ရောစပ်ထားတဲ့ အဆီပါ"

"တစ်ခါမှမကြားဖူးဘူး။ ဒီအဆီရည်က ဘာကောင်းသလဲ"

"ဒီအဆီရည်က ရေအောက်ရောက်ရင် အအေးဒဏ်ခံနိုင်တယ်၊ ရေအောက်သတ္တဝါတွေ အနားမကပ် ့ကြဘူး။ ဒီအဆီရည်နံ့ရတာနဲ့ ဝေးပြေးကြတော့တာပဲ"

"ဘာကြောင့်လဲ"

"လင်းပိုင်ကို ရေသတ္တဝါတွေက ကြောက်ကြသလို ညံ့သတ္တဝါကိုလည်း ရေသတ္တဝါတိုင်းက ကြောက်ရတယ်။ ညံ့က ဝေလငါးလို ကောင်ကြီးမျိုးတွေကိုတောင် ရစ်ပတ်သတ်နိုင်တယ်'

"ဒါလဲ မှတ်သားစရာကောင်းတဲ့ ဒေသသုံးဆေးနည်းမျိုးတွေပဲ။ ကျွန်တော်တို့က ရေငုပ်ကိရိယာတွေ လက်နက်တွေနဲ့ ရှုပ်နေတဲ့ အချိန်မှာ ကိုနီမောင်ကတော့ ဒီဆီတစ်မျိုးတည်းနဲ့ပဲ ပြီးတာပဲ။ ဒါ က် ကိုနီမောင် ရေအောက်ကိုဆင်းတော့ ရေငုပ်ကိရိယာမပါဘဲ ကြာရှည်နေနိုင်ပါ့မလား"

ငမဲအောင်က မေးသည်။

"ဒါကတော့ ကြာရှည်နေနိုင်အောင် တဖြည်းဖြည်းချင်း အလေ့အကျင့်လုပ်ယူထားရတာပေါ့၊ လေ့ကျင့်ခါစကတော့ ရေနက် တဲ့ နေရာတွေဆင်းရင် နှာခေါင်း၊ နားရွက် ်ထဲက သွေးကျက်တဲ့အထိ ခံရ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ အခု အလေ့အကျင့်ရသွားတော့လဲ ဘာမှမဖြစ်တော့ ပေတစ်ရာကျော်နှစ်ရာလောက်အထိတော့ ဘာမှ အခက်အခဲ တော့ပါဘူး"

ဟု နီမောင်က အေးအေးဆေးဆေးပြုံး၍ပြောပြသည်။

ထို့နောက် ...

အားလုံး ပြင်ဆင်ပြီးသောအခါ ပင်လယ်ရေအောက်သို့ ဆင်း ကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ ရေစူးနက်လှသည်ဟု မဆိုသာသော် လည်း အချို့နေရာများမှာ ပေလေးရာ ငါးရာ နက်သည်။

ရေအောက်မှာလည်း တောင်ကုန်းတောင်ထွတ်ကြီးများကို တွေ့ရသည်။

တောင်တစ်တောင်နှင့်တစ်တောင်ကြားမှာတော့ နက်ရှိုင်း သောချောက်ကမ်းပါးကြီးများ ရှိလေသည်။

BURMESE CLASSIC .com

ထိုချောက်ကြီးများမှာ အဘယ်မျှနက်ရှိုင်းသည်ကိုတော့ အယ် သူမှ မခန့်မှန်းနိုင်ကြပေ။

သူတို့သည် ရေအောက်လှိုဏ်ဂူကြီးတစ်ခုအတွင်းသို့ ဝင်ခဲ့ကြ သည်။ အတွင်းပိုင်းမှာ မှောင်နေသောကြောင့် ရေအောက်ကြည့်မီး များကို ဖွင့်သုံးပြီးသွားကြရသည်။

တစ်နေရာရောက်သောအခါ နီမောင်က အပေါ်သို့ လက်ညှိုး ထိုးပြသဖြင့် မော့ကြည့်လိုက်သောအခါ တုထည်ကြီးမားသော ချော





ကြီးကို တွေ့ရသည်။

သူတို့အားလုံး ဝိညာဉ်ဖြူ့ပတောင်ကျွန်းကြီး၏ အောက်ဘက် နေရာသို့ရောက်နေကြခြင်းဖြစ်သည်။

ထိုအောက်ဘက်တွင် ရေအောက်တောင်အတော်များများကို ကြရသည်။

နီမောင် ပြသဖြင့် မီးရောင်ဖြင့်ထိုးကြည့်သောအခါ အချို့ တောင်များမှာ အခိုးအငွေ့များ ပန်းထွက်နေသည်ကိုမြင်ရပြီး ထို တောင်များတစ်ဝိုက်မှ ရေများမှာ ပူနွေးလျက်ရှိနေသည်။

ထူးခြားသည်မှာ ထိုနေရာတစ်ဝိုက်တွင် ရေသတ္တဝါများ တစ် ကောင်မှမတွေ့ရခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် အနည်းငယ်လှည့်လည်ကြည့်ပြီး အပြင် သို့အထွက်မှာ ချောက်ကမ်းပါးတစ်ခုအတွင်းမှ အန္တရာယ်ပြုမည့် သတ္တဝါနှစ်ကောင် ထိုးထွက်လာလေသည်။

၎င်းတို့မှာ သားစားငါးမန်းနှစ်ကောင်ဖြစ်ပြီး လှုပ်ရှားနေသော သူများရှိရာသို့ ပြေးလာပြီး ဝင်ကိုက်လေတော့သည်။

တစ်ကောင်က နီမောင်ရှိရာသို့ဝင်လာပြီး ကျန်တစ်ကောင်က ဒေါက်တာမင်းထင်ကျော်ရှိရာသို့ ပြေးဝင်သွားသည်။

ဒေါက်တာမင်းထင်ကျော်က အသာတိမ်းရှောင်ပြီး မှိန်း သေနတ်ကိုထုတ်၍ပစ်သည်။

ချက်ကောင်းကိုထိသောကြောင့် ငါးမန်းက ဓါတ်လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က နောက်မှ ငါးမန်းဝင်လာမှန်းသိသည်နှင့် ကိုယ်...
အသာကလေးလှိမ့်ရှောင်ပြီး ခါးထဲမှဓားကိုဆွဲထုတ်ကာ ငါးမန်းဆီ...
ဘက်သို့ လှည့်လိုက်သည်

အရှိန်လွန်သွားသော ငါးမန်းက တစ်ကျော့ပြန်ကွေ့လာသည်
နီမောင်က ဓားကိုကိုင်ပြီး အဆင်သင့်စောင့်နေသည်။

ငါးမန်းက အနားရောက်သော် နီမောင့်ကို ပြေးကိုက်ရာ နီမော...
က ပက်လက်လှန်ပေးလိုက်တော့ အပေါ်မှကျော်သွားသည်။

ထိုအချိန်မှာပင် နီမောင်က လက်ထဲမှဓားဖြင့် ငါးမန်း၏ ...
ဗိုက်ကို ထိုးခွဲလိုက်သည်။

ဓားက ထက်လှသည်က တစ်ကြောင်း၊ ငါးမန်း၏ဗိုက်မှာ ...
နေသည်က တစ်ကြောင်း၊ ပြေးဝင်လာသည့်အရှိန်က ပြင်းသည်...
တစ်ကြောင်းကြောင့် ငါးမန်း၏ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်သွ...
သည်။

အူများက အပြုံလိုက်ထွက်ကျလာသည်။ သွေးများက ရဲ...
သွားပြီး အညှီနံ့များက ပတ်ဝန်းကျင်တစ်ခုလုံး လှိုင်တက်သွားသ...

နီမောင်က အဖော်များကို အပေါ်သို့အမြန်ဆုံးပြန်တက်...
အချက်ပြလိုက်ပြီး အပြင်သို့ပြန်ထွက်ကြသည်။

သူတို့ ဂူပေါက်ဝသို့ရောက်ရုံရှိသေးသည် အပြင်မှာ အ...
အယက်ဝင်လာသော ငါးမန်းအကြီးအသေး အကောင် အတော်မျ...
များကို မြင်ရသဖြင့် လွတ်အောင်ရှောင်ပြီး ရေပြင်ပေါ်သို့ အမြန်ပြ...





...ခဲ့ကြသည်။

ထိုငါးမန်းများမှာ သွေးညှီနံ့ရသဖြင့် အလုအယက်ဝင်လာကြ
...ဖြစ်ပြီး ထိုငါးမန်းအုပ်နှင့်တိုးလျှင်တော့ ခဏချင်းမှာပင် အရိုးကျ...
...နိုင်ပေသည်။

သူတို့သင်္ဘောပေါ်သို့ပြန်ရောက်သောအခါ ရေပြင်ပေါ်မှာ
...မှက်ကြီးများ ထ,လာသည်ကိုမြင်ကြရသည်။

"ကိုနီမောင် မြန်ပေလို့သာပဲ၊ မဟုတ်ရင် ကျွန်တော်တို့အဖွဲ့
...တော့ မလွယ်ဘူး"

"ငါးမန်းဆိုတာ ရေထဲမှာတော့ ကြောက်စရာအကောင်းဆုံး
...ဝါတစ်မျိုးပဲ၊ သွေးနံ့ရလို့ကတော့ ဘယ်လောက်ဝေးတဲ့နေရာ
...ပဲဖြစ်ဖြစ် ရောက်လာကြတာပဲ။ ငါးမန်းက မျက်စိအမြင်...
...ကောင်းပေမယ့် အကြားအာရုံနဲ့ အနံ့ခံတဲ့နေရာမှာတော့ အမြန်ဆုံး
...ဒ်ထက် ရေအောက်မှာ ကျွန်တော်ပြောတဲ့နေရာတွေ တွေ့ခဲ့ကြ
..."

"အင်း ... တွေ့ခဲ့တယ်၊ တချို့တောင်တွေဆိုရင် မီးခိုးငွေ့တွေ
... တွေ့ခဲ့ရတယ်။ ပူတာလဲ အတော်ပူနေပြီဗျ၊ ဒီအတိုင်းဆိုရင်
...က်ကွဲလိမ့်ဦးမယ်ထင်တယ်"

"ကျွန်တော် အရင်တစ်ခါက အဲဒီလိုတွေ့ခဲ့ပြီး သိပ်မကြာဘူး
...တောင်တစ်လုံးပေါက်တော့တာပဲ၊ အခုတစ်ခါလဲ အဲဒီလိုဖြစ်မှာ
...လို့ ဆရာတို့ကိုခေါ်ပြတာပါ"



BURMESE CLASSIC .com
www.burmeseclassic.com

"ကျွန်တော်တို့ကတော့ ယုံကြည်ပါတယ်၊ ဒါပေမယ့် အ[illegible] ကြီးတာက ကျွန်းသားတွေက ယုံဖို့အရေးကြီးတယ်၊ ဘာကြောင့် ဆိုတော့ တကယ်ဖြစ်လာရင် သူတို့ ခံကြရမှာ"

"ဒါကတော့ ကံတရားပေါ့ ဆရာရယ်၊ ကိုယ်ပြောတာ[illegible] သူတို့ မယုံဘော့လဲ သူတို့ထိုက်နဲ့သူတို့ကံပဲပေါ့။ ကဲ ... ကျွန်[illegible] ပြန်ဦးမယ်၊ အကြောင်းကိစ္စရှိရင်တော့ အချိန်မရွေးခေါ်ပါ ဆ[illegible]

"ကျေးဇူးပဲ နီမောင်"

နီမောင်က ပေါ့ပါးသွက်လက်စွာဖြင့် သင်္ဘောပေါ်မှ ဆင်း[illegible] ပြီး ရွာဘက်သို့ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်သည် သင်္ဘောပေါ်မှဆင်းကာ မီး[illegible] ရှိရာသို့ တက်လာခဲ့သည်။

၎င်း၏တဲသို့ရောက်သောအခါ တဲစောင့်ကျန်ရစ်ခဲ့သေ[illegible] အလုပ်သမားလေးက ...

"ဆရာ ... ဟိုသောင်ပြင်ပေါ်မှာ မိန်းကလေးတစ်ယောက် [illegible] ပြီး ဒီကိုကြည့်နေတာ အတော်ကြာပြီ၊ ဆရာ့အသိများဖြစ်နေမလာ[illegible]

"ဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က အပေါက်ဝမှ လှမ်းကြည့်လို[illegible] တော့ နေရောင်ခြည်များဖြာကျနေသော သောင်ပြင်ပေါ်တွင် ရပ်[illegible] သော မြနှင်းဖြူကို တွေ့ရသည်။

သူမသည် အထုပ်တစ်ထုပ်ကိုကိုင်ထားပြီး တဲရှိရာဘက်သ[illegible]





[illegible]ကြည့်နေသည်။

သို့ကြောင့် တဲအတွင်းမှ ချက်ချင်းပြန်ထွက်ကာ အောက်ဘက်[illegible] စ်သုတ်သုတ်ဆင်းသွားလေသည်။

သူ မလှမ်းမကမ်းသို့ရောက်သောအခါ မြနှင်းဖြူက လက်ထဲမှ [illegible]ထုပ်ကလေးကိုသောင်ပြင်ပေါ်သို့ချထားခဲ့ပြီး ပြေးထွက်သွားလေ[illegible]သည်။

ကောက်ယူပြီး ဖြေကြည့်လိုက်တော့ အင်ဖက်များဖြင့်လုပ်[illegible]ထားသော လင်းနို့[illegible]သကောင်တို့ တွေ့ရပြန်သည်။

ဒေါက်တာမင်းထင်ကျော်သည် အထုပ်ကိုပြန်ချလိုက်ပြီး မြနှင်း[illegible] ထွက်သွားရာနေရာဆီသို့ ပြေးလိုက်သည်။

သူမသည် ဒေါက်တာမင်းထင်ကျော် မြင်သာအောင် ရပ်စောင့်[illegible]ဆိုင်း၊ ဆက်ပြေးသွားလိုက်နှင့် ဒေါက်တာမင်းထင်ကျော်က နောက်[illegible] အလွယ်တကူလိုက်သွားနိုင်သည်။

တောင်ကုန်းပေါ်မှအိမ်ကလေးရှိရာသို့ရောက်သောအခါ အိမ်[illegible]ထဲသို့မဝင်ဘဲ အိမ်နှင့်မလှမ်းမကမ်းတွင်ရှိသော ဂူပေါက်ဝတစ်ခုထဲသို့[illegible]တစ်ခဲနဲပြေးဝင်သွားလေသည်။

"မှင် ..."

ဒေါက်တာမင်းထင်ကျော်က နောက်မှဝင်လိုက်သွားသောအခါ [illegible]ဂူ၏အတွင်းပိုင်းမှာ မှောင်နေသည်။

သို့သော် ... ဝိုးတဝါးတော့မြင်နေရသည်။



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဂူမှာ အတော်အတန်ကျယ်ဝန်းပြီး အဘွင်း၌ အကွေ့အကောက်များရှိနေသည်။

ဂူအတွင်းပိုင်း တစ်နေရာသို့ရောက်သောအခါ ဆူဆူညံညံအသံများကြားရပြီး အငန့်တကြားနှင့် လင်းနို့များအုပ်စုလိုက်ကြီး ပျံထွက်လာသဖြင့် မြေပေါ်သို့ဝပ်ချပေးလိုက်ရသည်။

အချို့လင်းနို့များက သူ့ အနားမှကျော်ကာမှ တဖြုတ်ဖြုတ်နှင့်ကျသေဆုံကြလေသည်။

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

ဒေါက်တာမင်းထင်ကျော်က သူ့အနားသို့ကျလာသော လင်းနို့အသေတစ်ကောင်ကို ကောက်ကိုင်လိုက်သည်။

"အား ..."

လင်းနို့မှာ မီးနှင့်မြိုက်ထားသလို ခြစ်ခြစ်တောက်ပူနေသဖြင့် ချက်ချင်း ပြန်လွှတ်လိုက်ရသည်။

ထို့နောက် ဂူအတွင်းသို့ ဆက်ဝင်လာသည်။

ဂူ၏အတွင်းတစ်နေရာဆီမှ မီးရောင်များထွက်နေသည်ကို တွေ့ရသော်လည်း မြနှင်းဖြူ၏အရိပ်အယောင်ကိုမူ မတွေ့ရပေ။

"မြနှင်းဖြူ ... မြနှင်းဖြူ"

သူက တိုးတိုးခေါ်လိုက်သော်လည်း လိုဏ်ခေါင်းသံကြောင့် အထဲမှာ ဟိန်းထွက်လာသည်။

"မြနှင်းဖြူ ..."





ထိုအချိန်မှာ မီးရောင်ဖြင့် ဂူနံရံပေါ်မှာ အရိပ်တစ်ခုလာထင်သည်။

မြနှင်းဖြူ၏ အရိပ်ပင်ဖြစ်၏။

သို့ကြောင့် အတွင်းသို့ဆက်ဝင်သွားသည်။

အတွင်းပိုင်းရောက်တော့ အခန်းကျယ်တစ်ခုတွေ့ရပြီး ဂူကထိုနေရာမှာပင် ဆုံးသွားသည်။

မြေပေါ်တွင် ကညင်ဆီမီးခွက်များ ထွန်းထားသောကြောင့် အလင်းရောင်ရနေသည်။

ထိုအခန်းထဲတွင် မြနှင်းဖြူ ရှိနေသည်။

BURMESE CLASSIC .com

မြနှင်းဖြူသည် မြေပြင်ပေါ်တွင် စက်ဝိုင်းသင်္ကေတများကို အထပ်ထပ်ရေးခြစ်ပြလျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှရပ်ကြည့်နေသော်လည်း ဘာတွေရေးပြနေမှန်းကို နားမလည်ပေ။

ထိုအချိန်တွင် မြနှင်းဖြူ၏ပါးစပ်မှ တအီအီတအာအာနှင့် အသံများ ထွက်နေသည်။

တစ်စုံတစ်ခုပြောချင်နေပုံရသည်။

"မြနှင်းဖြူ ..."

ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုးခေါ်လိုက်တော့ သူမက ဖျတ်ခနဲလှည့်ကြည့်သည်။

ထို့နောက် ချက်ချင်းထကာ ဒေါက်တာမင်းထင်ကျော်၏လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်နှစ်ဖက်ကို သူမ၏လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

"အား ..."

ဒေါက်တာမင်းထင်ကျော်က အလန့်တကြားအော်လိုက်သဖြင့် လက်ကိုချက်ချင်းပြန်လွှတ်ကာ ဝှပေါက်ဝဘက်သို့ ပြေးထွက်သွားလေတော့သည်။

လက်မောင်းကို ငုံ့ကြည့်လိုက်တော့ မီးလောင်ဒဏ်ရာများကဲ့သို့ လက်ငါးချောင်းအရာများ ထင်ကျန်ခဲ့လေသည်။

သူ တအံ့တဩဖြစ်သွားသည်။

ထိုနေရာတွင် အတန်ကြာအောင်ရပ်နေပြီးမှ ဝှဝသို့ပြန်ထွက်ခဲ့သည်။

သူ ပြန်ထွက်သွားပြီး မကြာမီ စောစောက မြနှင်းဖြူ ရေချိုးသဗ္ဗာန်များ ရေးပြသွားသောနေရာတစ်ဝိုက်မှာ မီးခဲကြီးများသဖွယ် ရဲရဲနီတက်လာသည်ကိုတော့ သူ မသိလိုက်တော့ပေ။

* * * * *





အခန်း (၈)

## ကိုယ်ပွားဝိဉာဉ်နှင့် ကြောက်ခွဲဖွယ်ရာပုံရိပ်များ

'နေ့လယ်ပိုင်းက ရေအောက်တွင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များမှာ စိတ်အစဉ်၌ ကြေးမုံပြင်သဖွယ် ထင်ဟပ်နေလေသည်။

ညပိုင်းရောက်လာပြန်တော့လည်း တော်တော်နှင့်အိပ်မပျော်ဘဲ တဲအပြင်သို့ထွက်ကာ ကျောက်တုံးတစ်လုံးပေါ်၌ ထိုင်နေစဉ် ကောင်းကင်ပြင်ပေါ်မှ ထူးခြားသောပြောင်းလဲမှုများကို သတိပြုမိလေသည်။

မခြားမဟုတ်ပေ ...

ကောင်းကင်ပြင်ပေါ်၌ ဘွန်းလင်းနေသော လပေါ်တွင် လနှင့်အရွယ်တူသော အရိပ်မည်းကြီးတစ်ခုက တစ်ဝက်လောက်ငေါ်နေခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ လငပုပ်ဖမ်းတော့မယ့်လက္ခဏာပဲ၊ မကြာခင်မှာ နေနဲ့လဟာ တစ်ထပ်တည်းဖြစ်သွားတော့မယ်။ အဲဒီလိုထပ်မိသွားရင် ကောင်းကင်ပေါ်က ဆွဲငင်အားတွေကြောင့် ပင်လယ်ရေမျက်နှာပြင်တွေ ကြွတက်လာတော့မယ်။ ပြင်းထန်တဲ့လှိုင်းကြီးတွေ လှုပ်တော့မယ်၊ ရေအောက်မှာရှိတဲ့ မီးတောင်ဟောင်းတွေ အသက်ပြန်ပင်လာကြတော့မယ်။ ဒီအတိုင်းမှန်ရင် ဒေဝီ အိပ်မက်ပေးသွားတဲ့အတိုင်း ဝိညာဉ်ဖြူ ကျွန်းအောက်ကမီးတောင်ကြီးလည်း ပေါက်ကွဲတော့မယ်ထင်တယ်"

ထိုအတွေးကြောင့် တစ်ညလုံး အိပ်မပျော်ဘဲ အမှောင်ရိပ်များသမ်းနေသော ပင်လယ်ပြင်ရှိရာသို့ လှမ်းမျှော်ကြည့်နေမိသည်။ ညဉ့်နက်ပိုင်းရောက်လာသောအခါ အဝေးဆီမှ ခေါ်သံလိုလိုအသံများကို ကြားနေရသည်။

ထိုအသံများထဲမှ စောဒေဝီ၏ ခေါ်သံလိုလိုလည်း ကြားရလေသည်။ အသံကြားရာနေရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ ဝိညာဉ်ဖြူေ  ာင်ရိပ်များကျနေသောတစ်ဝိုက်တွင် ဖြူဖြူသဏ္ဌာန်များ လှုပ်ရှားသွားလာနေသည်ကို မသဲမကွဲလှမ်းမြင်ရလေသည်။ ထိုသဏ္ဌာန်များမှာ လေထဲ၌ မီးခိုးငွေ့များ လူးလွန့်လှုပ်ရှားနေသကဲ့သို့ ပုံသဏ္ဌာန်အမျိုးမျိုးနှင့်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုမြင်ကွင်းများကို လှမ်းကြည့်ရင်း သေဆုံးသွားသောချစ်သူကို သတိရနေမိသည်။ ထို့နောက်





အတော်ညဉ့်နက်ချိန်ရောက်မှ အိပ်ရာဝင်ခဲ့လေသည်။

ညက အတော်ညဉ့်နက်မှ အိပ်ပျော်သဖြင့် ပြန်နိုးလာသောအခါ အတော်မိုးလင်းနေချေပြီ။

ပြတင်းပေါက်မှတစ်ဆင့် နေရောင်ခြည်များပင် အခန်းတွင်းသို့ ထိုးကျနေလေပြီ။

ဒေါက်တာမင်းတင်ကျော်ဂ ပြတင်းပေါက်ကိုဖွင့်ကာ အပြင်သို့ လှမ်းကြည့်လိုက်သည်။

နေရောင်ခြည်ဖျန်းထားသော သဲသောင်ပြင်ပေါ်တွင် လှုပ်ရှားသွားလာနေသောလူအများကို လှမ်းမြင်ရသည်။

ပင်လယ်ထွက်မည့်သူများ ...၊

ပင်လယ်မှ ပြန်ရောက်လာသူများ ...၊

ရှာဖွေရရှိလာသော ငါးပုစွန်များကို ထမ်းတင်သူက တင်နေကြသည်။

ဝမ်းရေးအတွက် အလုပ်နှင့်လက် မပြတ်အောင်လုပ်နေကြသူများကြောင့် ဝိညာဉ်ဖြူကျွန်း၏ နံနက်ခင်းမှာ အသက်ဝင်လှုပ်ရှားလျက်ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ပြတင်းပေါက်မှအပြင်သို့ လှမ်းကြည့်နေစဉ် သဲသောင်ပြင်ပေါ်မှ မြင်ကွင်းတစ်ခုကို လှမ်းမြင်သွားလေတော့သည်။

အခြားမဟုတ်ပေ ...



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်များ ဖြာကျနေသော သောင်ပြင်ပေါ်တွင် မြနှင်း ဖြူကို လှမ်းမြင်လိုက်ရခြင်းဖြစ်ပေသည်။

မြနှင်းဖြူမှာ သောင်ပြင်တစ်နေရာ၌ ဒူးထောက်ထိုင်ကာ တုတ်တစ်ချောင်းနှင့်သဲသောင်ပြင်ပေါ်သို့ တစ်စုံတစ်ခုရေးခြစ်နေခြင်းဖြစ်၏။

သူမနံဘေးမှာလည်း အထုပ်တစ်ထုပ်ကို ချထားသေးသည်။ ပတ်ဝန်းကျင်မှသွားလာနေသူများကတော့ သူမကို ဂရုမစိုက်ကြပေ။

အားလုံးက သူမကို စိတ်မနှံ့သောမိန်းကလေးတစ်ယောက်ဟု သတ်မှတ်ကာ ဥပေက္ခာပြုထားကြခြင်းဖြစ်ပေသည်။

မြနှင်းဖြူကိုမြင်ရသောအခါ ဒေါက်တာမင်းထင်ကျော်က ကမူ ကရော အောက်သို့ဆင်းသွားလေသည်။

ဒေါက်တာမင်းထင်ကျော် မလှမ်းမကမ်းရောက်သောအခါ နံဘေးနားမှာချထားသောအထုပ်ကို တားခဲ့ပြီး ပြေးထွက်သွားတော့သည်။

အထုပ်မှာ အင်ဖက်ရွက်များဖြင့်ထုပ်ထားပြီး ဓါတိုင်းထက်ပိုကြီးသဖြင့် ဖေးဘက်ယူပြီး ဖြေကြည့်လိုက်သောအခါ မသေမရှင်ဖြစ်နေသောလင်းနို့ကြီးတစ်ကောင်ကို တွေ့ရလေသည်။

လင်းနို့ကြီးမှာ တဆတ်ဆတ်တုန်ကာ အသက်ငင်လျက်ရှိနေသည်။

သောင်ပြင်ပေါ်မှာ အဝိုင်းများကို တစ်ခုနှင့်တစ်ခု ထပ်ရေး

ထောင်ရေးခြစ်ထားလေသည်။

"ဒါဟာ နေနဲ့လထပ်တော့များကို ရေးပြနေတာတွေဖြစ်ရမယ်"

သူ လှမ်းကြည့်လိုက်တော့ လူအများကြားမှာ မြနှင်းဖြူကို မြင်ရတော့ပေ။

"တောင်ကုန်းပေါ် ကအိမ်ဆီကိုပဲ ပြန်သွားတာဖြစ်ရမယ်" ဟုတွေးကာ တောင်ကုန်းဘက်သို့ တက်လာခဲ့သည်။

တောင်ကုန်းတစ်နေရာရောက်တော့ မြနှင်းဖြူ ရပ်နေသည်ကို လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်ကို တမင်ရပ်စောင့်နေဟန်မျိုး ဖြစ်သည်။

သူ့ကိုမြင်တော့မှ ဆက်ပြေးသွားသည်။

သည်တစ်ကြိမ်တော့ မြဝန်းတံခါးမှာ မော့ရှုံ့သားနေထားသော ကြောင့် အိမ်ထဲသို့ အလွယ်တကူဝင်နိုင်သည်။

ပထမအခန်းတွင် လူကြီးတစ်ဦး၏အသုံးအဆောင်ပစ္စည်းများ ပြီး အခြား ဘာမှ ထူးထူးခြားခြားမတွေ့ရပေ။

နောက်ဘက်အခန်းထဲမှာ အလင်းရောင်လိုလိုမြင်ရသဖြင့် ကာ ဝင်ကြည့်လိုက်တော့ သူ့မျက်စိကိုပင် မယုံနိုင်လောက် င်ဖြစ်သွားတော့သည်။

အခန်းနံရံပေါ်မှာ ပန်းချီပုံများ ကပ်ထားသည်ကို အံ့ဩဖွယ် ရသည်။







www.burmeseclassic.com

www.burmeseclassic.com



ပုံများမှာ ကတ်ထူပြားများပေါ်မှာ မြေနီ မြေဖြူ မြေဝါ ကျပ်မိုး
မှိုင်းမင်များကို ငှက်မွေးတောင်များဖြင့် ပြုလုပ်သောစုပ်တံများဖြင့်
ရေးဆွဲထားခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်သည် နံရံပေါ်မှပုံများကို တစ်ခုချင်း
လိုက်ကြည့်သော်လည်း ပန်းချီနှင့်မနီးစပ်သူမို့လားမပြောတတ်ပေ။
ပုံများ၏အဓိပ္ပာယ်ကို နားမလည်နိုင်ဖြစ်နေသည်။

အနီးစပ်ဆုံးအဓိပ္ပာယ်ကောက်လို့ရသည်မှာ နေပုံစံ၊ လပုံစံများ
နေ၊ တစ်ဝက်၊ လ၊ တစ်ဝက်ပုံများ၊ မီးတောင်များပေါက်ကွဲနေပုံများ
အစရှိတာလောက်တော့ အကြမ်းဖျင်း နားလည်သည်။

ကျန်တာတော့ ဘာမှနားမလည်ပေ။

ထိုအချိန်မှာပင် အခြားအခန်းတစ်ခုအတွင်းမှ ဗူးဗူးဝါးဝါးအော်
လိုက်သောအသံတစ်သံကိုကြားရသဖြင့် ပိတ်ထားသောတံခါးကိုဖွင့်
ပြီး ထိုအခန်းထဲသို့ ဝင်လာခဲ့သည်။

သူ အတွင်းရောက်သွားတော့ ဖွင့်ထားခဲ့သောတံခါးမှာ
တစ်ယောက်ယောက်က ဆောင့်ပိတ်လိုက်သကဲ့သို့ 'ဝုန်း'ခနဲ ပြန်
လည်ပိတ်သွားလေတော့သည်။

အခန်းအတွင်းမှာ ဖယောင်းတိုင်များထွန်းထားသောကြောင့်
အလင်းရောင်များရှိနေသည်။

ထိုအခန်းထဲမှာ ပန်းချီရေးနေသော မြနှင်းဖြူကို တွေ့ရ
သည်။





မြနှင်းဖြူသည် နံရံပေါ်မှာ အမျိုးသမီးတစ်ယောက်၏ ပုံကြီး
ပုံကို ရေးဆွဲနေသည်။

"ဟင် ..."

သူမ ရေးဆွဲနေသောပုံမှ အမျိုးသမီး၏မျက်နှာသည် သေဆုံး
သွားသော စောဒေဝီ၏မျက်နှာနှင့် ရှုတ်စွပ်တူနေခြင်းဖြစ်သည်။

သူ အခန်းတွင်းဝင်သွားတော့ မြနှင်းဖြူက အလန့်တကြားဖြစ်
ပြီး လက်ထဲမှ ဆေးခွက်ကိုလွှတ်ချလိုက်ရာ ကြမ်းပြင်ပေါ်သို့ ကျကွဲ
သွားလေတော့သည်။

"ခွမ်း ..."

ဆေးရည်များမှာ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲသွားလေတော့
သည်။

"မင်း သူ့ကို ဘာကြောင့် ပန်းချီဆွဲတာလဲ၊ မင်း သူ့ကို သိတယ်
ဟုတ်လားဟင်"

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူ၏အနားကပ်ပြီး မေး
လိုက်တော့ မျက်လုံးအပြူးသားနှင့်မော့ကြည့်နေသည်။

"ပြောစမ်းပါ၊ မင်း သူ့ကို ဘယ်မှာမြင်ဖူးတာလဲ၊ အခု သူ ဘယ်
မှာရှိနေသလဲဟင်"

ဒေါက်တာမင်းထင်ကျော်က စိတ်လောကြီးသွားသဖြင့် သူမ၏
လက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်ပြီး အသံကျယ်ကျယ်ဖြင့် မေးလိုက်
သည့်အခါ မျက်စိမျက်နှာပျက်ပျက်ဖြင့် ပါးစပ်မှ ဝူးဝူးဝါးဝါးပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ဟာ အခန်းအပြင်သို့ ပြေးထွက်သွားလေသည်။

သူသည် အခန်းထဲမှာ အတန်ကြာအောင်ရပ်၍ စဉ်းစားနေပြီး အခန်းအပြင်သို့ ပြေးလိုက်သွားသည်။

သူ အခန်းဝရောက်ခ ှ မြနှင်းဖြူကိုမတွေ့ရတော့ဘဲ လူကြီး သုံးဦး ရပ်နေသည်ကိုသာတွေ့ရသည်။

နတ်ဆရာကြီးဇမုန်းထန်နှင့် သူ့တပည့်တို့ဖြစ်ပြီး ကျန်တစ်ဦး ကတော့ အဝတ်အ ား စုတ်စုတ်ပြတ်ပြတ်နှင့် အသက်ကြီးကြီး လူ တစ်ဦးဖြစ်သည်။

ထိုအဘိုးကြီးမှာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးပရပျစ်နှင့် လက် ထဲမှာ သစ်သားတုတ်ကြီးတစ်ချောင်းကိုင်ထားသည်။

သူသည် အလွန်ဒေါသဖြစ်နေဟန်ရှိပြီး ဒေါက်တာမင်းထင် ကျော်ကို ရိုက်ပါမည် ဟကဲကဲဖြစ်နေသောကြောင့် နတ်ဆရာက ဆွဲထားရသည်။

"မင်း ငါ့အိမ်ထဲကို ဘာဝင်လုပ်တာလဲ"

ဟု ဒေါသတကြီးမေးလေသည်။

"ကျွန်တော် ဒီက မြနှင်းဖြူဆိုတဲ့ က လးမလေးကို လာတွေ့ တာပါ"

"ငါ့မြေးမလေးက စကားလဲမပြော တ်ဘူး၊ စိတ်လဲမနှံ့ရှာဘူး မင်းက သူ့ကို ဘာအတွက် လာတွေ့တာလဲ"

ဟု မေးရင်း ဒေါသကြီးလာသဖြင့် လက်ထဲမှာကိုင်ထားသော





တုတ်ကြီးကို တပြင်ပြင်ဖြစ်နေသဖြင့် နတ်ဆရာကြီးက ဆွဲထားရ သည်။

"ခဏနေစမ်းပါဦး ဦးမွန်ထော်ရယ်၊ သူ့ကို ကျုပ် မေးကြည့်ပါရ စေဦး"

ဟု ပြောကာ နတ်ဆရာ ဇမုန်းထန် က ...

"ဆရာက မြနှင်းဖြူဆိုတဲ့မိန်းကလေးကို ဘာကြောင့်တွေ့ချင် တာလဲ၊ မိန်းကလေးက စိတ်မမှန်ရှာဘူး"

ဟု မေးသည်။

"မြနှင်းဖြူ ဆိုတဲ့ မိန်းကလေးက ကျွန်တော့်ချစ်သူကို သိနေ မယ်ထင်လို့ တွေ့ချင်တာပါ"

"မောင်ရင့်ချစ်သူက ဘယ်သူလဲ"

"စောဒေဝီလို့ခေါ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက် ဆီက ဒီပင်လယ်ပြင်မှာ မီးတောင်ပေါက်ကွဲလို့ သေသွားပါပြီ"

ထိုစကားကိုကြားသောအခါ နတ်ဆရာ ဇမုန်းထန်က မျက် မှောင်ကြုတ်ကာ အတန်ကြာအောင်စဉ်းစားနေလေသည်။

"စောဒေဝီ ... ဟုတ်လား"

"ဟုတ်ပါတယ်၊ မီးတောင်ပေါက်ကွဲပြီး သင်္ဘောပျက်လို့ သေ သွားတာပါ"

"ကျုပ် မှတ်မိသလိုတော့ရှိတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပင်လယ်ပြင်မှာ မီးတောင်ပေါက်ကွဲတော့ သင်္ဘောတွေလဲပျက်ကြ၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေလဲ အတော်သေကုန်ကြတယ်"

ထိုသို့မီးတောင်ပေါက်ကွဲပြီး နှစ်ရက်၊ သုံးရက်ကြာသောအခါ ဝိညာဉ်ဖြူတောင်ကျွန်းပတ်လည်ရှိသောင်ပြင်များပေါ်သို့ လူသေအလောင်းများ လာရောက်တင်နေသဖြင့် ကျွန်းသူကျွန်းသားများမှာ သင့်သလိုမြှုပ်နှံသင်္ဂြိုဟ်ကြရလေသည်။

ထိုအချိန်က မြနှင်းဖြူပင် (၁၇)နှစ်သမီးအရွယ်ခန့်သာရှိသေးသည်။ သူလည်း အခြားသူများလို သောင်ပြင်ပေါ်မှာ တင်နေသော လူသေအလောင်းများကို လိုက်လံကြည့်ရှုနေစဉ် ကျောက်ဆောင်တစ်ခုနားရောက်သောအခါ သောင်ပေါ်မှာတင်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသဖြင့် အနားသို့သွားကြည့်သောအခါ အသက်ရှိနေသေးကြောင်းသိရသည်။

သူ အနားရောက်သွားတော့ အမျိုးသမီးက မျက်လုံးဖွင့်ကြည့်သည်။

"ညီမလေး ရောက်လာပြီလား။ ညီမလေးနဲ့အတူနေဖို့ မမ ပြန်လာတာလေ"

ဟု ပြောသည်။

မြနှင်းဖြူက မျက်လုံးကလေးအဝိုင်းသားနှင့် ငုံ့ကြည့်နေသည်။

"မမ သေသွားရင် ညီမလေးနဲ့အတူတူနေမယ်၊ မမရဲ့အလောင်းကို ဟိုးတောင်ကုန်းပေါ်မှာ သပ်သပ်မြှုပ်ထားပေးနော်၊ ညီမလေးက မမကို သိလား"





မြနှင်းဖြူက ခေါင်းခါပြသည်။

"မမရဲ့နာမည်က မြသင်းကြူလို့ခေါ်တယ်၊ အခုတော့ ဓာဒေဝီလို့ခေါ်တယ်၊ ညီမလေး မှတ်ထားနော်"

မြနှင်းဖြူက လူနာအမျိုးသမီး မသေသေးမှန်းသိသောအခါ ရွာကြီးများကို ခြေဟန်လက်ဟန်ဖြင့် သွားရောက်ပြောဆိုသည်။

ထိုအခါ နတ်ဆရာ ဓမုန်းထန်နှင့် အဘိုးဦးမွန်ထော်တို့ လိုက်လာတော့ ဓာဒေဝီမှာ အသက်ငွေ့ငွေ့သာကျန်တော့သည်။

"ကျွန်မနာမည် ဓာဒေဝီလို့ခေါ်ပါတယ်၊ ကျွန်မ သေသွားတဲ့အခါ လက်ဝတ်ရတနာတွေကိုယူပြီး ဟိုးတောင်ကုန်းပေါ်မှာ အုတ်ဂူလေးတစ်ခု လုပ်ပေးပါ။ ကျွန်မချစ်သူ လိုက်လာရင် အလွယ်တကူတွေ့နိုင်အောင်လို့ပါ"

ဟု ပြောဆိုကာ သေဆုံးသွားလေသည်။

"ဒါကြောင့် ကျုပ်တို့လဲ သူ့ရဲ့ဆန္ဒအတိုင်း တောင်ကုန်းပေါ်မှာ အုတ်ဂူတစ်ဂူ လုပ်ပေးပြီး သူ့နာမည်ထိုးပေးထားပါတယ်၊ မောင်ရင် ကြည့်ချင်ရင် လိုက်ပြပါ့မယ်"

ဟု ပြောကာ ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော် သည် တောင်ကုန်းပေါ်သို့လိုက်သွားလေသည်။

ထိုတောင်ကုန်းပေါ်သို့ရောက်သောအခါ ထူးခြားမှုများကိုတွေ့ရသည်။

အချို့သစ်ပင်များ၏ ပင်စည်နေရာတွင် အဖြူအဝိုင်းများ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြထားပြီး ငှက်မွေးတောင်များကို ကြိုးဖြင့်စုချည်ကာ သစ်ကိုင်းများမှာ ဆွဲထားသည်။

ထိုသစ်ပင်များမှာ ညှိုးလျော်ခြောက်သွေ့ကာ သေဆုံးနေ သပြီ။

"ဒါတွေက ဘာတွေလဲဟင်"

"ဒါက မြနှင်းဖြူ ဆိုတဲ့ မိန်းကလေးက သူ့စိတ်ထဲရှိသမျှ လိုက်လုပ်ထားတာပါ။ ဒါပေမယ့် သူလုပ်သမျှအပင်တွေလည်းအားလုံး သေသွားတာပဲ၊ ထူးတော့ထူးဆန်းတယ်"

နတ်ဆရာက ပြန်ပြောသည်။

တောင်ကုန်းပေါ်ရောက်သောအခါ အုတ်ဂူဟောင်းတစ်ခုကို တွေ့သည်။

ထိုဂူပေါ်တွင် ...

စောဒေဝီ

အသက်(၂၅)နှစ်

(....)နေ့တွက် ကွယ်လွန်သည်။

ဟူသော စာကို သဘော်ဆေးဖြင့် မညီမညာရေးထားသည်။

ဒေါက်တာမင်းထင်ကျော်သည် မီးတောင်ပေါက်ကွဲစဉ်က ဘယ်လိုမှလိုက်မရှာနိုင်သောအဖြစ်ကို တွေးရင်း စိတ်မကောင်းဖြစ်နေမိသည်။

သူ့မျက်စိထဲမှာ စောဒေဝီ၏ပုံရိပ်များ။





သူနားထဲမှာ စောဒေဝီ၏စကားသံများကို ပြန်လည် ကြားယောင်နေမိလေသည်။

သူ့မျက်လုံးအိမ်မှာ မျက်ရည်ကြည်များပင် ရစ်ဝဲနေသည်။

နောက်ဘက်တွင်ရပ်နေသော နတ်ဆရာကိုပင်တွေ ဘယ်အချိန်ပြန်ထွက်သွားသည်ကိုပင် မသိလိုက်တော့ပေ။

တကယ်တော့ ၎င်းတို့ပြောပြသွားသောအကြောင်းများသည် ဒေါက်တာမင်းထင်ကျော်ရင်ထဲ၌ ငုပ်လျှိုးနေသော ဝေဒနာများကို နိုးဆွလိုက်သကဲ့သို့ရှိနေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ချစ်သူ၏အုတ်ဂူကလေးကိုကြည့်ကာ ရင်ထဲမှာ ဆို့နင့်နေသည်။

အဝေးဆီမှ စောဒေဝီ၏ခေါ်သံသဲ့သဲ့ကို ကြားနေရလေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

## တစ်ကျော့ပြန်ဝင်လာသော ဝိညာဉ်

နောက်တစ်ရက်တွင် ဒေါက်တာမင်းထင်ကျော်သည် ဆရာ နော်စတယ်လာ၏ စာသင်ကျောင်းရှိရာသို့ လိုက်သွားလေသည်။

စတယ်လာ၏ကျောင်းမှာ ရွာများနှင့် မနီးမဝေးတောင်ကုန်း တစ်ခုအနီးမှာရှိလေသည်။

စတယ်လာက သူ့ကိုမြင်တော့ ကျောင်းပြင်ထွက်လာသည်။

"မြနှင်းဖြူ ကျောင်းလာတတ်သလား ဆရာမ"

"ဟင့်အင်း ... သူ မလာဘူး၊ သူက မမှန်ဘူး။ လာချင်တဲ့အခါ လာတယ်၊ ကိစ္စရှိလို့လား ဆရာ"

"ဟုတ်တယ် ဆရာမ၊ ကျွန်တော် ဆရာမနဲ့တိုင်ပင်စရာလေး တွေရှိလို့"





"အဲဒါဖြင့် ခဏလေးစောင့်ပါနော်၊ ကျွန်မရဲ့ကလေးတွေကို အနားပေးလိုက်ဦးမယ်"

ဟု ပြောဆိုကာ စတယ်လာက ကျောင်းထဲသို့ပြန်ဝင်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာပြီး ဒေါက်တာမင်းထင်ကျော်နှင့် လိုက်လာသည်။

"ဆရာမကိုတော့ မြနှင်းဖြူနဲ့ပတ်သက်ပြီး ပြောသင့်တာတွေ ပြောပါရစေ"

"ပြောပါ ဆရာ"

"ဒီလိုပါ၊ လွန်ခဲ့တဲ့နှစ်ကာလက ဒီနေရာမှာ မီးတောင်တစ်ကြိမ် ပေါက်တော့ ကျွန်တော်တို့သင်္ဘောတစ်စင်း ပေါက်ကွဲသွားပါတယ်၊ အဲဒီမှာ ကျွန်တော့်ချစ်သူ စောဒေဝီလည်း ပါသွားပါတယ်"

"စောဒေဝီ... ဟုတ်လား။ ဒီနာမည်ကို ကျွန်မ ကြားဖူးနေသလိုပဲ၊ ဪ ... မှတ်မိပြီ မှတ်မိပြီ၊ မြနှင်းဖြူ ပင်လယ်ကမ်းခြေမှာတွေ့တဲ့ အမျိုးသမီးရဲ့နာမည်က စောဒေဝီလို့ ပြောသံကြားမိတယ်။ သူ့ အလောင်းကိုတော့ နတ်ဆရာဇမုန်းထန်က တောင်ကုန်းတစ်ခုပေါ်မှာ မြှုပ်ပေးလိုက်တယ်လို့ သတင်းကြားလိုက်တယ်"

"ဟုတ်ပါတယ်၊ အဲဒီအမျိုးသမီးပါပဲ"

"သူက မြနှင်းဖြူနဲ့ ဘယ်လိုပတ်သက်နေလဲဟင်..."

"ဆရာမ ဝိညာဉ်ပူးကပ်ခြင်းနဲ့ပတ်သက်ပြီး လက်ခံမလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ခရစ်ယာန်ဘာသာဝင်တစ်ယောက်ပေမယ့် ဝိညာဉ်ရှိတယ်လို့ လက်ခံပါတယ်"

"သေသွားတဲ့စောဒေဝီရဲ့ဝိညာဉ်ဟာ မြနှင်းဖြူဆီမှာ ပူးကပ်နေတယ်ဆိုတာ ကျွန်ုပ်သော် တွေ့ခဲ့ရတယ်"

"ဘယ်လိုအထောက်အထားမျိုးတွေ့ရလို့လဲဟင်"

"သူ့အိမ်က နံရံပေါ်မှာ စောဒေဝီရဲ့ပုံကို သူ့လက်နဲ့ရေးဆွဲနေတာကို ကျွန်တော် မြင်ခဲ့ရတယ်"

"ဟင် ... တကယ်လား"

ဆရာမ စတယ်လာမှာ လွန်စွာ အံ့ဩသွားဟန်ရှိလေသည်။

"သူ စောဒေဝီကို တစ်ကြိမ်မြင်ဖူးလိုက်တယ်ဆိုပေမယ့် အခုလို ဓာတ်ပုံရိုက်ထားသလို ခွတ်စွပ်ကြီးတူနေဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ နောက်ထပ်မဖြစ်နိုင်ဘူး။ နောက် မြနှင်းဖြူကိုရိုက်ထားတဲ့ဓာတ်ပုံတွေကို သဘော်ထဲမှာ ပြန်ကူးကြည့်လိုက်တော့ သူ့ရဲ့နောက်မှာရပ်နေတဲ့ ပုံရိပ်တစ်ခု ပါ,ပါနေတယ်။ နောက်တစ်ပုံမှာတော့ မြနှင်းဖြူပုံ ပျောက်နေပြီး တစ်ကိုယ်လုံး မီးတွေလောင်နေတဲ့ စောဒေဝီရဲ့ပုံ ပေါ်နေတာကို တွေ့ရတယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က ဓာတ်ပုံများကို စတယ်လာအား လှမ်းပေးလိုက်သည်။ စတယ်လာက ဓာတ်ပုံများကို တစ်ပုံချင်းကြည့်ကာ အံ့ဩနေဟန်ရှိလေသည်။

"တော်တော်အံ့ဩဖို့ကောင်းတယ်နော်၊ ကျွန်မ တစ်သက်မှာ





ဝိညာဉ်နဲ့ပတ်သက်ပြီး ထူးဆန်းတာမျိုး တစ်ခါမှ မကြုံခဲ့ဖူးသေးဘူး"

ဟု ပြောကာ ဓာတ်ပုံများကို ဒေါက်တာမင်းထင်ကျော်အား ပြန်ပေးသည်။

"ဒါက ကိုယ်ဆိုင်မှုတစ်ခုတော့မဟုတ်ဘူး ဆရာမ"

"အခု ကျွန်မ ဘယ်လိုအကူအညီပေးရမလဲ"

"ကျွန်တော် မြနှင်းဖြူနေတဲ့အိမ်ကို တစ်ခေါက်လောက် သွားကြည့်ချင်ပါတယ်၊ ဆရာမ လိုက်ပို့ပေးပါ"

"သူ့အဘိုးက သူ့အိမ်ကို တခြားလူတွေလာတာ လုံးဝမကြိုက်ဘူး။ သူ့ကြည့်တော့လဲ အမြဲတမ်းလိုလို အရက်ကမူးနေတော့တာပဲ၊ ကျွန်မတို့သွားရင် သူ့အတွက် အရက်တစ်ပုလင်းလောက် ယူသွားရမယ်"

"ဘာအတွက်လဲ"

"သူ့ကိုပေးဖို့ပေါ့။ အရက် တစ်ပုလင်းလောက် လက်ဆောင်ပေးလိုက်ရင် ကျွန်မတို့လုပ်ချင်တာတွေကို လုပ်ခွင့်ပေးမှာပါ"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မိမိတို့စခန်းချရာဘက်မှ လှည့်လာပြီး နိုင်ငံခြားဖြစ်အရက်ဘာစ်ပုလင်းကိုပါ ယူလာခဲ့သည်။

မြနှင်းဖြူတို့အိမ် ...က်ဝရောက်သောအခါ ဦးမွန်ထော်ကိုတွေ့ရသည်။ ဦးမွန်ထော်က ဒေါက်တာမင်းထင်ကျော်အားမြင်သောအခါ ဒေါသဖြစ်နေသော အမူအရာဖြင့်ကြည့်ပြီး တံခါးဖွင့်မပေးချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အထဲဝင်ပါရစေ"

"ဘာကိစ္စလဲ"

"ဒီညွှန့်သည်က နည်းနည်းကြည့်စရာရှိလို့ပါ"

"ရှုပ်ရှုပ်ယှက်ယှက် လက်မခံနိုင်ပါဘူး"

ထိုသို့ပြောစဉ် စတယ်လာက ဒေါက်တာမင်းထင်ကျော်ထံမှ အရက်ပုလင်းကိုယူ၍ ဦးမွန်ထော်အား ပေးလိုက်သည်။ ဦးမွန်ထော်မှာ နိုင်ငံခြားဖြစ်အရက်ကိုမြင်သောအခါ ဟန်မဆောင်နိုင်တော့ဘဲ တံခါးဖွင့်ကာ အပြင်သို့ထွက်လာပြီး အရက်ပုလင်းကို လာယူသည်။

စတယ်လာက ဖွင့်ထားသောတံခါးပေါက်မှ အတွင်းသို့ အရင် ဝင်သွားလေသည်။ ခဏကြာမှ ဒေါက်တာမင်းထင်ကျော်ကို လာခေါ်သဖြင့် ဝင်လိုက်သွားသည်။

ဦးမွန်ထော်ကတော့ ဘာကိုမှဂရုမစိုက်တော့ဘဲ အရက် တစ် ပုလင်းနှင့် အလုပ်ရှုပ်နေလေသည်။

အိမ်အတွင်းမှာ မြနှင်းဖြူကို မတွေ့ရပေ။ သို့သော် သူမနေထိုင်ရာအခန်းရှိ့ဟုသို့ရောက်သောအခါ အခန်းနံရံ၌ ဆေးရောင်များဖြင့် ရေးဆွဲထားသောပုံများကို တွေ့ရသဖြင့် စတယ်လာမှာ အံ့ဩနေ လေသည်။

"ဘာပုံတွေလဲဟင်၊ ဒါ ဘယ်သူရေးဆွဲထားတာလဲ"

"ဒီပုံတွေကို မြနှင်းဖြူ ရေးထားတဲ့ပုံတွေပါ"

"အဓိပ္ပာယ်က ဘာလဲဟင်"





"မီးတောင်တစ်လုံး ပေါက်ကွဲတော့မယ့်သင်္ကေတနိမိတ်ပုံတွေ ကို ရေးပြထားတာပါ"

"ဟင် ... မြနှင်းဖြူလို စိတ်မနှံ့တဲ့ မိန်းကလေးတစ်ယောက်က ဒီလိုပုံမျိုးတွေ ရေးနိုင်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဟင်"

"သူ့ရဲ့မူလစိတ်နဲ့တော့ ရေးနိုင်မှာမဟုတ်ပါဘူး။ ဒီပုံတွေရေးဖို့ တစ်စုံတစ်ယောက်ရဲ့ ဝိညာဉ်က သူ့ကိုပူးကပ်ပြီးမှ ရေးခဲ့တာဖြစ် မှာပါ"

"အံ့ဩစရာပဲ"

"သူရေးပြထားတဲ့ပုံတွေကိုကြည့်ရင် မကြာခင်မှာ ဒီကျွန်း တစ် ဝိုက်မှာရှိတဲ့ မီးတောင်ပေါက်ကွဲတော့မယ်ဆိုတာ ကြိုတင်သိနိုင်ပါ တယ်"

"မီးတောင်ပေါက်ကွဲတော့မယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ သိပ်မကြာခင်မှာ မီးတောင်တစ်လုံးပေါက်ကွဲ တော့မှာပါ။ ကျွန်တော်တို့ လေ့လာကြည့်ရသလောက်တော့ ဒီတစ်ခါ ပေါက်ကွဲမယ့်မီးတောင်က တခြားနေရာမှာမဟုတ်ပါဘူး"

"ဘယ်... ဘယ်နေရာမှာလဲဟင်"

"ဒီဝိညာဉ်ဖြူကျွန်းကြီးရဲ့ အောက်တည့်တည့်မှာရှိတဲ့ မီးတောင် ကြီးပါ"

"ဟင် ... ဒီလိုပေါက်ရင် ဒီကျွန်းကြီးက ဘယ်လိုဖြစ်မှာလဲဟင်"

"အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီး ရေအောက်မြုပ်သွားမှာပါ။ ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာရှိတဲ့လူတွေလဲ တစ်ယောက်မှ အသက်ရှင်တော့မှာမဟုတ်ပါဘူး"

"အို ... ကြောက်စရာကောင်းလိုက်တာ ဆရာရယ်၊ ဘယ်လိုလုပ်ကြရင်ကောင်းမလဲဟင်"

"ဒါကတော့ နည်းလမ်းရှာရမှာပေါ့၊ ကျွန်တော်တို့အတွင်းဘက်သွားကြည့်ကြရအောင်"

ဟု ပြောကာ အတွင်းခန်းဘက်သို့ ဝင်လာကြသည်။ အတွင်းသို့ရောက်သောအခါ သူ တစ်ခါရောက်စဉ်က မြနှင်းဖြူ ရေးထားသော စာဒေဝီ၏ပုံမှာ နံရံ၌မရှိတော့ပေ။ ထိုနေရာ၌ အကွက်လိုက်ကြီးဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က နံရံပေါ်မှ မီးတောင်နှင့်ပတ်သက်သည့် ရေးဆွဲထားသည်များကို အားလုံးဖြုတ်ကာ လိပ်ယူလာခဲ့လေသည်။

အပြင်ဘက်သို့ရောက်သောအခါ တံခါးပေါက်ဝနားမှာ နိုင်ငံခြားဖြစ်အရက်ကို အကြိုက်တွေ့နေသော ဦးမွန်ထော်ကို တွေ့ရသည်နှင့် ၎င်းလက်ထဲမှအရက်ပုလင်းကို ဒေါက်တာမင်းထင်ကျော်က ဆွဲယူလိုက်သည်။

"ဟော့... ဟော့ ဘာလုပ်တာလဲ၊ ပြန်ပေးပါဟ"

"ခင်ဗျား ကျွန်တော်မေးတာကို အမှန်အတိုင်းမပြောရင် ဒီအရက်တွေကို သွန်ပစ်လိုက်မယ်"





ဒေါက်တာမင်းထင်ကျော်က အရက်ပုလင်းအဖုံးကိုဖွင့်ပြီး သွန်ချဟန်ပြင်လိုက်သည်နှင့် ဦးမွန်ထော်မှာ ပျာပျာသလဲဖြစ်သွားလေသည်။

"ဟော့ ဟော့ မသွန်ပါနဲ့ မင်းမေးချင်တာ မေးပါ၊ ငါ အမှန်အတိုင်းပြောပါမယ်"

"မြနှင်းဖြူအခန်းထဲက ပန်းချီပုံကို ဖျက်ဆီးလိုက်တာ ခင်ဗျားမဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ ငါဖျက်တာမဟုတ်ပါဘူး။ မနေ့ညတုန်းက မိန်းမတစ်ယောက် ရောက်လာပြီးတော့ သူ ဖျက်သွားတာပါ"

"ဘယ်ကမိန်းမလဲ"

"ငါလဲ သူ့ကို မမြင်ဖူးပါဘူး၊ သိလဲမသိပါဘူး။ သူက ဒီကျွန်းမှာနေတဲ့သူ ဟုတ်ဟန်မတူဘူး။ အဲ ... ဒါပေမယ့် အဲဒီမိန်းမရဲ့ မျက်နှာပေါက်က ငါ့မြေး မြနှင်းဖြူနဲ့တော့ အတော်ကလေးဆင်သဟ"

ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြသွားလေသည်။

"အခု မြနှင်းဖြူ ဘယ်မှာလဲ၊ သူ ဘယ်သွားသလဲ"

"အရင်သွားနေကျဖြစ်တဲ့ တောင်ကုန်းပေါ်က သချိုင်းကို သွားနေတာဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော်က အရက်ပုလင်းကို ဦးမွန်ထော်အား ပြန်ပေးလိုက်သည်။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



စတယ်လာနှင့် သချိုင်းရှိရာသို့ တက်ခဲ့ကြလေသည်။

တောင်ကုန်းပေါ်မှသချိုင်းမှာ ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိသော်လည်း သစ်ရိပ်ဝါးရိပ်များဖြင့် အေးမြမှုရသည့်နေရာဖြစ်သည်။

မြေပုံကလေးများကလည်း သူ့နေရာနှင့်သူ မှတ်တိုင်ကလေးများဖြင့် စနစ်တကျရှိလှသည်။

သချိုင်းဝန်းကျင်တစ်ခုလုံး လေတိုးသံနှင့် ကျေးငှက်အော်သံများမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုတောင်ကုန်းပေါ်မှ လှမ်းကြည့်လျှင် ပင်လယ်ပြင်ကို အတိုင်းသားမြင်နေရသည်။

တောင်ကုန်းနှင့်ရေစပ်ကြားမှာ သောင်ပြန့်တစ်ခုသာ ခြားသဖြင့် ကမ်းစပ်တွင်ဆိုက်ထားသော လှေငယ်ကလေးများကိုပင် အတိုင်းသားမြင်နေရသည်။

"မြနှင်းဖြူ ... မြနှင်းဖြူ"

ဆရာမ စတယ်လာက အသံတိုးတိုးကလေးဖြင့် ခေါ်နေသော်လည်း ပဲ့တင်သံကြောင့် ဟိန်းထွက်နေသည်။

"နှင်းဖြူ ... မြနှင်းဖြူ ..."

ထိုသို့ခေါ်နေစဉ်မှာ သချိုင်းအစွန်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်အောက်မှ မြနှင်းဖြူ ထွက်လာလေသည်။

ထုံးစံအတိုင်း လက်ကလေးနှစ်ဖက်ကို ပွတ်သပ်ရင်း သူတို့ရှိရာသို့ လှမ်းကြည့်နေသည်။





"မြနှင်းဖြူ"

ဒေါက်တာမင်းထင်ကျော်က ခေါ်ရင်း အနားသို့ တဖြည်းဖြည်းကပ်သွားသည်။

မြနှင်းဖြူ၏မျက်နှာပေါ်မှာ လွမ်းစွာစိုးရိမ်ထိတ်လန့်နေဟန် ရှိသည်။

"မြနှင်းဖြူ"

သူတို့နှစ်ယောက် မလှမ်းမကမ်းရောက်သောအခါ မြနှင်းဖြူမှာ တောင်ကုန်းပေါ်မှ လမ်းကလေးအတိုင်း ပင်လယ်ဘက်သို့ ဆင်းသွားလေတော့သည်။

သို့ကြောင့် နှစ်ယောက်သား နောက်မှလိုက်သွားရသည်။

မြနှင်းဖြူသည် သောင်ပြင်ကိုဖြတ်ကာ ပင်လယ်ကမ်းခြေသို့ ဆင်းသွားလေသည်။ သူတို့ မနီးမဝေးရောက်တော့ ရေစပ်မှ ပင်လယ်ထဲသို့ဆင်းသွားကာ မမြော်လင့်ဘဲ ရေနက်ထဲသို့ကျကာ နစ်သွားလေတော့သည်။

"မြနှင်းဖြူ"

ဒေါက်တာမင်းထင်ကျော်သည် မြနှင်းဖြူ ရေအောက်သို့ နစ်မြုပ်သွားသည်ကိုမြင်သောအခါ ချက်ချင်း အပေါ်အင်္ကျီနှင့် အဝတ်အစားများကိုချွတ်ကာ ရေအောက်သို့ဆင်းလိုက်သွားသည်။

သို့သော် ...

ကမ်းခြေတစ်ဝိုက်တွင် လှိုင်းပြန်အနည်းငယ်ရှိနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရှာမတွေ့ဘဲ နောက်တစ်ခေါက် ပြန်ဆင်းရှာတော့မှ ကျောက်ဆောင်တစ်ခုဘေးမှာ မလှုပ်မယှက်ငြိမ်သက်နေပြီဖြစ်သော မြနှင်းဖြူကို ပွေ့ချီ၍ ကမ်းပေါ်သို့ပြန်တက်လာသည်။

သောင်ပြင်ပေါ် ချလိုက်ေ ာ မြနှင်းဖြူမှာ သတိလစ်နေသည်။

သို့ကြောင့် ...

နှာခေါင်းနှင့်ပါးစပ်မှ လေမှုတ်သွင်းကာ ရင်ဘတ်ကို နှစ်ကြိမ် သုံးကြိမ် ဖိထုတ်လိုက်ေ ာ့မှ ပါးစပ်အတွင်းမှ ရေများအန်ထွက်လာလေတော့သည်။

"ဆရာမ ဒီကျွန်းပေါ်မှာ ဆေးခန်းရှိသလား"

"ဟင့်အင်း၊ ဆေးခန်းတော့မရှိဘူး။ ရောဂါဖြစ်ရင်တော့ နတ်ဆရာဆီကိုပဲ ခေါ်သွားကြရတယ်"

"ဒါဖြင့်လဲ အဲဒီကို ခေါ်သွားမှဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူကို ပခုံးပေါ် ထမ်းပြီး နတ်ဆရာကြီး ဖမုန်းထန်ရှိသော ရဲတိုက်ကြီးဆီသို့ သွားကြရသည်။

"ဘာဖြစ်ကာလဲ"

"ရေနစ်ပြီး သတိလစ်နေတဲ့လူနာ ပါလာလို့ပါ"

"ဒါဖြင့် အခန်းထဲခေါ်ခဲ့"

အခန်းထဲရောက်တော့ မြနှင်းဖြူကို ခုတ ်ပေါ် တင်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သူမ၏မျက်နှာလေးကို တစ်ချက်ကြည့်လိုက်တော့ လုံးဝ အသက်မရှုတော့သည်ကို သတိပြုမိလိုက်





သည်။

ထိုအချိန်မှာပင် နတ်ဆရာကြီးက ၎င်း၏နတ်ဆရာကိုင်သော အလွယ်အိတ်ကြီးနှင့် ဝင်လာလေသည်။

"ဖယ် ... ဖယ်၊ ကျုပ် စမ်းကြည့်ပေးမယ်"

နတ်ဆရာကြီး ဖမုန်းထန်က မြနှင်းဖြူ၏ရင်ဘတ်၊ လက်ကောက်ဝတ်၊ လည်ပင်း၊ မျက်လုံး အစရှိသည်တို့ကို လိုက်လံစမ်းသပ်ပြီးနောက် ဦးခေါင်းကို ဖြည်းလေးစွာခါလိုက်လေသည်။

"လူနာမှာ အသက်မရှိတော့ပါဘူး"

ထိုစကားကြောင့် ဆရာမ စတယ်လာထံမှ 'ဟင့်'ခနဲငိုသံ တစ်ချက်ထွက်လာသည်။ ဒေါက်တာ ါးထင်ကျော်၏ရင်ထဲမှာလည်း ဒိုက်ခနဲဖြစ်သွားသည်။

"မဖြစ်နိုင်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး"

ဟု ရေရွတ်ကာ သူကိုယ်တိုင် အနားကပ်သွားပြီးစမ်းကြည့်လိုက်တော့ သူမတစ်ကိုယ်လုံးမှာ ရေခဲတုံးကဲ့သို့ အေးစက်နေကာ လုံးဝ အသက်မရှုတော့သလို ငြိမ်သက်နေလေပြီ။

"ဖြစ်ရလေ မြနှင်းဖြူရယ်"

ဒေါက်တာမင်းထင်ကျော်က မချိတင်ကဲရေရွတ်ရင်း အနားမှ ထိုင်ချသည့်ထွက်လိုက်စဉ် မြနှင်းဖြူ၏ လက်တစ်ဖက်မှာ ရုတ်တရက် ကြွက်တက်လာပြီး သူ့လက်ကို ဖမ်းဆုပ်ကိုင်လိုက်သည်။

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟား ..."

"ဟယ် ..."

လှည့်ကြည့်လိုက်တော့လည်း မြနှင်းဖြူမှာ ငြိမ်သက်မြဲ ငြိမ်သက်လျက်ရှိနေပြီး ကိုင်ယ ားသောလက်ကတော့ မလွှတ်ပေ။

"သေသူရဲ့ ဝိညာဉ် တစ်ကျော့ပြန်ဝင်လာပြီ"

"သေသူရဲ့ ဝိညာဉ် တစ်ကျော့ပြန်ဝင်လာပြီ"

ဟု ရေရွတ်ကာ နတ်ဆရာက သူ့ဆေးလွယ်အိတ်ထဲမှ ပစ္စည်းများကိုထုတ်လိုက်သည်။

နတ်ဆရာ၏ဆေးအိတ်မှာ သူ အမြဲဆေ ်လေ့ရှိသော ရေစိမ်ခဲထားသည့် ခနိရွက်၊ အုန်းရွက်တို့ဖြင့် ရက်လုပ်ထားခြင်းဖြစ်ပြီးအောက်တွင် ပစ္စည်းများထည့်ကာ အပေါ်မှ ခေါက်ချိုးချထားခြင်းဖြစ်သည်။

ဆေးအိတ်ထဲမှာ ဖယောင်းဖြင့်ပြုလုပ်ထားသော လူပုံသဏ္ဌာန်အရုပ်တစ်ရုပ်၊ ကြိုးစဖြင့်ပတ်ချည်ထားသော ဘီလူးရုပ်ပုံတစ်ခု၊ ဝါးခွက်ငယ်ကလေးဖြင့်ထည့်ထားသော နီညိုညိုသဲမှုန့်များ၊ ဝါးရွက်ဖြင့်လိပ်ထားသော အလိပ်ကလေးများဖြင့် ငါးမေးရိုးကြီးတစ်စုံတို့ ပါလေသည်။

နတ်ဆရာဖမုန်းထန်သည် အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိကာ ၎င်းကိုင်ဆောင်သော လက် ါးကာပ်တိုင်သဏ္ဌာန်ပါသောတောင်ဝှေးဖြင့် မြနှင်းဖြူ၏ရင်ဝတစ်ဝိုက်ကို ထောက်ကာ ထောက်ကာ ပါးစပ်မှလည်း တတွတ်တွတ်ရွတ်ဆို၍ ်န်းမှုတ်ပေးလေရာ





အတန်ကြာသောအခါ မြနှင်းဖြူမှာ 'တအင်အင်'ညည်းညူ၍ သတိပြန်ရလာသည်။

ခဏကြာတော့ ဖျတ်ခနဲမျက်လုံးပွင့်လာကာ ဒေါက်တာ မင်းထင်ကျော်ကိုကြည့်နေသည်။

"ဟော ... သတိပြန်ရလာပြီ၊ သတိပြန်ရလာပြီ"

ဆရာမ စတယ်လာက ဝမ်းသာအားရအော်ပြောလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးကို ပြန်လည်ဆုပ်ကိုင်ကာ ...

"မင်း သတိပြန်ရလာပြီလား မြနှင်းဖြူ"

ဟု မေးလိုက်သည်။

ထိုအခါ သူမ၏နှုတ်ခမ်းပေါ်မှာ အပြုံးရိပ်ကလေးတစ်ချ ်သမ်းသွားပြီး သူ့ကို ရင်းရင်းနှီးနှီးသိသောအကြည့်တို့ဖြင့် ကြည့်နေလေရာ ဒေါက်တာမင်းထင်ကျော်မှာ များစွာ အံ့သြသွားလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## ကြောက်မက်ဖွယ်ရာအန္တရာယ်နိမိတ်များ

နောက်ရက်တွင် ဒေါက်တာမင်းထင်ကျော်တို့ ပင်လယ်ခ
သား သဘော်နံဘေးသို့ သစ်သားရုပ်တုကြီးတစ်ရုပ် လာရော
ကပ်နေသဖြင့် ငမဲအောင်က ထိုးဝါးဖြင့် ရေလယ်သို့ရောက်အော
ထိုးထုတ်ပစ်လိုက်သည်။

နံနက်ပိုင်းကတွေ့သဖြင့် ထိုးထုတ်ပစ်လိုက်ရာ ရေစီးနှင့် မျော
ပါသွားပြီးမှ ညနေပိုင်းလောက်ရောက်တော့ ထိုအရုပ်က သဘော
နံဘေးသို့ ပြန်ကပ်နေပြန်သည်။

ငမဲအောင် ထိုးဝါးဖြင့်ထိုးထုတ်ပစ်လိုက်ပြန်သည်။

အရုပ်မှာ နှစ်ပေခန့်သာရှိပြီး သစ်သားဖြင့်ထုလုပ်ထားသော
လည်း ရေလှိုင်းများတိုက်စားထားမှုဒဏ်ကြောင့် အရောင်အဆင





သော်တော့သဖြင့် မည်သည့်အရုပ်ဖြစ်မည်မှန်း မသိနိုင်တော့ပေ။

ဒေါက်တာမင်းထင်ကျော်မှာ ၎င်း၏အခန်းထဲတွင် မြန်နင်းဖြူ၏
ခန်းထဲမှ ဖြတ်ယူလာသည့်စာရွက်များနှင့် အလုပ်ရှုပ်နေသော
ကြောင့် ထိုကိစ္စကို မသိလိုက်ပေ။

ဒေါက်တာမင်းထင်ကျော်သည် သဘော်၏ကြမ်းပြင်ပေါ်မှာ
ရွက်များကိုချထားပြီး မည်သို့မည်ပုံ ဆက်စပ်ရမည်ကို မသိနိုင်
အောင်ဖြစ်နေတော့သည်။

ထိုအချိန်မှာပင် ငမဲအောင် ထိုးထုတ်လိုက်သောအရုပ်မှာ
သဘော်နံဘေးသို့ နောက်တစ်ကြိမ် လာကပ်ပြန်ပြီဖြစ်သဖြင့် ငမဲ
အောင်မှာ နောက်ထပ်ထိုးထုတ်ရမည်ကို မဝံ့မရဲအောင်ဖြစ်နေတော့
သည်။ သို့ကြောင့် ထိုအကြောင်းကို ဦးဗန်ကောင်းကို သွားပြောရ
သည်။

"အဘ သဘော်နံဘေးမှာ သစ်သားရုပ်တစ်ရုပ် လာကပ်နေ
တာတွေ့လို့ ထိုးထုတ်ပစ်တာ နှစ်ခါ သုံးခါရှိပြီ၊ ဒါပေမယ့် မဘူး၊
လာပြီး ကပ်ကပ်နေတယ်

"ဘာရုပ်လဲ"

"ကျွန်တော်လဲ သိပ်မသိဘူး၊ လူရုပ်လိုလို ဘာလိုလိုပဲ"

သို့ကြောင့် ဦးဗန်ကောင်းကိုယ်တိုင် လိုက်ကြည့်သည်။

အချိန်မှာ နေဝင်ရီတရောအချိန်ဖြစ်သောကြောင့် ပင်လယ်
ကန့်ပြင်ပေါ်မှာ အလင်းရောင်သိပ်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ငုံ့ကြည့်ပြီး စိတ်ထဲမှာ တစ်မျိုးတစ်မည်ထ
လိုက်မိသောကြောင့် ဒေါက်တာမင်းထင်ကျော်အခန်းသို့သွားကျ
သတင်းပို့လိုက်သည်။

"မောင်ထင်ကျော် တို့သင်္ဘောနံဘေးမှာ အရုပ်တစ်ရုပ်
ကပ်နေတယ်၊ မင်း လာကြည့်ရင် ပိုကောင်းမယ်"

"ဘာအရုပ်လဲ ဦးဗန်ကောင်း"

"ထူးခြားတဲ့အရုပ်တစ်ရုပ်ဖြစ်မယ်လို့တော့ထင်တာပဲ"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် သင်္ဘော
ပတ်ပေါ် တက်သွားပြီး ထိုနေရာသို့သွားကြည့်သည်။

သင်္ဘောက ကျောက်ဆောင်များနှင့်လွတ်ကင်းရာ ရေလ
ကောင်တွင်ရပ်ထားသဖြင့် ရေစီးကြောင်းများ လှုပ်ရှားနေ
နေရာပင်ဖြစ်သည်။ လှိုင်းများက သင်္ဘောနံဘေးသို့ တဝုန်းဝုန်း
သာရောက် ပုတ်ခတ်နေသည်။

သင်္ဘောဘေးနားမှာ အရုပ်တစ်ရုပ်ကပ်နေသည်ကိုမြင်ရသ

"ကျွန်တော် ထိုးဝါးနဲ့ အပြင်ဘက်ကိုထိုးထုတ်တာ နှစ်ကြိ
နေပြီ၊ ဒါပေမယ့် မရဘူး။ အပြင်ထိုးထုတ်လိုက်ရင်လဲ ခဏပဲ၊
ကြာ ပြန်လာကပ်နေတာပဲ"

ဟု ငမဲအောင်က ပြောပြသည်။

"ဆယ်ကြည့်မလား မောင်ထင်ကျော်"

"ဦးဗန်ကောင်း သဘောပဲ၊ ဆယ်ရင် ဆယ်ကြည့်လိုက်ေ





ဟု ပြောသဖြင့် ဦးဗန်ကောင်းက ငမဲအောင်နှင့်စောထီးကို
ဆယ်တင်ရန်ပြောလိုက်သည်။

ထိုအခါ နှစ်ယောက်သား သင်္ဘောပေါ်မှ ကြိုးလှေကားချကာ
ဆင်းသွားကြ သည်။

ခဏကြာတော့ အရုပ်တစ်ရုပ်ကို အပေါ်သို့တင်ယူလာကြ
သည်။ သင်္ဘောပေါ် ရောက်သောအခါ ဦးဗန်ကောင်း က ...

"ဟာ ... ဒါ ရှင်ဥပဂုတ္တပုံတော်ပါလား"

ဟု တအံ့တသြ ပြောလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က အရုပ်ကိုယူပြီး အသေအချာ
ကြည့်လိုက်လေ●ည်။

ပုံတော်မှာ နှစ်ပေခန့်အမြင့်ရှိပြီး သင်္ကန်း၊ သပိတ် စသော
ပရိက္ခရာများ အစုံအလင်ပါသည်။

တင်ပျဉ်ခွေထိုင်ကာ သပိတ်ထဲကို လက်တော်နှိုက်၍ အပေါ်
သို့ ခေါင်းမော့ထားသောပုံတော်ဖြစ်သည်။

ကျွန်းသားနှင့်ထုလုပ်ထားတာဖြစ်ပြီး ရေလှိုင်းများပုတ်ခတ်မှု
ဒဏ်ကြောင့် ဆေးရောင်ဗေ ါးက မရှိတော့ပေ။

"တို့တွေ ကံထူးတာပဲ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဆိုတာ
ပင်လယ်မှာသွားလာနေကြသူတွေအတွက် တန်ခိုးရှင်ပဲ၊ ကယ်ဆောင်
ရှင်ဆိုလဲ ဟုတ်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရေမိုးသန့်စင်ပြီး သင်္ဘောရဲ့ဘုရားခန်းမှာ ထားရမယ်လေ၊ ရန်ကုန်ပြန်ရောက်မှ ရွှေချရမယ်"

ဟု ပြောဆိုကာ သင်္ဘောဦးခန်းအတွင်းသို့ သယ်ယူလာကြသည်။

"အဘ ရှင်ဥပဂုတ္တဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ နည်းနည်းလောက်ပြောပြပါလား"

ဇမ်အောင်က မေးလိုက်သည်။

"ရှင်ဥပဂုတ္တဆိုတာ သေလေးပါး၊ ရှင်လေးပါးထဲမှာပါတဲ့ ရဟန္တာအရှင်သူမြတ်တစ်ပါးပဲ"

"သေလေးပါး၊ ရှင်လေးပါး ဆိုတာ ဘယ်လိုဟာမျိုးလဲဟင်"

"မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်မှာ ယခုအချိန်ထိ ရုပ်ခန္ဓာမပျက်မစီးဘဲကျန်နေတဲ့ ရဟန္တာအရှင်သူမြတ်(၈)ပါးရှိတယ်၊ အသက်မရှိတာ လေးပါး၊ အသက်ရှိတာ လေးပါးပေါ့"

"ပြောပါဦး အဘ"

"သေလေးပါး စာရင်းဝင်တဲ့ ရှင်မဟာကဿပမထေရ်မြတ်ကြီးက ဝေဘာရတောင်ရဲ့ ကျောက်လိုဏ်ခေါင်းထဲမှာရှိတယ်၊ အရှင်ဥတ္တမမထေရ်ကတော့ သုဘာသာရတောင်မှာရှိပါတယ်၊ ဓမ္မမထေရ်ကတော့ ဝေမိဿကတောင်မှာရှိပါတယ်၊ ဥဇေရမထေရ်မြတ်ကတော့ မကုလတောင်မှာရှိပါတယ်၊ အဲဒါ သေလေးပါးစာရင်းဝင် ရဟန္တာအရှင်သူမြတ်လေးပါးဖြစ်တယ်"





"ရှင်လေးပါးလဲ ပြောပြပါဦး အဘ"

စောထီး က ဝင်မေးလိုက်သည်။

"ရှင်လေးပါးဆိုတာက တောင်သမုဒ္ဒရာမှာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး ရှိတယ်၊ အနောက်သမုဒ္ဒရာမှာ ဓမ္မာရမထေရ်မြတ်ကြီးရှိတယ်၊ မြောက်သမုဒ္ဒရာမှာ ဘဒ္ဒမထေရ်မြတ် ရှိတယ်၊ အရှေ့သမုဒ္ဒရာမှာတော့ ဓမ္မသာရမထေရ်မြတ်ရှိတယ်။ အဲဒါက ရှင်လေးပါးစာရင်းဝင် ရဟန္တာအရှင်သူမြတ်လေးပါးပေါ့"

ဟု ရှင်းပြလေသည်။

"ဒါဖြင့် အခု ကျွန်တော်တို့ရဲ့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးက ကျွန်တော်တို့သင်္ဘောတွေ အမြဲသွားလာနေတဲ့ တောင်သမုဒ္ဒရာ ပင်လယ်ပြင်မှာ ရှိတာပေါ့နော်"

"ဟုတ်တယ်၊ အဲဒီမှာ ကြေးပြာသာဒ်နဲ့စံနေတာ"

"ဒါဖြင့် သမုဒ္ဒရာမှာ ဒုက္ခရောက်နေတဲ့သူတွေကို ကယ်ဆယ်ပေးနိုင်တာပေါ့နော်"

"ဟုတ်တယ်၊ ပင်လယ်ပြင်မှာ သင်္ဘောပျက်တဲ့သူတွေနဲ့ မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေတဲ့ ဒုက္ခသည်တွေကို ရှင်ဥပဂုတ္တ ရဟန္တာအရှင်သူမြတ် ‹ ‹ယ်တင်လို့ လွတ်မြောက်ခဲ့တဲ့ မှတ်တမ်းတွေ အများကြီးရှိတယ်"

"စိတ်ဝင်စားစရာပဲ"

"အဘ ပြောသလိုဆို ကျွန်တော်တို့တစ်တွေက ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ သွားလာနေကြတာဆိုတော့ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး အခုလို သင်္ဘောပေါ်ရောက်လာတာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့နော် အဘ”

“ဒါပေါ့ကွာ၊ ရဟန္တာရှပ်တုတော် ကြွလာမှတော့ အားလုံး အတွက် ကံကောင်းပြီပေါ့”

ဟု ပြောဆိုကာ ရှင်ဥပဂုတ္တရုပ်တုတော်အား ရေသန့်စင်၍ အမွှေးနံ့သာများသုတ်လိမ်းကာ သင်္ဘော၏ဘုရားစင်ပေါ်တွင် တင် ထားလိုက်လေသည်။

ထိုအချိန်တွင် ပင်လယ်ပြင်ပေါ်မှာ အမှောင်ရိပ်သမ်းလာပြီး ကောင်းကင်ပြင်ပေါ်တွင် လထွက်လာချေပြီ။

လပြည့်ခါနီးပြီဖြစ်သောကြောင့် လရောင်မှာ ပိုမိုအားကောင်း လျက်ရှိနေတော့သည်။

ပင်လယ်ရေမျက်နှာပြင်တစ်ခုလုံး ငွေရောင်သမ်းထားသည့် နှယ် လှပတင့်တယ်လျက်ရှိနေသည်။

သင်္ဘောပေါ်မှလှမ်းကြည့်လျှင် လသည် ဝိညာဉ်ဖြူတောင် ပေါ်မှ တောင်မြင့်ကြီးရှိရာသို့ တရွေ့ရွေ့ချဉ်းကပ်သွားနေသကဲ့သို့ ရှိနေသည်။

သင်္ဘောပြတင်းပေါက်ရှိရာမှ အပြင်ဘက်သို့ငေးကြည့်ကာ စဉ်းစားနေသော ဒေါက်တာမင်းထင်ကျော်မှာ ထူးခြားသော လ၏ ရွေ့လျားပုံကိုကြည့်ပြီး သတိပြုမိသွားသည်။





“ဟင် ... လရဲ့နံဘေးမှာ အမည်းရောင်စက်ဝိုင်းကြီးတစ်ခု ပေါ် နေပါလား။ နေနဲ့လ ထပ်တော့မယ်ဆိုတာ ဒါပဲဖြစ်ရမယ်၊ နောက်ပြီး လရဲ့ရွေ့လျားပုံကိုကြည့်ရတာ မကြာခင် တောင်မြင့်ကြီးရဲ့ထိပ် တည့်တည့်ကိုရောက်တော့မယ့်ပုံပဲ၊ အဲဒီလိုဖြစ်နေတာကို ငါ ဘယ် နေရာမှာတွေ့ဖူးပါလိမ့်”

ဟု အသေအချာ စဉ်းစားကြည့်မိသည်။

ယခုမြင်နေရသော ဖြစ်ပျက်နေပုံများမှာ မြနှင်းဖြူ၏အခန်းထဲ မှ ဖြုတ်ယူလာသောစာရွက်များပေါ်တွင် ရေးထားမှန်း သတိရ လိုက်သဖြင့် ချက်ချင်း အခန်းထဲသို့ပြန်ဝင်ကာ ကြမ်းပြင်ပေါ်တွင် ဖြန့်ကျဲနေသော စာရွက်များကို လိုက်လံစုစည်းလိုက်သည်။

“ဒါက လဆန်းရက် လတွက်စ,ပုံပဲ”

ထိုစာရွက်ကို ချထားသည်။

“ဟင် ... ဒါက လဆန်းရက်မှာ နေက လနားကို တဖြည်းဖြည်း ကပ်လာနေတဲ့ပုံပါလား”

စာရွက်ကို ပြန်ချသည်။ နောက်တစ်ရွက်ကိုယူကြည့်သည်။

“ဒါက ကောင်းကင်မှာ နေနဲ့လ နီးကပ်လာလို့ မြေအောက်မှာ ရှိတဲ့ ချော်ရည်ပူတွေ ဆူတက်လာတဲ့ပုံကို မြေနီမှုန့်တွေနဲ့ ရေးပြ[illegible] တာပဲ”

ထိုစာရွက်ကို အောက်သို့ချသည်။

“ဟင် ... ဒါက နေနဲ့လ ထပ်မိသွားပြီး တောင်မြင့်ကြီးရဲ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ကို လရောင်ကျလိုက်တာနဲ့ မြေအောက်မှာရှိတဲ့ ချော်ရည်ပူတွေ ပွက်ပွက်ဆူထလာပြီး မီးတောင်တွေ တစ်ပြိုင်နက်ပေါက်ကွဲတော့မယ့်သင်္ကေတပုံတွေပဲ"

ဤသို့ဖြင့် တစ်ယောက်တည်းရေရွတ်ရင်း စာရွက်များကို အစဉ်လိုက်အတိုင်း တစ်ရွက်ပြီးတစ်ရွက်ယူဉ်ချကာ အဓိပ္ပာယ်ဖော်ကြည့်လိုက်သောအခါ အောက်ပါ ဖြေကို တွေ့ရလေသည်။

"လ,အနားသို့ နေက တဖြည်းဖြည်းတိုးကပ်လာနေသည်။ မြေအောက်မှာ တုန်လှုပ်မှုများဖြစ်ပေါ်လာပြီး လျှော်များ မကြာခဏ လှုပ်လာသည်။ ချော်ရည်များပွက်ဆူစ ပြုလာသည်။ မကြာမီ နေလမ်းကြောင်းပေါ်သို့ လ ရောက်သွားပြီး နေနှင့်လ တစ်ထပ်တည်းကျတော့မည်။

ထိုဆွဲငင်အားနှစ်ခုကြောင့် မြေအောက်မှမီးတောင်များ ကြွတက်လာပြီး တစ်ပြိုင်နက်တည်းပေါက်ကွဲကြတော့မည်။ မီးတောင်ကြီး အပြင်းထန်ဆုံးပေါက်ကွဲတော့မည်"

ဟူသော အဓိပ္ပာယ်များကို ဖော်မိလေသည်။

"ဟာ ... ဒီလိုဆိုရင် မနက်လင်းတာနဲ့ မြေအောက်လိုဏ်ခေါင်းတွေထဲကိုဝင်ပြီး သုတေသနလုပ်ရမယ်။ ဒီလို အခွင့်အရေးမျိုးက ဘယ်တော့မှရဖို့မလွယ်ဘူး"

"ဟုတ်ပြီ၊ မနက်ဖြန်မနက်စောစော နီမောင်ကိုပါ သွားခေါ်ပြီး ဂူထဲဝင်ရမယ်"





ဟု ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့နံနက်စောစောမှာပင် စောထီးနှင့်ငမဲအောင်ကိုခေါ်ပြီး နီမောင်ဆီသို့လိုက်သွားကြသည်။

နီမောင့်ကို သူ့အိမ်မှာ အဆင်သင့်တွေ့ကြရသည်။

"နီမောင်ရေ အခြေအနေကတော့ အရေးကြီးလာပြီ၊ ညက နေနဲ့လ တစ်ဝက်လောက်ထပ်သွားတာကို တွေ့လိုက်ရတယ်"

"ဟုတ်တယ်၊ ညက ကျွန်တော်လဲ သတိပြုမိလိုက်တယ်၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ကျွန်တော်တော့ မြေအောက်ဂူတွေထဲမှာ မြန်နင်းဖြူ ဖော်ပြထားတဲ့နေရာတွေကို ဝင်ပြီး သုတေသနလုပ်ကြည့်ချင်တယ်၊ ဒါကြောင့် နီမောင်ကို လာခေါ်တာပါ"

"လိုက်ခဲ့မယ်လေ၊ ကျွန်တော်ကလဲ အဲဒီလိုစွန့်စွန့်စားစားလုပ်ရတာမျိုးကို သိပ်ပြီးဝါသနာပါတယ်"

ဟု ပြောဆိုနေစဉ် သူတို့ရှိရာသို့ ဆရာမ စတယ်လာ ရောက်လာလေတော့သည်။

"ဆရာ... ဆရာ မြန်နင်းဖြူ သတိကောင်းကောင်း ပြန်ရနေပါပြီ၊ ဒါပေမယ့် ဘယ်လိုဖြစ်တယ်မသိဘူး၊ အိပ်နေရာကနေပြီး အတင်းထနေလို့ ဆရာ ခဏလေးလိုက်ကြည့်ပေးပါ"

ဟု လာခေါ်သဖြင့် နီမောင်တို့ကိုထားခဲ့ပြီး ဒေါက်တာမင်းထင်တစ်ယောက်တည်း လိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာနေသော ရဲတိုက်ဟောင်းကြီးအနီး မရောက်မီမှာပင် အလန့်တကြား ထပျံနေသောငှက်များကို မြင်နေရသည်။

တံခါးဝသို့ရောက်သောအခါ အတွင်းဘက်ဆီမှ စူးစူးဝါးဝါး အော်ဟစ်နေသော မြနှင်းဖြူ၏အော်သံကို ကြားရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ အခန်းထဲရောက်သွားသောအခါ ခုတင်ပေါ်မှ အတင်းကျုံးသော မြနှင်းဖြူကို သူ၏အဘိုး ဦးမြ ထော်နှင့် နတ်ဆရာ၏တပည့်များက ဝိုင်းဝန်းဖိချုပ်နေသည်ကို လှမ်းမြင်ရသည်။

မြနှင်းဖြူမှာမျက်လုံးမှိတ်ထားသော်လည်း ပါးစပ်မှ စူးစူးဝါးဝါး အော်ဟစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ခုတင်ခြေရင်း၌ရပ်ကာ ...

"သူ့ကို ခဏလေးလွှတ်ပေးကြည့်ပါ"

ဟု ပြောလိုက်သည်။

သို့ကြောင့် ...

ဖိကိုင်ထားသောလက်များကို တစ်ပြိုင်နက်တည်းလို လွှတ် ပေးလိုက်ကြရာ မြနှင်းဖြူမှာ အိပ်မောကျနေသူတစ်ယောက်ကဲ့သို့ ခုတင်ပေါ်မှ ငြိမ်ကျသွားလေသည်။

ထိုအခါ အားလုံးမှာ အံ့သြနေကြလေသည်။

ဖိကိုင်ထားတုန်းက အတင်းရုန်းနေပြီး လွှတ်ပေးလိုက်တော့မှ ပကတိအိပ်ပျော်နေသူကဲ့သို့ဖြစ်သွား၍ အားလုံးမှာ နားမလည်နိုင်





အောင်ဖြစ်နေကြသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ လေပြင်းများတိုက်ခတ်လာ သောအသံများ ပေါ်လာလေသည်။

တစ်ဆက်တည်း အခန်းတွင်းရှိပစ္စည်းများမှာ ငလျင်လှုပ်သကဲ့ သို့ လှုပ်ရှားလာလေတော့သည်။

နတ်ဆရာ၏အခန်းပေါက်ဝတွင် ကျောက်တုံးဖြင့်ထွင်းထုထား သော နတ်ရုပ်ကြီးတစ်ရုပ် ရှိသည်။

ထိုနတ်ရုပ်ကြီးမှာ လူနှစ်ရပ်ခန့်အမြင့်ရှိပြီး ကြောက်မက်ဖွယ် ရာမျက်နှာသွင်ပြင်လည်းရှိသည်။ မတ်တတ်ရပ်နေသော အနေ အထားဖြစ်ပြီး လက်တစ်ဖက်က ပခုံးပေါ်တင်ထားသောဓားကို ကိုင် ထားပြီး ကျန်လက်တစ်ဖက်က ရှေ့သို့ဆန့်တန်းထားသည်။

၎င်း၏မျက်လုံးထဲမှ သွေးရောင်ကဲ့သို့အရည်များ စီးကျလာနေ သည်ကို ဒေါက်တာမင်းထင်ကျော်က လှမ်းမြင်လိုက်သည်။

"ဟင် ..."

သူ အထိတ်တလန့်ဖြင့်လှမ်းကြည့်တာမြင်တော့ ကျန်လူများ ကလည်း သူကြည့်ရာသို့ လှမ်းကြည့်သောအခါ နတ်ရုပ်ကြီးမျက်လုံး မှ သွေးများကဲ့သို့ အရည်များ စီးကျလာသည်ကိုမြင်ရသောအခါ အားလုံး အထိတ်တလန့်ဖြစ်သွားကြသည်။

နတ်ဆရာ ဇမုန်းထန်က ထိုအဖြစ်အပျက်ကိုမြင်သောအခါ နတ်ရုပ်ကြီးရှေ့တွင် တောင်ဝှေးကြီး ကိုင်ထောက်၍ ဒူးထောက်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာ တတွတ်ဖွတ်နှင့် ရွှတ်ဆိုတိုင်တည်နေလေသည်။

ထိုအချိန်တွင် အပြင်ဘက်မှလေပြင်းများက ပိုမိုပြင်းထန်လာပြီး အချို့တံခါးချပ်များ ဝုန်းခနဲပွင့်ထွက်ကုန်လေသည်။

ထို့ထက်ထူးဆန်းသည်က အခန်းထဲမှာရှိသော သံကြေးများနှင့်ပြုလုပ်ထားသောပစ္စည်းမှန်သမျှ ရဲရဲနီဘက်လာပြီး မီးတောက်မီးခဲများအသွင် ပြောင်းသွားလေတော့သည်။

နတ်ဆရာ၏လက်ထဲမှာကိုင်ထားသော တောင်ဝှေးတွင် ကြေးကွင်းများပတ်ထားသောကြောင့် နတ်ဆရာမှာ မကိုင်နိုင်တော့ဘဲ ဝုန်းခနဲလွှတ်ချလိုက်ရတော့သည်။

ထိုအချိန်မှာပင် မှန်အထူများတပ်ဆင်ထားသောတံခါးပေါက်များ အစိတ်စိတ်အမြွာမြွာကွဲထွက်ကုန်ပြီး အခန်းထဲရှိပစ္စည်းများ လွင့်စဉ်ပြိုလဲကျကုန်တော့သည်။

အခန်းထဲမှာရှိသောလူများလည်း အဲ့ဩတ်တလန့်ဖြင့် ကြမ်းပြင်သို့ဝပ်ချလိုက်ရလေသည်။

အခန်းတစ်ခုလုံး လေပြင်းတိုက်ခတ်သံများနှင့်အတူ ပစ္စည်းများ အလဲလဲအပြိုပြိုဖြစ်နေစဉ်မှာ ခုတင်ပေါ်တွင် အိပ်ပျော်နေသကဲ့သို့ ဖြစ်နေသော မြနှင်းဖြူမှာ တစ်စုံတစ်ယောက်က မ,တင်လိုက်သကဲ့သို့ဖြစ်ကာ အပေါ်သို့ တဖြည်းဖြည်းကြွတက်လာသည်။

ထိုအဖြစ်အပျက်ကိုမြင်သောအခါ နတ်ဆရာနှင့် သူ့တပည့်များက ၎င်းတို့ဦးခေါင်းပေါ်သို့ အဝတ်ကြီးများဖုံးအုပ်လိုက်ပြီး ပါးစပ်





မှလည်း ဂါထာမန္တန်ကဲ့သို့ အရာများကို သံပြိုင်ရွတ်နေကြတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ မိမိတစ်သက်တွင် ထိုမျှဆန်းကြယ်သောအဖြစ်အပျက်များကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသောကြောင့် တအံ့တဩဖြစ်ကာ ငေးကြည့်နေသည်။

မြနှင်းဖြူ ခုတင်ပေါ်မှကြွတက်လာသည်ကိုမြင်သော နတ်ဆရာသည် အမှတ်တမဲ့နှင့်ချထားသောတောင်ဝှေးကြီးကို ကောက်ကိုင်လိုက်ပြီးမှ ပူလွန်းသဖြင့် မကိုင်နိုင်ဘဲပြန်ချလိုက်ရသည်။

ထို့နောက် ဆေးခွက်များအတင်းမှ အနီရောင်သဲမှုန့်များ၊ အနီရောင်ဆေးရည်များကိုယူကာ မြနှင်းဖြူမျက်နှာနှင့် တင်ကိုယ်လုံးပေါ်သို့ ဖျန်းပက်ကာ ဂါထာမန္တန်များရွတ်လိုက်သောအခါမှ မြနှင်းဖြူမှာ ခုတင်ပေါ်သို့ ဝုန်းခနဲပြန်ကျသွားလေတော့သည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ တိုက်ခတ်နေသောလေများကလည်း ငြိမ်ကျသွားလေတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## မီးတောင်ပေါက်ကွဲမှုကြားမှ ကယ်တင်ရှင်

နောက်တစ်နေ့နံနက်ပိုင်းတွင် ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့လေးယောက် ဂူအတွင်းသို့ဝင်ကြရန် ပြင်ဆင်ကြသည်။

သူတို့သည် မှတ်တမ်းများယူရန် ကင်မရာ၊ အပူချိန်တိုင်းကိရိယာနှင့် အခြား လိုအပ်သောပစ္စည်းများကို ယူဆောင်ခဲ့ကြလေသည်။

ယခုနံနက်ပိုင်းတွင် ထူးထူးခြားခြား လျှော်များလှုပ်နေသည်ကို သတိပြုမိကြသည်။

ပင်လယ်ပြင်မှာလည်း မီးခိုးငွေ့များ အုံ့ဆိုင်းနေသလိုမှိုင်းမှိုင်း ညို့ညို့ဖြစ်နေသည်။





ဝိညာဉ်ဖြူဘောင်မကြီးအောက်ဘက်သို့ရောက်အောင်ဝင်နိုင်သော ဂူပေါက်ဝမှာ မြနှင်းဖြူတို့နေအိမ်နံဘေးတွင်ရှိလေသည်။

မြနှင်းဖြူရော သူ့အဘိုးဦးမွန်ထော်ပါ နတ်ဆရာ၏ရဲတိုက်ကြီးအောင် ရောက်နေသောကြောင့် အိမ်တံခါးနှင့် ခြံတံခါးကိုပိတ်ထားသော်လည်း ဂူပေါက်ဝကိုတော့ သည်အတိုင်းထားလေသည်။

ထိုဂူအတွင်းပိုင်းသို့ ဒေါက်တာမင်းထင်ကျော် တစ်ကြိမ်ရောက်ဖူးသည်။ ထိုအချိန်က ဂူထဲမှာ လင်းနို့အကောင်များများကို တွေ့ခဲ့ရသော်လည်း ယခုအခါတွင် တစ်ကောင်မှမတွေ့ရပေ။

ဂူပေါက်ဝမှအပြင်သို့ မီးခိုးငွေ့များ ထွက်နေသည်။ သူတို့တစ်တွေသည် လက်နှိပ်ဓာတ်မီးရောင်များကိုသုံးပြီး အတွင်းသို့ဝင်ကြသည်။ လက်နှိပ်ဓာတ်မီး မှိတ်လိုက်သောအခါ ဂူထဲမှာ မှောင်နေပြီး မီးဖွင့်လိုက်သောအခါမှ အလင်းရောင်ရသည်။

ထူးခြားချက်တစ်ခုမှာ မီးပိတ်လိုက်သောအခါ အမှောင်ထဲမှာ သူတို့ရှေ့မှ လူတစ်ယောက် လျှောက်သွားနေသည်ကို လှမ်းမြင်နေရပြီး မီးဖွင့်လိုက်သောအခါမှာ ဘာမှမတွေ့ရပေ။

"ဆရာ ကျွန်တော်တို့ရှေ့မှာ လူတစ်ယောက်သွားနေတယ် မဟုတ်လား။ ဘယ်သူလဲမသိဘူး"

နီမောင်က သတိပေးသဖြင့် လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်ပြန်တော့ ဘယ်သူမှမရှိပေ။

"အဆန်းပါလား။ စောစောက မီးပိတ်ထားတုန်းက ရှေ့ကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူတစ်ယောက်သွားနေတာ အတိုင်းသားမြင်နေရသားနဲ့ အခု မီးရောင်နဲ့ထိုးကြည့်ပြန်တော့လဲ ဘာမှမရှိပြန်ဘူး”

ဟု နီမောင်က မကျေမနပ်ပြောနေသည်။

“အမှောင်ထဲမှာတော့ အရိပ်တစ်ခုခုထိုးနေတာ ဖြစ်ချင် ဖြစ်မှာပါ”

ဒေါက်တာမင်းထင်ကျော်က စိတ်ပေါ့သွားစေရန် ပြောလိုက်ရသော်လည်း သူ့စိတ်ထဲမှာလည်း ဇဝေဇဝါဖြစ်နေမိသည်။

တစ်နေရာသို့ရောက်သောအခါ ဂူတစ်ခုလုံး မီးခိုးငွေ့များကဲ့သို့ အခိုးအငွေ့များပိတ်ဆီးနေသောကြောင့် အသက်ရှူရန် ခက်ခဲလာသဖြင့် နှာခေါင်းကို လက်ဖြင့်အုပ်ကာ ဆက်ဝင်ကြသည်။

မီးခိုးငွေ့များကြောင့် ဘာတစ်ခုမှ သဲသဲကွဲကွဲမမြင်ရတော့ပေ။

အတွင်းပိုင်းတစ်နေရာသို့ရောက်သောအခါ ဂူကြမ်းပြင်တစ်ခုလုံး လင်းနို့အသေကောင်များဖြင့် ပြည့်နေသည်ကို တွေ့ရသည်။

“ဒါကြောင့် ဂူအမိုးပေါ်မှာ လင်းနို့တွေ မတွေ့ရတော့တာကိုး”

လင်းနို့အသေများမှာ အတော်များသဖြင့် ၎င်းတို့ကိုရှောင်ကွင်းသွားရန်မလွယ်ကူသောကြောင့် အပေါ်မှပင် တက်နင်းပြီးဆက်ဝင်ကြရသည်။

“ဆရာ မီးခိုးငွေ့တွေက တခြားနေရာကလာနေတာမဟုတ်ဘူး။ ဂူနံရံတွေက စိမ့်ထွက်နေတာဗျ”

မီးရောင်ဖြင့်ထိုးကြည့်လိုက်တော့ ဂူနံရံများကြားမှ ရေနွေးအိုး





အဖုံးမှ အခိုးအငွေ့များ စိမ့်ထွက်နေသကဲ့သို့ အခိုးအငွေ့များ ထွက်နေသည်ကို တွေ့ရသဖြင့် ဂူနံရံများကို လက်ဖြင့်စမ်းကြည့်တော့ အနည်းငယ်ပူနေလေသည်။

အတွင်းဘက်သို့ရောက်သောအခါ အမှောင်ထဲမှထွက်လာသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် မီးရောင်ဖြင့်ထိုးကြည့်လိုက်တော့ အသက်အရွယ်ကြီးလှသော အဘိုးအိုတစ်ဦးထွက်လာသည်ကို အားလုံး လှမ်းမြင်ရသည်။

“တို့ စောစောက လှမ်းမြင်လိုက်ရတာ ဒီအဘိုးအိုဖြစ်မယ်၊ ဒီလောက် အန္တရာယ်များတာ ဘာဝင်လုပ်တာလဲမသိဘူး”

ပြောရင်းနှင့်ပင် အဘိုးအိုက သူတို့နှင့်မလှမ်းမကမ်းသို့ရောက်လာ၍ ရပ်လိုက်သည်။

“ငါ့မြေးတို့ ဘယ်သွားကြမှာလဲကွယ့်”

အဘိုးအိုက လှမ်းမေးလိုက်သည်။

“ဂူအတွင်းပိုင်းကို ဝင်ကြည့်မလို့ပါ အဘ”

“ဘာလို့ဝင်ကြည့်မှာလဲကွယ်၊ အန္တရာယ်များလှသကွယ်”

“ဘယ်လို အန္တရာယ်များတာလဲ အဘ”

“အထဲမှာ မီးပြင်းပြင်းနဲ့ပေါက်တော့မယ့်ပေါင်းအိုးကြီးတစ်ခုလို ဖြစ်နေတာ တွေ့ခဲ့ရလို့ ပြန်လှည့်လာတာကွယ်”

“အဘက ဒီအထဲကို ဘာဝင်လုပ်တာလဲဟင်”

“အဘ ကိုးကွယ်နေတဲ့ ရုပ်ပွားတော်တစ်ဆူ ဒီထဲမှာရှိမလားလို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရှာကြည့်တာပါ"

"ဟင် ..."

ထိုစကားကြောင့် အားလုံး တအံ့တသြဖြစ်သွားကြသည်။

"ကဲ ကဲ အဘလဲ သွားလိုက်ဦးမယ်၊ ငါ့မြေးတို့လဲ အတွင်း

သိပ်မဝင်ကြနဲ့ကွယ်၊ အန္တရာယ်များလှတယ်"

ဟု ပြောဆိုကာ ဂူအပြင်ဘက်သို့ ပြန်ထွက်သွားလေတေ

သည်။

ဒေါက်တာမင်းထင်ကျော်တို့တစ်တွေမှာသာ တအံ့တသြ

ထိုနေရာတွင်ရပ်ရင်းကျန်နေခဲ့ကြသည်။

"နီမောင် ဒီအဘိုးက ဒီကျွန်းပေါ်ကဖြစ်မယ်၊ ခင်ဗျား မြင်

လား"

"ဒီကျွန်းပေါ်ကတော့ ဟုတ်မယ်မထင်ဘူး။ ကျွန်တော်တေ

ဘစ်ခါမှမမြင်ဖူးဘူး"

ဟု နီမောင်က ပြန်ပြောလေသည်။

ထို့နောက် သူတို့သည် ဂူအတွင်းသို့ ဆက်ဝင်ခဲ့ကြသည်။

ခဏကြာတော့ လွန်ခဲ့သောရက်ပိုင်းက မြနှင်းဖြူ မြေပြင်ပေါ်

တွင် စက်ဝိုင်းများရေးပြသောအခန်းကျယ်ထဲသို့ ရောက်လာကြသည်

ထိုဂူထဲမှာလည်း အခိုးအငွေ့များ ဝိတ်လှောင်နေသည်။ ဂူနံ

မှာလည်း မီးခိုးငွေ့များ တစိမ့်စိမ့်ထွက်နေသည်။

အယူးသဖြင့် မြနှင်းဖြူ စက်ဝိုင်းကြီးများ ဝိုင်းပြထားသော





နေရာများမှ ကျောက်သားများမှာ အရောင်ပြောင်းလျက်ရှိနေသည်။

လက်ဖြင့်စမ်းသပ်ကြည့်ရာ မခံမရပ်နိုင်လောက်အောင် ပူနေလေပြီ။

နီမောင်က အမှတ်တမဲ့ဖြင့် လက်ဖြင့်စမ်းမိရာ ...

"အား ..."ခနဲအော်ပြီး နောက်သို့ပြန်ဆုတ်လာသည်။

"ကျောက်တုံးတွေက ပူလိုက်တာ၊ မီးခဲကိုင်ရတဲ့အတိုင်းပဲ"

သူ့လက်ကို မီးရောင်နှင့်ထိုးကြည့်လိုက်တော့ လက်ဝါးတွင်

မီးလောင်ထားသကဲ့သို့ မည်းနေလေသည်။

လူအားလုံးသည် မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်သည်

က တစ်ကြောင်း၊ အပူရှိန်ကြောင့်သော်လည်းကောင်း တစ်ကိုယ်လုံး

ချွေးများရွှဲနစ်နေလေသည်။

"ဟိုဘက်မှာ ဂူပေါက်တစ်ခုရှိသေးတယ်၊ အတွင်းကို နည်း

နည်းဝင်ကြည့်ပြီးရင် ပြန်ထွက်ကြရအောင်"

ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှ အခြေအနေများကို

ဓာတ်ပုံရိုက်ယူပြီး အတွင်းသို့ဆက်ဝင်ကြသည်။

တကယ်တော့ ထိုအခြေအနေမျိုးတွင် အတွင်းသို့ဆက်ဝင်ရန်

မသင့်မှန်းသိသော်လည်း ဒ-ဘိုးအိုပြောသွားသောစကားထဲမှ သူ ကိုး

ကွယ်သောရဟန်းတစ်ပါးကိုလိုက်ရှာနေသည်ဟူသောစကားကြောင့်

ထိုရဟန်းကို တွေ့လိုတွေ့ငြား အတွင်းသို့ ဆက်ဝင်ကြည့်ကြခြင်း

ဖြစ်၏။

ဇင်းဂူလမ်းများသည် အတော်အတန်ကျယ်ဝန်းပြီး အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ရှည်လျားဟန်ရှိသည်။ သူတို့တစ်တွေ အတွင်းဘက်သို့ ရောက်လာသောအခါ စောစောကရပ်ခဲ့သော အခန်းကျယ်ဘက်မှ ပေါက်ကွဲသံများ ကြားလိုက်ရသည်။

"ဝုန်း ... ဝုန်း"

သို့ကြောင့် အပြင်ဘက်သို့ အလျှင်အမြန်ပြန်ထွက်ကြသည်။

ထိုနေရာသို့ပြန်ရောက်သောအခါ မြနှင်းဖြူ အဝိုင်းများဝိုင်းပြထားသောနေရာအချို့မှ အပေါက်များဖြစ်ကာ ချော်ရည်ပူများ စီးထွက်နေလေပြီ။

မီးခိုးငွေ့များကလည်း ဂူတစ်ခုလုံးမွှန်နေပြီး အပူရှိန်များကလည်း မခံနိုင်အောင်တက်လာလေပြီ။

"ဘယ်လိုလုပ်ကြမလဲ၊ ဂူကြမ်းပြင်ပေါ်ကို ချော်ရည်ပူတွေ စီးကျလာနေပြီ"

"ထွက်ပေါက်ကလဲ ဒီတစ်ပေါက်ပဲရှိတာဆိုတော့ အတင်းဖြတ်ပြေးထွက်ရင် ဖြစ်ပါ့မလား"

"မဖြစ်နိုင်ဘူးထင်တယ်၊ ခြေထောက်ချလိုက်တာနဲ့ ချော်ရည်ပူဟော့က ခလောင်မှာပဲ"

"နောက်ဘက်မှာရော ထွက်ပေါက်ရှိနိုင်မလား"

"တစ်ခေါက်မှ ဝင်မကြည့်ဖူးတော့ အတပ်မပြောနိုင်ဘူး"

"အပူရှိန်က အတော်တက်လာပြီ၊ ဒီအတိုင်းရပ်တာနဲ့စာရင် တစ်ခုခုလုပ်မှဖြစ်မယ်"





"ဘာပဲဖြစ်ဖြစ် ဒီကနေထွက်မရတဲ့အတူတူအတွင်းကို ဆက်ဝင်သွားရင် ပိုကောင်းမယ်"

"အတွင်းရောက်မှ လမ်းပိတ်နေရင်ကော ဘယ်လိုဆက်လုပ်ကြမလဲ"

"ဒါကတော့ ကံတရားပဲ၊ ရပ်နေတာနဲ့စာရင် တစ်ခုခုလုပ်နေတာက ကောင်းမယ်ထင်တယ်"

ဟု ပြောဆိုတိုင်ပင်ကာ အတွင်းဘက်သို့ ဆက်ဝင်ခဲ့ကြသည်။

ဂူအတွင်းပိုင်းမှာ အတော်ရှည်ပြီး ထိုလိုဏ်ခေါင်းမှာ အပေါ်သို့ တဖြည်းဖြည်းမြင့်တက်လာသည်ကို သတိပြုမိကြသည်။

အတွင်းပိုင်းရောက်သောအခါ မှောင်နေသည်မှလွဲပြီး အပူရှိန်သက်သာပြီး အသက်ဝအောင်ရှူနိုင်သဖြင့် အတော်အတန်ခံသာခွင့် ရသွားကြသည်။

တစ်နေရာရောက်သောအခါ ...

"ဟို... ရှေ့မှာ ဘာလဲ"

နီမောင်က လက်ညှိုးထိုးပြသဖြင့် ထိုနေရာသို့ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ ( :)မ်းမကမ်းရှိ ကျောက်တုံးအမြင့်ပေါ်မှာ လူတစ်ယောက်ထိုင်နေသည်ကို မသဲမကွဲလှမ်းမြင်ကြရသည်။

သို့ကြောင့် ထိုနေရာသို့လျှောက်သွားကြသည်။

အနီးသို့ရောက်သောအခါမှ ထိုလူမှာ သာမန်လူတစ်ယောက် မဟုတ်ဘဲ ရဟန်းတစ်ပါးဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုရဟန်းကိုမြင်တော့မှ ဂူအပြင်သို့ထွက်သွားသော အဘိုးအို ပြောသွားသည့် ၎င်းကိုးကွယ်သော ရဟန်းတစ်ပါးကို လိုက်ရှာနေသည်ဟူသောစကားကို သတိရမိကြသည်။

ရဟန်းမှာ ရပ်ဆင်းအင်္ဂါ ကြည်ညိုဖွယ်ရာအဆင်းရှိပြီး အနီးမှာ သပိတ်တစ်လုံးချထားကာ တရားရှုမှတ်နေသည်။

အားလုံး ထိုရဟန်းတော်အနီးသို့သွားကာ ရိုသေစွာ ကန်တော့လိုက်ကြသည်။ ထိုသို့ကန်တော့နေရင်းမှာပင် ဒေါက်တာမင်းထင်ကျော်၏စိတ်ထဲမှာ ထိုရဟန်း၏မျက်နှာမျိုးကို ဘယ်နေရာမှာ တွေ့ဖူး မြင်ဖူးပါလိမ့်ဟု စဉ်းစားနေလေသည်။

"ဆရာ ဒီရဟန်းရဲ့မျက်နှာမျိုး ကျွန်တော် တွေ့ဖူးတယ်"

ငမဲအောင်က အနားကပ်၍ တိုးတိုးပြောသည်။

"ဘယ်နေရာမှာတွေ့ဖူးတာလဲ"

"ကျွန်တော်တို့သဘောၤပေါ်မှာလေ၊ ဟိုတစ်လောက ရေထဲက ဆယ်ယူတဲ့ ရဟန်းရုပ်တုရဲ့မျက်နှာနဲ့ မတူဘူးလား"

"မင်းကလဲ ကြံကြံဖန်ဖန်ကွာ"

ဟု ပြောမယ့်သာပြောရသည်။

အမှန်တော့ ငမဲအောင်ပြောသလိုပင် ထိုရဟန်း၏မျက်နှာမှာ ရှင်ဥပဂုတ္တရုပ်တု၏မျက်နှာတော်နှင့် လွန်စွာတူကြောင်း ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် သတိပြုမိလိုက်သည်။





ခဏကြာတော့ တရားရှုမှတ်နေသော ရဟန်းက မျက်လုံးဖွင့် ကြည့်လိုက်သည်။

"ဒကာတို့က ဘယ်ကလာကြတာလဲ"

ဟု တည်ငြိမ်သောအသံဖြင့် မေးသည်။

"တပည့်တော်တို့ ဧည့်သည်တွေပါဘုရား၊ ဒီဂူထဲဝင်လာရင်း မီးတောင်တွေပေါက်ပြီး ထွက်ပေါက်တွေပိတ်သွားလို့ ဒီအတွင်းဘက်မှာ ထွက်ပေါက်ရှိမလားလို့ ဝင်လာကြည့်တာပါဘုရား"

ဟု ဒေါက်တာမင်းထင်ကျော်က လျှောက်လိုက်သောအခါ ထိုရဟန်းက အပေါ်ဘက်သို့ လက်ညှိုးထိုးပြပြီး မျက်စိပြန်မှိတ်သွားလေသည်။

သို့ကြောင့် ရဟန်းကို အနှောင့်အယှက်မပေးလိုကော့သဖြင့် ကန်တော့၍ သူ ညွှန်ပြရာဘက်သို့ ထွက်ခဲ့ကြသည်။

ထိုနေရာမှစပြီး မြေပြင်သို့ တည့်တည်းလျှောက်သောလမ်း မတွေ့ရတော့ဘဲ အပေါ်သို့ထောင်တက်ရသောလမ်းသာ ရှိတော့သည်။

နာရီဝက်ခန့်ကြာအောင်တက်မိသောအခါ ကျောက်ပြားချပ်ကြီးတစ်ခုအပေါ်သို့ အားလုံး ရောက်သွားကြသည်။

ထိုကျောက်ပြားပေါ်မှကြည့်လျှင် မိမိတို့ဦးခေါင်းပေါ်မှာ အဝိုင်းပေါက်ကြီးကိုတွေ့ရပြီး ထိုအဝိုင်းပေါက်ကြီးမှ အလင်းရောင်များသည် အောက်သို့ထိုးဆင်းကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်မှ ပြာလဲ့နေသောကောင်းကင်ပြင်ကိုလည်း လှမ်းမြင်ရလေသည်။

"ဟိုး ,... အပေါ်မှာ ထွက်ပေါက်တွေ့ပြီ"

တစ်ယောက်က ဝမ်းသာအားရ လှမ်းအော်သည်။

ထို့နောက် သူတို့သည် ကျ ပါက်နံရံများကို ခြေဖြင့်ကန်၍ အပေါ်မှာထွက်နေသောကျောက်ခဲစွန်းများကို ကုတ်တွယ်၍ဆွဲပြီး ခက်ခက်ခဲခဲတက်သွားကြရာ နောက်ဆုံးမှာမူ အပေါ်ထိပ်ဝသို့ ရောက်သွားကြသည်။

သူတို့ရောက်သွားသောနေရာမှာ အခြားနေရာမဟုတ်ချေ။ ကျွန်းပေါ်တွင် အမြင့်ဆုံးတောင်ကြီးဖြစ်သည့် ဝိညာဉ်ဖြူတောင်ကြီး၏ထိပ်ဝပေါ်သို့ရောက်သွားကြခြင်းဖြစ်သည်။

* * * * *





အခန်း (၁၂)

## ရှင်ဥပဂုတ္တရုပ်တုတော်နှင့် ထူးဆန်းသောအဘိုးအို

သူတို့ သင်္ဘောပေါ် ပြန်ရောက်သောအချိန်မှာ ညနေမိုင်းအချိန် ရောက်နေပြီ။ သင်္ဘောကပ်ထားရာနေရာသို့ ရောက်သောအခါ ဦးဘန်ကောင်းက လှေဖြင့်လာကြိုသည်။

"ဆရာတို့သွားကြတာ အဆင်ပြေကြရဲ့လား"

လှေပေါ် ရောက်သောအခါ ဦးဗန်ကောင်းက မေးသည်။

"မသေလို့ပြန်တွေ့ရတယ်လို့သာ အောက်မေ့လိုက်ပါဗျာ"

ဟု အစချီကာ ဒေါက်တာမင်းထင်ကျော်က ဂူထဲမှ ကြုံတွေ့ရ သမျှအကြောင်းအရာများစွာကို ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆရာတို့တစ်တွေလဲ ကံကောင်းလို့အသက်ဘေးက လွတ်လာကြတယ်။ ဒီမှာလဲ အတော်ကလေးအံ့သြဖို့ကောင်းတာတွေ ဖြစ်နေတယ်"

"ဘာတွေဖြစ်နေလို့လဲဗျ"

"တစ်လောက ရေထဲက ဆယ်ထားတဲ့ ရှင်ဥပဂုတ္တမထေရ်မြတ်ရဲ့ ရုပ်တုတော်ကြီး ဘုရားစင်ပေါ်မှာတင်ထားရင်းနဲ့ ဘယ်ရောက်သွားတယ်မဆိုနိုင်ဘူး၊ သင်္ဘောတစ်စင်းလုံး လိုက်ရှာတာလဲ နံ့နေပြီ ဘယ်မှာမှမတွေ့ရတော့ပါဘူး"

"ရေထဲများ ပြုတ်ကျသွားရော့သလား"

"ဘုရားစင်ပေါ်တင်ထားတာ ရေထဲတော့ ပြုတ်မကျတန်ပါဘူး၊ တကယ်လို့ လှိုင်းပုတ်ပြီးပြုတ်ကျရင်လဲ ဦးခန်းထဲမှာပဲ ရှိမှာပေါ့"

ဟု ပြောဆိုရင်းနှင့် လှေကိုလှော်လာရာ မကြာမီ သင်္ဘောရှိရာသို့ ရောက်လာကြသည်။ သင်္ဘောပေါ်ရောက်သည်နှင့် ဘုရားခန်းသို့အရင်သွားကြည့်ကြသည်။

ဘုရားခန်းရောက်သောအခါ စင်ပေါ်တွင် သူတို့တင်ထားခဲ့သည့်အတိုင်း ရှင်ဥပဂုတ္တရုပ်တုကြီးကို တွေ့ရသဖြင့် အားလုံးအံ့အားသင့်သွားကြသည်။

"ဟင် ... ဒီမှာ ရှင်... ရှင်ဥပဂုတ္တရုပ်တုကြီး ပြန်ရောက်နေပါလား"

ဦးဗန်ကောင်းမှာ မျက်လုံးပြူးမျက်ဆံပြူးဖြင့် တအံ့တသြဖြစ်





နေလေသည်။

"အဘ စောစောကပြောဘုန်းက ရှင်ဥပဂုတ္တရုပ်တုကြီး ပျောက်နေတယ်ဆို၊ အခု ဒီမှာရှိနေတာပဲ"

ငမဲအောင်က ပြောသည်။

"ကေန္တတော့ တို့အဘ အသက်ကြီးလာလို့ မျက်လုံးသိပ်ကောင်းဘူးထင်ပါရဲ့"

စောထီးကပါ ပြုံးကျဲကျဲနှင့်ဝင်ပြောလေရာ ဦးဗန်ကောင်းက...

"မင်းတို့ ငါပြောတာကိုမယုံကြဘူးထင်တယ်၊ စောစောက ဒီစင်ပေါ်မှာ အဲဒီရုပ်တုကြီးမရှိဘူး အသေအချာပဲ၊ ငါတစ်ယောက်တည်း မမြင်ဘူးဆိုရင်တော့ထားတော့၊ စောစောက သင်္ဘောသားတွေကိုပါ ငါ ခေါ်ပြသေးတယ်၊ ခင်းတို့ မယုံရင် သူတို့ကိုမေးကြည့်ပေါ့"

သင်္ဘောသားများကို မေးကြည့်ပြန်တော့လည်း စောစောကဒီရုပ်တုကြီးကို မတွေ့မိကြောင်း ပြောကြသဖြင့် ဒေါက်တာမင်းထင်ကျော်တို့မှာ ဘယ်လိုနားလည်ရမှန်းမသိအောင် ဖြစ်သွားကြသည်။

ထိုအခါ ငမဲအောင်က ...

"ဝူထဲမှာတုန်းက ကျွန်တော် ပြောတာကို သတိထားမိလားဆရာ"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဂူထဲမှာတွေ့ခဲ့တဲ့ ရဟန်းတော်ရဲ့မျက်နှာနဲ့ ဒီရုပ်တုရဲ့မျက်နှာ က တစ်ထေရာတည်းတူနေတာလေ၊ ဆရာ ကြည့်လိုက်ပါလား"

ထိုအခါမှ အသေအချာ ကြည့်လိုက်သောအခါ ရှင်ဥပဂုတ္တရုပ်တု မျက်နှာနှင့် ဂူထဲမှာတွေ့ခဲ့ရသော ရဟန်းတော်၏မျက်နှာမှာ ချွတ်စွပ်နီးပါး တူနေသည်ကို သတိပြုမိလေသည်။

ဒေါက်တာမင်းထင်ကျော်၏စိတ်ထဲမှာတော့ အတော့်ကို ထူးဆန်းအံ့ဩဖွယ်ကောင်းလှသည်ဟု ထင်နေမိသည်။

ဤသို့ဖြင့် ညပိုင်းရောက်သောအခါ ပို၍အံ့ဩဖွယ်ကောင်းသောအဖြစ်တစ်ခုနှင့် ထပ်မံကြုံတွေ့ရလေသည်။

ညဦးပိုင်းတွင် လရောင်ရှိနေသောကြောင့် ပင်လယ်ကမ်းခြေတစ်ခုလုံး သာသာယာယာရှိနေသည်။ တစ်မျှော်တစ်ခေါ် မြင်နေရသောသောင်ပြင်ပေါ်သို့ ဒီရေလှိုင်းများ ပြေးတက်သံများမှာ သံစုံမညီသောဂီတသံများပမာ ပေါ်ထွက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်တို့တစ်တွေမှာ မီးတောင်ပေါက်ကွဲမှုကြောင့် စိတ်မချရသောအခြေအနေများရှိနေသဖြင့် ကမ်းပေါ်မှ စခန်းများမှာ ညမအိပ်ကြဘဲ အရေးအကြောင်းရှိလျှင် အဆင်သင့်ဖြစ်စေရန် သင်္ဘောပေါ်သို့ဆင်းနေကြသည်။

ညဘက်၌ ဒေါက်တာမင်းထင်ကျော်သည် ဂူအတွင်းမှ မီးတောင်ပေါက်ကွဲလှုအခြေအနေများကို ရိုက်ယူလာသောဓာတ်ပုံမှတ်တမ်းများကို ထုတ်၍ဆေးကြည့်ရာတွင် အချို့ဖလင်ကွက်များတွင်





အမျိုးသမီးတစ်ဦး၏ပုံ ပေါ်နေသည်ကိုတွေ့ရလေသည်။

ထိုအမျိုးသမီး၏မျက်နှာမှာ အခြားမဟုတ်ပေ။ သေဆုံးသွားသောစောဒေဝီ၏မျက်နှာပင်ဖြစ်သည်။

ဖလင်ကွက်တစ်ကွက်တွင် ပေါ်နေသောပုံမှာ မီးတောက်မီးလျှံများနှင့် ချော်ရည်ပူများအလယ်တွင်ရပ်နေသောပုံဖြစ်သည်။ ချော်ရည်ပူနှင့်မီးတောက်များက သူမကိုမလောင်ဘဲ ဘေးနားတစ်ဝိုက်မှာပင် တောက်လောင်နေသောပုံဖြစ်သည်။

စောဒေဝီမှာ အဖြူရောင်အဝတ်အစားများနှင့်ဖြစ်ပြီး သူမ၏မျက်နှာမှာ သူ့ကို ပြုံးပြနေသယောင်ထင်ရသည်။

ဒေါက်တာမင်းထင်ကျော်သည် ဓာတ်ပုံများကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေမိသည်။

ထိုအချိန်မှာ အခန်းဝသို့ ဦးဗန်ကောင်း ရောက်လာသည်။

"မောင်ထင်ကျော် သောင်စပ်မှာ အသက်ကြီးကြီးနဲ့ အဘိုးကြီးတစ်ယောက် ရပ်နေတယ်"

"လာခဲ့မယ်၊ ကျွန်တော် လာခဲ့မယ်"

ဟု ပြောကာ အလုပ်များကို လက်စသိမ်းလိုက်ပြီး သင်္ဘောကုန်းပတ်ပေါ်သို့ တက်လာခဲ့သည်။

သင်္ဘောရပ်ထားသောနေရာမှာ ကမ်းစပ်နှင့်မဝေးလှသောကြောင့် ရေစပ်တွင်ရပ်နေသောအဘိုးအို၏သဏ္ဌာန်ကို သဲသဲကွဲကွဲမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က သဘော်သား တစ်ယောက်ကို လှေဖြင့်သွားခေါ် ခိုင်းလိုက်သည်။

သဘော်သားတစ်ယေ ာက်က လှေတစ်စင်းကိုချပြီး အဘိုးအိုကို သွားခေါ် လာသဖြင့် မကြာမီ သင်္ဘောပေါ် ရောက်လာသည်။ ထိုအဘိုးအိုမှာ အခြားမဟုတ်ပေ။ နေ့လယ်က ဂူထဲမှာတွေ့လိုက်ရသောအဘိုးအိုပင်ဖြစ်သည်။

"အဘိုး ညအချိန်မတော်ကြီး ဘာကိစ္စရှိလို့လဲဟင်"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"မင်းတို့ဘုရားခန်းမှာရောက်နေတဲ့ရုပ်တုကို ကန်တော့ချင်လို့ပါ"

"ဘယ်ရုပ်တုလဲ အဘ"

"မင်းတို့ ရေထဲကဆယ်ရခဲ့တဲ့ ရှင်ဥပဂုတ္တရုပ်တုပါ"

"ဟင် ... အဘက အဲဒါကို ဘယ်လိုသိတာလဲဟင်"

အဘိုးအိုက တစ်ချက်ပြုံးလိုက်သည်။

"ဒီကျွန်းရဲ့နယ်နိမိတ်တစ်ဝိုက်မှာ အဘိုး သိချင်တာမှန်သမျှ သိအောင်လုပ်ပေးနိုင်တဲ့သူတွေ အများကြီးရှိပါတယ်"

ဟု ပဟေဠိဆန်သောစကားကို ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း အဘိုးအိုပြောသောစကား အဓိပ္ပာယ်ကို ကောင်းစွာနားမလည်တော့သဖြင့် ဆက်မမေးတော့ဘဲ ဘုရားခန်းသို့ခေါ် သွားပေးလိုက်သည်။





အခန်းထဲသို့ရောက်သောအခါ အဘိုးအိုသည် မည်သူ့ကိုမှ စကားမပြောတော့ဘဲ ရှင်ဥပဂုတ္တရုပ်တုကို ရိုသေစွာ ကန်တော့ပြီးလျှင် အောက်ပါဂါထာဖြင့် ပူဇော်လေတော့သည်။

နိဗ္ဗယံတံ၊ မဟောထေရံ၊ ဥပဂုတ္တံ ဂုဏောရဟံ၊

အဘိဝန္ဒာမိသာဒရံ၊ ဧတေနနိဗ္ဗယော အဟံ။

ထိုဂါထာဖြင့် အကြိမ်မည်မျှကြာအောင် ရွတ်ဆိုနေသည်မသိပေ။ အားလုံးမှာလည်း အဘိုးအိုလုပ်သမျှကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြသည်။

အတန်ကြာတော့မှ ရွတ်ဆိုခြင်းကိစ္စပြီးသွားပြီး မေတ္တာပို့ အမျှဝေခြင်းများပြုလုပ်ကာ ကန်တော့ပြီးနောက် သူတို့ဘက်သို့ ပြန်လှည့်လာသည်။

"အဘ စောစောကရွတ်တာ ဘာဂါထာလဲ"

"ရှင်ဥပဂုတ္တမထေရ်မြတ်ကို ပူဇော်တဲ့ဂါထာတွေထဲက ဘေးအန္တရာယ်ကင်းစေဖို့အတွက် ရွတ်တဲ့ဂါထာပါ။ ငါ့မြေးတို့အတွက် ရွတ်ပေးတာပါ"

"ဗျာ... ကျွန်တော်တို့အတွက်ရွတ်ပေးတာ ဟုတ်လား အဘ"

ဒေါက်တာမင်းထင်ကျော်က တအံ့တဩ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ အဘိုးအတွက်က ဘယ်လိုအန္တရာယ်မျိုးမှ ထိနိုင်ပါဘူး၊ ငါ့မြေးတို့အတွက် ရွတ်ပေးတာပါ"

"ဘာကြောင့် အဲဒီလိုရွတ်ပေးရတာလဲ အဘ"



www.burmeseclassic.com

"ဒီလိုကွယ့်၊ မကြာခင် ကောင်းကင်ပြင်မှာ အလွန်တရာ ကြီးကြီးကျယ်ကျယ်ခဲတဲ့ နေနဲ့လ ထပ်မိတော့မယ်၊ အဲဒီလိုထပ်မိတဲ့အချိန်မှာ ဒီကျွန်းကြီးနဲ့ အနီးတစ်ဝိုက်တွေမှာ အန္တရာယ်ဆိုးကြီးတွေ ကျရောက်တော့မယ်"

"ဟင် ..."

"ဒီလို အန္တရာယ်တွေရှိလို့ မင်းတို့ကို အခုချက်ချင်း ပြန်ကြခဲ့လို့ဆိုရင်လဲ မင်းတို့မှာ အကြောင်းတွေက ရှိလေတော့ ပြန်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် ဒီရှင်ဥပဂုတ္တရုပ်တုတော်ကိုလဲ အဘပဲ ပို့ပေးလိုက်တာပါ"

"ဗျာ ... အဘ ပို့ပေးလိုက်တာ ...၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဝိညာဉ်တောင်ဝှုရဲ့ လိုဏ်ခေါင်းထဲမှာထားတဲ့ ရုပ်တုကို မင်းတို့ဆီ တမင်ရောက်အောင် ပို့ပေးလိုက်တာပါ"

ဟု ဆန်းကြယ်သောစကားကို ဆိုလေသည်။

"ဘာကြောင့် အဲဒီလိုလုပ်ရတာလဲ အဘ"

"ပဋ္ဌာန်းဆက်ရှိရင် ဘဝခြားနေပေမယ့် ကယ်ခွင့်ရှိရင် ကယ်ပေးရတယ်၊ ဒါကြောင့် ဒုက္ခရောက်နေတဲ့လူတွေကို နတ်သိကြားတွေက ကယ်ပေးရတယ်၊ လူတွေ တိရစ္ဆာန်တွေကို ကယ်ပေးတယ်၊ သဘာဝတရားတွေက ကယ်ပေးလို့ အသက်ဘေးက ချမ်းသာရာရတယ်ဆိုတာ ပဋ္ဌာန်းဆက်ကြောင့်ပဲကွယ်"

"ဟုတ်ကဲ့ အဘိုး"





"လူတစ်ယောက် ဒုက္ခရောက်နေတဲ့အချိန်မှာ အသက်ဘေးက ကယ်တင်နိုင်တဲ့အချက်တွေထဲမှာ ရှေးဘဝကုသိုလ်ကံတွေကြောင့်ရယ်၊ ပဋ္ဌာန်းဆက်ကြောင့်ရယ်၊ ယခုဘဝမှာ ပြုတဲ့ကုသိုလ်ကံတွေကြောင့်ရယ် ဆိုတဲ့ အကြောင်းသုံးပါး ပါတယ်၊ ဒါကြောင့် လွတ်ကြရတာ"

"ဟုတ်ကဲ့"

"ငါ့မြေးတို့တစ်တွေ မှတ်ထားကြ၊ ဘဝတစ်ခုမှာ ဝဋ်ကြွေးပါလာရင်ပဲ ချေပေးရတယ်၊ ကံကြွေးပါလာရင်လဲ ဆယ်ပေးကြရတယ်ကွယ်"

"ဟုတ်ကဲ့ အဘ"

"မကြာခင်မှာ အန္တရာယ်ဆိုးကြီးကျလာရင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးရဲ့တန်ခိုးတော်ကြောင့် ငါ့မြေးတို့ ဒုက္ခအပေါင်းမှ လွတ်ကင်းကြပါစေကွယ်"

ဟု ပြောကာ နေရာမှ ထသည်။

"အခု အဘိုး ဘယ်ကိုပြန်မှာလဲ၊ ကျွန်တော်တို့ လိုက်ပို့ပေးပါရစေ"

"အဘိုးက ဝိညာဉ်ဖြူတောင်ကိုပဲ ပြန်မှာပါ၊ လိုက်မပို့ကြပါနဲ့ကွယ်၊ အဘိုးတစ်ယောက်တည်း ပြန်ပါ့မယ်၊ သံသရာခရီးတစ်လျှောက်လုံးမှာ အခုလို အဖော်မပါဘဲနဲ့ လျှောက်ခဲ့ရတဲ့ခရီးတွေက မနည်းတော့ပါဘူး၊ စကြဝဠာကိုတောင် ပတ်လို့ရလောက်နေပါပြီ"

www.burmeseclassic.com



ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့သားများ ခေတ္တမျှ ငိုင်ကြည့်နေစဉ်မှာ အခန်းအပြင်သို့ထွက်၍ သင်္ဘောဝဲပိုင်းဘက်မှ ပျောက်သွားလေသည်။

အတန်ကြာမှ အားလုံး သတိဝင်လာသလိုဖြစ်ကာ နောက်မှ လိုက်ကြည့်ကြတော့ သင်္ဘောပေါ်မှာ မတွေ့ကြရတော့ပေ။

မော့်ကြည့်လိုက်တော့မှ လရောင်ဖျန်းထားသောသောင်ပြင်ပေါ်တွင် ဝီညာဉ်ဖြူတောင်ဆီသို့ တရွေ့ရွေ့ပျောက်သွားသော အဘိုးအို၏ကျောပြင်ကို မှုန်ဝါးဝါးမျှသာ မြင်လိုက်ရလေတော့သည်။

လောကကြီးတွင် ဆန်းကြယ်မှုများက သာမန်ဉာဏ်တစ်ထွာ တစ်မိုက်ဖြင့် လိုက်မမီနိုင်အောင် များပြားလှပေသည်။

* * * * *





အခန်း (၁၃)

## ဆလုံတို့နှင့် ဓလေ့ဆန်းများ

ဒီနေရာတွင် ဂီညာဉ်ဖြူတောင်ကျွန်းပေါ်၌ နေထိုင်ကြသော လူများနှင့် ၎င်းတို့၏ယုံကြည်ကိုးကွယ်မှုဓလေ့စရိုက်များအကြောင်းကိုလည်း အနည်းငယ်ဖော်ပြန်ရန်လိုပေမည်။

ကျွန်းပေါ်တွင်နေထိုင်ကြသောလူများ၏အများစုမှာ ဆလုံများဖြစ်ကြပြီး ပင်လယ်ပြင်ကိုအမှီပြုကာ နေထိုင်ကြသူများ ဖြစ်ကြ၏။

၎င်းတို့၏အသက်မွေးဝမ်းကျောင်းအလုပ်မှာလည်း ပင်လယ်ငါးဖမ်းခြင်းအလုပ်မှတစ်ပါး ငုက်သိုက်ခွာခြင်းနှင့် အမဲလိုက်ခြင်းများသာ ဖြစ်ပေသည်။

၎င်းတို့၏ယုံကြည်အားထားသူမှာ နတ်ဆရာပင်ဖြစ်၏။

သို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဖြူတောင်ကျွန်းပေါ်တွင် နတ်ဆရာ ဖမုန်းထန်၏စကားသည် သူတို့အတွက် ယုံကြည်အားထားရာဖြစ်ပေသည်။

ဆလုံတို့သည် (၈၀)ရာခိုင်နှုန်းသည် နက်ကိုးကွယ်သူများ ဖြစ်ကြပြီး ကျန်သူများမှာ မည်သည့်အရာကိုမှ ကိုးကွယ်ခြင်းမရှိကြပေ။

အများအားဖြင့် နတ်ကိုးကွယ်ခြင်းသည် မကောင်းဆိုးဝါး နတ်မိစ္ဆာ၊ သရဲတစ္ဆေနှင့် စုန်းကဝေတို့ကိုပါ ကာကွယ်စောင့်ရှောက်စေရန် တောင်းခံပသကြခြင်းဖြစ်သည်။

သမိုင်းကြောင်းအရ မိမိတို့ဘာသာ အေးအေးဆေးဆေးနေ၍ ကြောက်တတ်သူများဖြစ်သည်။ မည်သည့်ပြဿနာရပ်ကိုမျှ ပူပင်သောကနှင့်ရင်ဆိုင်လိုကြသူများမဟုတ်ပေ။

သို့သော် ဆလုံများအတွင်း မိသားစုအလိုက် တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားမှုများနှင့် တစ်ခါတစ်ရံ ကြုံကြိုက်ရသည်လည်း ရှိတတ်သည်။

တစ်ဦးနှင့်တစ်ဦး သံသယဖြင့်စွပ်စွဲကြရာမှ ဒေါသအလျောက် လွန်လွန်ကျူးကျူးနှုတ်လှန်ထိုးလျက် ကျိန်စာတိုက်သည့်နယ် နစ်နာထိခိုက်စေမည့်စကားများကို ပြောဆိုမိသည့်အခါ မိမိနှင့် ရန်စကားပြောရသူသည် စုန်းဖြစ်နိုင်သည်ဟု ယုံမှတ်ကြတော့သည်။

ထိုရန်စကားပြောရသူက မိမိအား မကောင်းသည့်ဘေးရန် တစ်ခုခု ကျရောက်စေရန် ပြောဆိုခံရလျှင် ပို၍ကြောက်ရွံ့ပြီး တောင်းပန်ကာ ခွင့်လွှတ်ကျေအေးရန် ပြောဆိုရသည်။





လိုအပ်ပါက စုန်းဟု ယူဆခံရသူထံသွား၍ ဆန် (သို့မဟုတ်) ထမင်းတစ်အိုး သွားရောက်ပို့ပြီး ခွင့်လွှတ်ပါရန် တောင်းပန်ရသည်။

တစ်ခါတစ်ရံ မိမိတို့အားကိုးစွာပင့်ဖိတ်ဖူးသည့် နတ်ဆရာကိုလည်း မလေးမစား အပြုအမူ အပြောအဆို ပြုလုပ်မိပါက ထိုနတ်ဆရာကလည်း ကျိန်စာတိုက်ပြုစားနိုင်ပေသည်။

ယင်း နတ်ဆရာကျိန်စာတိုက်မှုသည် အတိုက်ခံရသူအတွက် အသက်ဆုံးရှုံးစေနိုင်သည်အထိ ခံစားရတတ်၍ နတ်ဆရာကို အထူး ခလေးစားကြောက်ရွံ့ကြရသည်။

နတ်ဆရာဆိုသူမှာ အခြားမည်သည့်အလုပ်မျှ မည်မည်ရရ မလုပ်ဘဲ ဆေးကုခြင်း၊ နတ်ပူဇော်ပေးခြင်းဖြင့် ဆလုံတို့၏ မှီခိုရာ အဖြစ် ရပ်တည်နေထိုင်သည်။

နတ်ဆရာတွင် မရဏာလွယ်အိတ်ဟု ခေါ်နိုင်သည့် ဆေးအိတ် တစ်အိတ် အမြဲဆောင်လေ့ရှိသည်။

ထိုဆေးအိတ်ငယ်မှာ ရေစိမ်ခံထားသည့် ဓနိရွက်၊ အုန်းရွက်တို့ဖြင့် ရက်လုပ်ထားသောအိတ်ငယ်ဖြစ်ပြီး အရွယ်အစားမှာ (၇×၅) လက်မခန့်ရှိသည်။

ဆေးအိတ်၏အောက်ပိုင်းတွင်လုံခြုံစွာထည့်နိုင်ရန် ပိုက်ဆံအိတ်၏ပုံသဏ္ဌာန် ပြုလုပ်ထားပြီး အပေါ်ပိုင်းကို ခေါက်ချိုးပတ်ချထားရန် အနည်းငယ်ရှည်ရှည်ရက်လုပ်ထားသည်။ အပေါ်ပိုင်းအစကို ခေါက်ချိုးချခြင်းဖြင့်အောက်ပိုင်းအိတ်ကို ပတ်မိပြီးနောက် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



မှျင်ဖြင့်ချည်ထားလိုက်သည်။

ဆေးအိတ်ငယ်ထဲတွင် ဖယောင်းဖြင့် ပြုလုပ်ထားသော လူပုံသဏ္ဍာန်အရုပ်ငယ်တစ်ရုပ်၊ ကြိုးစဖြင့်ချည်ထားသော ဘီလူးရုပ်ပုံတစ်ရုပ်၊ ဝါးခွက်ငယ်လေးအတွင်းမှ နီညိုညိုသဲများ၊ သဲအနည်းငယ်စီထည့်၍ အလိပ်လိုက်ကျစ်ထားသော ညစ်ပေနေသည့်အဝတ်လိပ်တစ်လိပ်၊ ငါးမေးရိုးတစ်စုံတို့ပါဝင်သည်။

စာရေးသူကို့သွားသည့်အချိန်တွင် နတ်ဆရာနှင့် ခေတ္တသာတွေ့ရပြီး လူနာကုရန်ဟုပြောလျက် အခြားတစ်ရွာသို့ နတ်ဆရာကိုယ်တိုင် လှေဖြင့် မောင်းနှင်ထွက်ခွာသွားသည်။

နတ်ဆရာက မကျေနပ်မှုရှိသူအား အငြိုးထား၍ အခါအခွင့်သင့်သည်နှင့် ကျိန်စာတိုက်တတ်သည်။ လက်စားချေရာတွင် မိန်းမသားများအား မည်သည့်အခါကမျှ လက်စားချေလေ့မရှိဟု ဆိုသည်။

ကျိန်စာတိုက်ပြုစားနည်းအချို့မှာ မကျေနပ်သူထံသို့ သွား၍ နတ်ဆရာက ပြုလုပ်ထားသော ဖယောင်းရုပ်ကို ကြိုးများနှင့်ချည်ပတ်တုပ်နှောင်ပြီး ရှေ့သို့ထုတ်ပြလျက် "မကြာမီရက်အတွင်း မင်းမကျန်းမမာအောင် (သို့မဟုတ်) ဘေးအန္တရာယ်တွေ့ပြီး သေစေအောင်လုပ်မည်"ဟု ပွင့်ပွင့်လင်းလင်းပြောတတ်သည်။

အခြားနည်းမှာ မကျေနပ်သူသွားရာသို့ ခြေရာခံလိုက်ပြီး ထိုသူနင်းသွားသည့်သဲပြင်မှ ခြေရာခံသဲကို ယူလာပြီး ယင်းသဲအား မိမိနတ်ဆရာကိုယ်တိုင် လက်ဝယ်ရရှိထားပြီးဖြစ်၍ တောထဲသို့ သွား





ရောက်ကာ ပျားအုံမှ ပျားဖယောင်းကို ရယူသည်။

ရရှိထားသောခြေရာခံသဲနှင့် ပျားဖယောင်းကို ရောနယ်၍ လူပုံအရုပ်ပြုလုပ်သည်။ ထိုလူပုံအရုပ်အား ကြိုး (သို့မဟုတ်) နွယ်ပင်ဖြင့် ရစ်ပတ်ပြီး မိမိပြုစားလိုသူထံ သွားရောက်လျက် ...

"သင့်အား ကျွန်ုပ်က ချုပ်နှောင်ထားနိုင်ပြီ၊ မကြာမီ နာဖျားမကျန်းဖြစ်တော့မည်"

ဟု တောစောင့်နတ်၊ တောင်စောင့်နတ်တို့ မကောင်းဆိုးဝါးသရဲတစ္ဆေတို့ကို ပန်ကြားလျက် ကျိန်စာတိုက်လိုက်လေတော့သည်။

နတ်ဆရာက ပြုစားခံရသူအား နာမကျန်းဖြစ်စေပြီး သေဆုံးခြင်းတို့အဆင့်ဆင့်ဖြစ်စေရန် လက်စားချေခြင်းဖြစ်သည်။

အချို့ကား ယင်းသို့ နတ်ဆရာ၏ကျိန်စာတိုက်ပြုစားခြင်းကို တကယ်ပင်ဖြစ်တော့မည်ဟု စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းလာပြီး ပြောသည့်အတိုင်း နာမကျန်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကို ခံစားရသည်။

အချို့မှာ မူလနေထိုင်ရာရွာမှ အခြားဝေးလံသောကျွန်းများဆီသို့ ပြောင်းရွှေ့သွားကြခြင်းဖြင့် ကျိန်စာတိုက်၍သေဆုံးခြင်းကို ဘာကြောင့်ဖြစ်,မဖြစ် မသိနိုင်တော့ပေ။

အချို့မှာလည်း မတော်တဆ ဆုံးပါးခြင်းကိုပင် နတ်ဆရာကြောင့်ဖြစ်ရသည်ဟု ယုံကြည်ယူဆပြီး နတ်ဆရာကို အလွန်အမင်းကြောက်ရွံ့ရိုသေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ထိုလူများ၏စိတ်ပိုင်းဆိုင်ရာ ပျော့ညံ့အားနည်းမှု ကို အခွင့်ကောင်းယူပြီး ကြံစည်ဖန်တီးခြင်းလည်းဖြစ်နိုင်ပေသည်။

စုန်းအတတ်ဖြင့် ပြုစားလိုသူသည် မိမိပြုစားရမည့်သူ၏ အဝတ်စ၊ စားသောက်ပြီးစ ငါးရိုး၊ ခဲဆား ဆံပင် စသည်တို့ကို တိတ်တဆိတ်ယူသွားပြီး ပြုစားသည်။

အကယ်၍ ပြုစားခံရသူက ကြိုတင်သိရှိသွားပါက ဝတ်ထားသောအဝတ်ကို စွန့်ပစ်ခြင်း၊ ဆံပင်ကို စတိ အနည်းငယ်ညှပ်ပစ်ခြင်း စသည်တို့ကို ပြုလုပ်လိုက်ပါက တန်ပြန်ပြီးဖြစ်၍ အန္တရာယ်မကျရောက်နိုင်တော့ပြီဟု ယူဆယုံကြည်ကြသည်။

အချို့က လူပုံပြုလုပ်ပြီးနောက် ယင်းလူပုံရိပ်ငယ်တွင် ဆံပင်ခြေသည်း၊ လက်သည်းတို့ ကပ်ထည့်ပြီးနောက် မြေတွင်မြှုပ်ကာ ပြုစားခံရသူ သေဆုံးသွားပြီဟုပြော၍ ချေပခြင်းဖြင့် အန္တရာယ်မှ လွတ်ကင်းစေနိုင်သည်ဟု ဆိုသည်။

စုန်းအတတ်ဖြင့်ပြုစားခံရသူအား နတ်ဆရာကို ပင့်ဖိတ်၍ ကုသနိုင်ပေသေးသည်။

နတ်ဆရာက အသင့်ပါလာသော အဝတ်ပိုင်းအနီစကို ဝေဒနာရှင်၏ကိုယ်ပေါ်တွင်တင်၍ လက်ဖြင့်ထိလျက် ဂါထာများ မန်းမှုတ်ခြင်းဖြင့် ဝိတ်စထဲတွင် စုန်းပြုစားထားသည့်ပစ္စည်း (ဥပမာ– ငါးရိုး၊ လူသေရိုးအပိုင်းအစ၊ အပ်ချည်မျှင်ကြိုး)စသည်တို့ ကိုယ်ခန္ဓာထဲမှ ထွက်လာသည်။





ဝေဒနာရှင်ကလည်း ယင်းသို့ ကိုယ်ထဲမှ မကောင်းဆိုးဝါး ပစ္စည်းများထွက်သွားပြီးဖြစ်၍ စိတ်ဆက်ကြည်လင်လန်းဆန်းလာပြီး ကောင်းမွန်သွားကြသည်။

သို့ဖြစ်၍ အချို့မိန်းကလေးနှင့် ကလေးငယ်များအရွယ်ရောက်မိန်းမများတွင် ရေတ်ကောင်းစေ့(၇)စေ့ကို အိတ်ငယ်နှင့်ထည့်ကာ လည်တွင်ချိတ်ဆွဲထားကြသည်။

အချို့က ပြုစားမှုကို ကုသပေးသည့် ရေတ်ကောင်းစေ့များကို မန်းမှုတ်ပေးပြီးသည်နှင့် အပြင်သို့ လွှင့်ပစ်ရသည်လည်းရှိသည်။

ယခုနောက်ပိုင်းကာလ ၁၉၉၁ ခုနှစ်မှစ၍ စုန်းအတတ်ပြုစားတတ်သူများ ပေါ်ပေါ်လွင်လွင်မရှိတော့ချေ။

ကျွန်းစုမြို့နယ် ဆလုံကျေးရွာများတွင် တစ်အိမ်နှင့်တစ်အိမ်နီးကပ်စွာဆောက်လုပ်ထားကြပြီး မိသားစုအချင်းချင်း၊ ကလေးငယ်အချင်းချင်း စုစည်းစွာနေထိုင်ကြသည်ကို တွေ့ရှိရပေသည်။

စုန်းအတတ်ဖြင့်ပြုစားတတ်သူရှိသည့်တိုင် မည်သူမျှ အသိမပေးလိုတော့ဘဲ လျှို့ဝှက်စွာနေထိုင်ကြသည်ကိုတွေ့ရှိရလေသည်။

ယခင်နှစ်ပေါင်းများစွာကပင် အရိုးစွဲကျင့်သားရနေသော နတ်ကိုးကွယ်မှုသည် ၎င်းတို့၏အစိကယုံကြည်မှုဖြစ်သည်။

ပင်လယ်ပြင်ကိုသွားလျှင် ပင်လယ်နှင့်ဆိုင်သောနတ်၊ တောကိုသွားလျှင် တောစောင့်နတ်၊ တောင်ပေါ်တက်လျှင် တောင်ပိုင်နတ်၊ ရေထဲသို့ငုပ်လျှင် ရေပိုင်နက်နှင့်ဆိုင်သောနတ် စသည်တို့ကိုအားကိုး



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အကယ်၍ တစ်နေရာရာမှပြန်လာ၍ ကျန်းမာရေးချို့ယွင်း ချက်ရှိလျှင် ထိုနေရာနှင့်ဆိုင်သောနတ်ကို တောင်းပန်ပသကြသည်။

အိမ်ထောင်ကျခါစ ဇနီးမောင်နှံတို့အတွက် အိမ်ခွဲဆောက်မည်ဆို လျှင် အိမ်တိုင်တစ်လုံးကို သူ ကို့ဆောက်လုပ်မည့်အိမ်နေရာတွင် စတင် စိုက်ထူလိုက်သည်။

ထိုတစ်ညအိပ်၍ အိပ်မက်ယူသည်။ အိပ်မက်မကောင်းလျှင် ထိုနေရာတွင် အိမ်မဆောက်တော့။ အခြားနေရာသို့ ပြောင်း၍ ဆောက်လုပ်နေထိုင်သည်။

ပြောင်းဆောက်မည့်နေရာတွင်လည်း အထက်ပါကဲ့သို့ အိပ် မက်ယူပြီးမှဆောက်သည်။

ကောင်းသည့်နိမိတ်ကိုယူ၍ အိမ်ဆောက်သည့်အိမ်သစ်တွင် တစ်လကြာ၍မျှားလျှင် ကျန်းမာရေးချို့တဲ့မှုရှိကြပြီး ယင်းအိမ်သစ် ကိုပစ်ခွာ၍ အခြားအိမ်တစ်လုံးကို အိပ်မက်နှင့်နိမိတ်ယူ၍ ထပ်မံ ဆောက်လုပ်နေထိုင်ကြသည်။

မကျန်းမာလျှင် နတ်ကို အရင်ဦးစားပေး၍ တွေးခေါ်စဉ်းစား သည်။

ရောဂါဘယဖြစ်ရခြင်းအကြောင်းရင်းများမှာ ...

✧ ကျန်းမာရေးပညာပေးအသိကို သင်ပြနည်းလမ်းပေးမှု မရှိ ခြင်း။





✧ မိဘက သားသမီးများ နေထိုင်စားသောက်မှုကို ဆင့်ကဲ ဆင့်ကဲ လမ်းညွှန်သွန်သင်နိုင်ခြင်း မရှိမှု။

တို့ကြောင့် မလိုအပ်သည့်ရောဂါများ ရရှိခံစားရခြင်းဖြစ်သည်။ ယင်းသို့ ရောဂါဖြစ်နိုင်သည့်အကြောင်းတရားများကို မသိ ခြင့် ဝေဒနာတစ်ခုခု ခံစားရပါက ၎င်းတို့သတ်ဝန်းကျင်နှင့် ဆက် ..သည့် မကောင်းဆိုးဝါးသရဲတစ္ဆေများ၊ ဝိညာဉ်များ၊ နတ်များက ..မ်းစားခြင်းကြောင့်ဖြစ်ရသည်ဟု ယုံကြည်ပြီး နတ်ကိုပင့်ဖိတ်ကာ ..ောင်းပန်ပူဇော်ကြသည်။

မကောင်းဆိုးဝါး၊ သရဲတစ္ဆေ၊ ဝိညာဉ် စသည်တို့ ဝေဒနာရှင် ..အား ခွဲကပ်လာပါက (သို့မဟုတ်) ဖမ်းစားခြင်းရှိပါက ယင်းတို့ကို ..နိုင်နင်းသောဆရာက စီစဉ်ကြပ်မတ်ကုသနိုင်သည်ဟုဆိုပါသည်။

နတ်ဆရာသည် ဆေးဆရာလည်းဖြစ်ပြီး ရိုးရာနတ်ဆရာ ..သည်း ဖြစ်ပါသည်။

အများအားဖြင့် ရေတွင် အသက်မွေးသူများသည် ငှက်ဖျား၊ ..ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါတို့ အဖြစ်များသည်။

အချို့အိမ်ထောင်ဦးစီးများသည် ငှက်ဖျားပိုး ဦးနှောက်..င်း ..ောက်သည့်ဝေဒနာဖြင့် တစ်ရက်နှစ်ရက်အတွင်း ဆေးကုသမှုမရ ..ဘဲ နတ်ဆရာသော်လည်းပင် အသက်ဆုံးရှုံးရသည့်အဖြစ်မျိုးလည်း ..သည်။

ဝမ်းလျှောရောဂါဖြစ်လျှင်လည်း ခရီးနှင့်ဝေး ဝမ်းမထိန်းနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



က အသက်ဆုံးရှုံးနိုင်ပေသည်။

ရေငုပ်၍ ပုလဲထွက်သည့်မုတ်ကောင်များကို ရှာဖွေသူအချို့ ဖရအောက်အနက် ပေ(၁၈၀)မှ(၁၈၀)အကြား(ရေအလံ ၃၀)ခန့် နက်သို့ ဆင်းငုပ်မိ၍ ရေနှာ ပြီး အောက်ပိုင်းသေကာ တဖြည်းဖြည် နှင့် အသက်ဆုံးရှုံးရသူများလည်းရှိသည်။ အသက်မသေဘဲ အော ပိုင်းသေလျှက်နေကြရသူများလည်း ရှိသည်။

မိမိတို့၏ စီးပွားရေး ကျန်းမာရေးနှင့် လူမှုရေးကိစ္စမှန်သမျှ နတ်က အမျိုးမျိုး ပြုလုပ်ဖန်တီးဖမ်းစားနိုင်စွမ်းရှိသည်ဟု ယုံကြ သားကြသူများသည် မည်သည့်ကိစ္စမဆို နတ်ကို ဦးစားပေး၍ တ မြှောက်မေးမြန်းခြင်း၊ ဆေးကုသခြင်း ပြုလုပ်ကြသည်။

ဝေဒနာသည်နှင့်နတ်ဖမ်းစားမှုကြားတွင် နတ်ဆရာသည် အဓိက ဖြစ်ချေသည်။

နတ်ဆရာကလည်း ကုသမှုအောင်မြင်ရေးအတွက် အကော ဆုံးကုသနိုင်ရေးကို ပြင်ဆင်သည့်အနေဖြင့် ဦးချိုပုံဖျာ်ကာလေးတ ကို အမြဲသယ်ယူလေ့ရှိသည်။

နတ်ဆရာက ယင်းဖျာ်ကာလေးထဲမှ လူရုပ်၊ ဘီလူးရုပ်၊ ပန်း ပြားငယ်နှင့် ပိုက်ဆံများ၊ ကွမ်းသီး၊ ကွမ်းရွက်၊ ဆေးရွက်ကြီး ယပ်တောင်တစ်ချောင်းအပြင် အနီရော င်အဝတ်စတို့ကို ဆေးကု ၍ လိုအပ်သလို အသုံးပြုသည်။

နတ်ဆရာကိုပင့်ဖိတ်၍ ကုသသည့်နည်း ရှိလေသည်။





ကုသမည့်လူနာရှင်က လက်ဖက်ပွဲ၊ ကွမ်းပွဲနှင့် ဆေးလိပ်တို့ကို ပြင်ဆင်ထားပြီး နတ်ဆရာကို ပင့်စေရသည်။

နတ်ဆရာ ရောက်လာလျှင် လူနာ၏ခေါင်းရင်းဘက်တွင်ထိုင် ၍ နတ်ဝင်ခြင်းကိုပြုသည်။ နတ်ဝင်လာချိန်တွင် လူနာကိုပြုစုသူက ဝေဒနာသည်၏ရောဂါအခြေအနေအထွေထွေကို နတ်ဝင်နေသည့် နက်ဆရာအား ပြောပြရသည်။

နတ်ဆရာက ပြင်ဆင်ပြုလုပ်ထားသောနတ်ပွဲမှ တစ်ခုခုကို တောင်းယူပြီး မန်းမှုတ်သည်။ ထို့နောက် ဝေဒနာသည်၏ ရောဂါဖြစ် ပွားသည့်နေရာဖြစ်သော ဖျားလျှင် နဖူး၊ လေထိုးလေအောင့်လျှင် ဝမ်းဗိုက်၊ ရင်ဘတ်အောင့်လျှင် ရင်ညွန့်ပေါ် စသည့် နေရာအလိုက် နတ်ဆရာက ထိုသူခံစားနေရသည့်နေရာပေါ်သို့ လက်ကိုအုပ်၍ ဆုပ်ကိုင်ပြီး မန်းမှုတ်ပေးသည်။

ဤသို့မန်းမှုတ်ကုသရုံမျှဖြင့် ခန္ဓာကိုယ်တွင်းရှိရောဂါများ ပျောက်ကင်းလွင့်စဉ်သွားသည်ဟု မှတ်ယူယုံကြည်ကြသည်။

သာမန်ဖျားလျှင်ကား အကြောင်းမဟုတ်သော်လည်း ငှက်ဖျား ပိုး ဦးနှောက်အတွင်းသို့ရောက်ရှိခံစားရသူ လူနာများအတွက်မူ ရောဂါမသိ၍ အကြောင်းမဲ့ အချိန်မီ ဆေးဝါးကုသမှု မရရှိနိုင်ဘဲ အသက်ဆုံးရှုံးရသူများရှိခဲ့သည်။

အခြားနည်းတစ်နည်းလည်းရှိသေးသည်။

ယင်းမှာ ဝေဒနာရှင်လူနာအား ဖျာပေါ်တွင် ဆန့်ဆန့် ပက်



www.burmeseclassic.com

www.burmeseclassic.com



လက်အိပ်နေစေရမည်။

နတ်ဆရာက လူနာ၏ဘေးတွင် ဆောင့်ကြောင့်ထိုင်လျက် နတ်ဆရာ ယူဆောင်လေ့ရှိသော လက်ဆွဲကိုင်ဗျပ်ကလေး၏ အပေါ်စွန်းတွင် ဖယောင်းပ ိကို ထွန်းသည်။

ပြီးလျှင် နတ်ဆရာက အသင့်ယူလာသော ယပ်တောင်လေး ဖြင့် လူနာအား ပူလောင်မှုငြိမ်းစေရန် ယပ်ခတ်ပေးသည်။ အကြောင်း ရင်းမှာ လူနာတွင်စွဲကပ်လာသော မကောင်းဆိုးဝါး ကပ်တွယ်မှု သရဲတစ္ဆေပြုစားမှုနှင့် သူတစ်ပါးမကောင်းကြံပြုစားမှုတို့ကို ကင်းစင် လွင့်ပျောက်စေရန်ဖြစ်သည်။

ယင်းကဲ့သို့ အဆက်မပြတ် ယပ်ခတ်ပေးလျက် ဗျပ်ငယ်ထဲမှ ဆန်မန်းအချို့ကို လက်တစ်ဖက်စီဖြင့်ယူပြီး လူနာ၏ကိုယ်ပေါ်သို့ သွန်၍ ကြဲချမန်းမှုတ်သည်။

ဤသို့ ဆက်ကာဆက်ကာ မန်းမှုတ်နေရာမှ ယိမ်းထိုးလာပြီး လူနာ၏ကိုယ်ပေါ် ရင်ညွန့်ရှိအရေပြားကို ပါးစပ်ဖြင့်စုပ်ယူလိုက်၊ အပြင်ဘက်လှည့်၍ ထွေးမှုတ်ထုတ်လိုက်နှင့် အကြိမ်ကြိမ်ပြုလုပ် ရသည်။

ယင်းသို့ပြုလုပ်ခြင်းမှာ လူနာ၏ကိုယ်ပေါ်တွင် ကပ်ရောက် နေသော မကောင်းဆိုးဝါးအန္တရာယ်များကို စုပ်ထုတ်ခြင်းဖြင့် ခံစား နေရသော ရောဂါဝေဒနာများ ပျောက်ကင်းသွားပြီဟု ယုံကြည်ကြ လေသည်။





လူနာအချို့မှာ ပြန်လည်လန်းဆန်း၍ ကျန်းမာလာသည်။ လူနာအချို့လည်း အသက်ဆုံးရှုံးရသည်။

ထိုသို့ သေဆုံးသွားသည့်အခါ ခန္ဓာကိုယ်ကြီးက သေဆုံးပုပ်သိုး သွားသော်လည်း သေသူ၏ဝိညာဉ်သည် တမလွန်ဘဝတွင် ဆက် သက်ရှင်သန်လျက်ရှိနေသည်ဟု ယုံကြည်ကြသည်။

ယင်းဝိညာဉ်သည် မမြင်မတွေ့ရသော်လည်း ကောင်းမှု မကောင်း မှုတို့ကို ပြုလုပ်နိုင်သည့် တန်ခိုးစွမ်းအားရှိသည်ဟု ဆိုသည်။

ထိုတမလွန်ဘဝသည် ဝိညာဉ်ဘုံဗိမာန်ဖြစ်သည်ဟု လက်ခံ ထားကြသည်။ တမလွန်ဘဝရှိ ဝိညာဉ်သည် ယခင် သက်ရှိဘဝဖြစ် စဉ်က ကောင်းသောအကျိုး ခံစားစံစားရမည်။ ယခင်ဘဝက အ ဘဝ မဖြင့် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်သည်။

ယခုဘဝတွင် မိမိအမည်အားခေါ်ခြင်းသည် ဝိညာဉ်ဘဝသို့ ရောက်ရှိမည့် မိမိ၏အမည်အား ခေါ်ဝေါ်ခြင်းဖြစ်သည်ဟုလည်း ယူဆ၍ အမည်ကို အတတ်နိုင်ဆုံးဖုံးကွယ်ထားကြသည်။

နတ်ကိုးကွယ်သည့်ရည်ရွယ်ချက်မှာ မိမိတို့ဆောင်ရွက်ရမည့် လုပ်အကိုင်များ အဆင်ပြေစေရန်၊ စီးပွားဥစ္စာတိုးတက်စေရန်၊ ဘေးအန္တရာယ်ကင်းစေရန်၊ ရောဂါဘယပျောက်ကင်းစေရန်အတွက် ကြသည်။

အများအားဖြင့် ပင်လယ်ပြင်ခရီးရှည်ထွက်ရသည့်အခါ ဆောက်လုပ်မည့်အခါ နတ်များကို အကူအညီတောင်း ပူဇော်လေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပူဇော်သည့်အခါ၌ အခြားတောစောင့်နတ်၊ တောင်စောင့်နတ်တို့ကိုပါ ပျားဖယောင်းတိုင် ထွန်းညှိပူဇော်ကြသည်။

နတ်ပူဇော်ရာတွင် ထူးဆန်းသောအယူအဆတစ်ခုရှိသည်။ ယင်းမှာ ကြက်နှင့်ဘဲတို့ကို နတ်အားပူဇော်ပသမှုမပြုဘဲ သတ်ဖြတ်စားသောက်ခြင်း မပြုရပေ။ အကယ်၍ ပသခြင်းမရှိဘဲ သတ်ဖြတ်မိပါက အသားကိုစားခွင့်မရှိ၊ သွေးမျှသာ သောက်ခွင့်၊ စားခွင့်ရသည်။

ယင်းစည်းကမ်းကိုဖောက်ဖျက်ပါက နတ်ဖမ်းစားခြင်းခံရမည်။ ဘေးဆိုးနှင့်တွေ့မည်ဟု ယုံကြည်ယူဆကြသည်။

လူသားတိုင်းသည် အသက်ရှည်ကျန်းမာစွာ နေထိုင်လိုကြသည်။

ဗုဒ္ဓဘာသာဝင်များသည် ကံနှင့် ကံ၏အကျိုးကို နားလည်သဘောပေါက်ကြသည့်အားလျော်စွာ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောကို သိလျက် သံသရာမှလွတ်မြောက်ရာနိဗ္ဗာန်သို့ လျင်မြန်စွာရောက်ရှိရပါလိုကြောင်း ကြိုးစားကျင့်ကြံအားထုတ်ကြ၏။

ဗုဒ္ဓ၏ တရားမွေနှင့်ကွာနေသူတို့မှာ သေရမည့်အချိန်တွင် တုန်လှုပ်ချောက်ချား အာရုံထွေပြားကြ၏။

အကြောင်းအကျိုး ရုပ်နာမ်ခန္ဓာငါးပါးတွင် မြင်သမျှ၊ ကြားသမျှ၊ အနံ့ရသမျှ၊ စားသမျှ၊ ထိသမျှ၊ သိသမျှတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို ဆင်ခြင်သိမှုဝိပဿနာ





တ်လေ့ရှိသူတို့မှာ သေခြင်းတရားကိုရင်ဆိုင်ရန် ဝန်မလေးကြပေ။

ဆလုံတို့သည် အဘိုး(သို့မဟုတ်) အသက်အရွယ်ကြီးသူ တစ်ဦးဦး သေဆုံးလျှင် မြေပုံပေါ်တွင် ကျောက်တုံးကြီးကြီးတစ်တုံး ဦး တင်ခဲ့ကြသည်။

အသက်ငယ်သူ ယောကျ်ားတစ်ဦး သေဆုံးလျှင် ကျောက်တုံး သ်တစ်တုံးကိုထားသည်။ ဆလုံအမျိုးသမီး သေဆုံးလျှင် ခက်ရင်း ထားသော ကျောက်တုံးကိုဖြစ်စေ၊ ခက်ရင်းပါသောကျောက်တုံး ဖြစ်စေ တင်ထားရသည်။

ကလေးငယ်များသေဆုံးလျှင် အုန်းသီးတစ်လုံးတင်ထားခဲ့ကြ ည်။

အသုဘ လိုက်ပါပို့ဆောင်သူများ အိမ်သို့ပြန်ရောက်လျှင် ါ မတက်မီ လက်နှင့် ခြေကို ရေချိုး(သို့မဟုတ်)ရေနွေးဖြင့် ဆေးပြီး က် အိမ်ပေါ်တက်ကြသည့်ဓလေ့ရှိသည်။

ထိုဓလေ့ဆန်းများသည် ရှေးအစဉ်အဆက်ကတည်းက ရှိခဲ့ သောဓလေ့များပင်ဖြစ်သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

## နေနှင့်လ ထပ်ပါခြင်းနှင့် ကံကြမ္မာဆိုးများ

မြနှင်းဖြူမှာ ကျန်းမာရေးမကောင်းသေးသောကြောင့် ၎င်းတို့မြေးအဘိုးကို နတ်ဆရာက ၎င်း၏ရဲတိုက်ကြီးအတွင်းမှာပင် ခေါ်ထားပေးသည်။

ထိုသို့ထားလျက်နှင့်ပင် ညဘက်အချိန်များတွင် အထိတ်ကလန့်ထ,အော်နေသောကြောင့် ဦးမွန်ထော်ကို အနားမှာ အမြဲထားပေးရသည်။

ဦးမွန်ထော်မှာလည်း အရက်သောက်ခွင့်မရသောကြောင့် မြေးဖြစ်သူ၏အနားမှာ ကတုန်ကယင်ဖြစ်ကာ စောင့်နေရရှာသည်။

ထိုညက မြနှင်းဖြူမှာ တစ်ညလုံးအော်ဟစ်နေသောကြောင့် ထိုမှာရှိသောလူများပင် အထိတ်တလန့်ဖြစ်ကာ တစ်ညလုံးမအိပ်ရဘဲ စောင့်ကြရသည်။





နံနက်ပိုင်းရောက်သောအခါ ဘစ်စုံတမ်ခုသော ကြောက်မက်ဖွယ်ရာများကို မြင်တွေ့နေဟန်ဖြင့် မကြာခဏထ,အော်ပြီး ခုတင်ပေါ်မှ ရုန်းထနေလေရာ ဦးမွန်ထော်မှာ ဖိထားရလေသည်။

ထို့ကြောင့် နတ်ဆရာ ဇမုန်းထန် ရောက်လာလေသည်။

"အခြေအနေ အတော်ဆိုးနေပါလား၊ သူ့ကို မကောင်းတဲ့ အနှောင့်အယှက် ပယောဂဘစ်ခုခု ငင်ရူးပြီး နှောင့်ယှက်နေတာဖြစ်ရမယ်"

ထိုသို့ပြောနေစဉ်မှာပင် မြနှင်းဖြူမှာ ရဲတိုက်ကြီး၏ ဘေးနံရံကိုကြည့်ပြီး အထိတ်တလန့်အော်ကာ အတင်းကျုံးထနေသောကြောင့် နတ်ဆရာက သူမကို ခုတင်တွင် ကြိုးများနှင့်တုပ်ထားရန် အမိန့်ပေးလိုက်လေသည်။

"မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့၊ ကျုပ်ရဲ့မြေးမလေးကို ဒီလိုတော့ မလုပ်ကြပါနဲ့"

ဟု ဦးမွန်ထော်က ပျာပျာသလဲတောင်းပန်လေသည်။

"မလုပ်လို့မရဘူး ဦးမွန်ထော်ရဲ့၊ ခင်ဗျားမြေးမလေးက သာမန်မဟုတ်တော့ဘူး၊ အမှောင့်ပယောဂတွေ ပူးကပ်နေတာဗျ၊ အခု ကြိုးနဲ့တုပ်ထားတာက သူ့ကို တုပ်ထားတာမဟုတ်ဘူး၊ သူ့မှာ ကပ်နေဘဲ့ မကောင်းဆိုးဝါးတွေကို ဆေးပုံစီရင်ထားတဲ့ကြိုးနဲ့တုပ်ထားမှာ၊ ဘာမှစိတ်မပူနဲ့၊ ကျုပ် ဆေးတစ်ခွက် တိုက်လိုက်ရင် ပြန်ကောင်းသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ တပည့်များကို မြနှင်းဖြူအား ကြိုးဖြင့် တုပ်ထားရန် အမိန့်ပေးလိုက်သဖြင့် တပည့်များက ကြိုးများယူလာပြီး ခြေနှင့်လက်တို့အား ခုတင်နှင့်တွဲချည်ထားလိုက်ကြသည်။

ထိုအဖြစ်အပျက်ကို မြင်သောအခါ ဆရာမ စတယ်လာသည် ဒေါက်တာမင်းထင်ကျော်တို့ကို အကူအညီတောင်းရန် အပြင်သို့ ထွက်သွားလေသည်။

မြနှင်းဖြူမှာ ခြေနှင့်လက်တို့ကို ခုတင်နှင့်ကပ်ကာ ကြိုးနှင့် ချည်ထားသဖြင့် နေရာမှ ထ,မရတော့သည့်တိုင်အောင် သူမ၏ မျက်လုံးများက ရဲတိုက်နံရံများဆီသို့ကြည့်ကာ ထိတ်လန့်တကြား နှင့် အော်မြည်အော်နေလေသည်။

ထိုအချိန်မှာပင် ရဲတိုက်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်လာသည် အထိ လျှော်များ ဆက်ကာဆက်ကာလှုပ်လာတော့သည်။

ထိုသို့လှုပ်လာလေလေ မြနှင်းဖြူမှာ ခုတင်ပေါ်မှ ကျူးထလေ လေဖြစ်နေသဖြင့် နတ်ဆရာ ဇမုန်းထန်က ဆေးတိုက်ရန် ပြင်ဆင် နေသည်။ သူသည် ကြေးခွက်တစ်ခွက်အတွင်းသို့ နီညိုရောင် ဆေး ရည်များထည့်ပြီး မြနှင်းဖြူကိုတိုက်ရန် အနားသို့လျှောက်လာသည်။

ထိုသို့လျှောက်လာစဉ်မှာပင် လက်ထဲမှကြေးခွက်မှာ မီးနှင့် မြိုက်လိုက်သကဲ့သို့ဖြစ်ကာ ရဲတက်လာသဖြင့် မကိုင်နိုင်တော့ဘဲ လွှတ်ချလိုက်ရတော့သည်။

တစ်ပြိုင်နက်တည်းမှာပင် ရဲတိုက်ကြီးအတွင်းမှာရှိသော သံ





သည်၊ ကြေးထည်များဖြင့် ပြုလုပ်ထားသည့်ပစ္စည်းများမှာ ပန်းပဲဖိုထဲ မှ မီးအပူပေးထားသောပစ္စည်းများပမာ တစ်ပြိုင်နက်တည်း ရဲတက် သာကာ အခန်းတွင်းသို့ အပူလှိုင်းကြီးများဝင်လာလေတော့သည်။

ထိုအခိုက်မှာပင် တုန်ခါမှုများကြောင့် ရဲတိုက်ကြီး၏တံခါး ပေါက်များနှင့် နံရံအတော်များများ ပွင့်ထွက်ကုန်လေတော့သည်။

"ဝုန်း ..."

"ဝုန်း ..."

"ဝုန်း ..."

"အား ..."

မြနှင်းဖြူ၏အော်သံသည်လည်း စူးစူးဝါးဝါးပေ၊ ထွက်လာလေ တော့သည်။

ထိုအချိန်တွင် အပြင်ဘက်မှ လွင့်စဉ်ဝင်လာသော ကျောက်မှုန့် ကျောက်ခဲအချို့က နတ်ဆရာ ဇမုန်းထန်ထံ ဝင်ရောက်ထိမှန်လေ ရာ နောက်ဘက်သို့လန်ကျသွားလေတော့သည်။

ရဲတိုက်ကြီး အတော်များများမှာ ပေါက်ကွဲမှုများကြောင့် ပြိုကျ လျက်ရှိနေပြီ။ ထိုအချိန်တွင် မြနှင်းဖြူ၏ ခြေနှင့်လက်တို့တွင် ချည် ထားသောကြိုးများမှာ မီးထ,တောက်နေလေပြီ။

မြနှင်းဖြူမှာ ငယ်သံပါအောင်အော်ဟစ်လျက်ရှိနေသည်။

ဆရာမ စတယ်လာ သွားရောက်အကြောင်းကြားသဖြင့် လိုက်လာသော ဒေါက်တာမင်းထင်ကျော်တို့မှာ ရဲတိုက်ကြီးနှင့် မနီးမဝေး



www.burmeseclassic.com

www.burmeseclassic.com



ရှိ တောင်ကုန်းပေါ်မှာပင် ရှိနေသေးသည်။

သူတို့ လှမ်းကြည့်လိုက်တော့ ဝိညာဉ်ဖြူတောင်ကြီးထိပ်မှ မီးခိုးများအူထွက်နေပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး မည်းမှောင်လျက်ရှိနေလေပြီ။ တုန်လှုပ်မှုများကလည်း အဆက်မပြတ်ဖြစ်ပေါ်နေသည်။

သဲဘော်စက်ကြီးတစ်လုံး မောင်းနေသကဲ့သို့ မည်သည့်နေရာမှပေါ်ထွက်နေမှန်းမသိသော မြည်ဟီးသံကြီးများကိုလည်း အတိုင်းသား ကြားနေရသည်။

ဝိညာဉ်ဖြူတောင်ကြီးတစ်ဝိုက်တွင် ခိုအောင်းနေထိုင်ကြသော ငှက်များမှာလည်း အလန့်တကြားဖြင့် ကောင်းကင်သို့ပျံတက်နေကြရာ မီးခိုးငွေ့များကြားမှာ ကောင်းကင်ပြင်တစ်ခုလုံး မည်းမည်းလှုပ်နေတော့သည်။ ၎င်းတို့၏အော်သံများကိုလည်း အတိုင်းသားကြားရလေသည်။

"မီးတောင်တွေပေါက်ကွဲတော့မယ်ထင်တယ်။ ဆရာမက ကျောင်းသားတွေရှိတဲ့ဆီကိုအမြန်ဆုံးပြန်သွားပြီး သူတို့ကိုပြန်လွှတ်ဖို့လုပ်ပါ။ ကျွန်တော်တို့ မြနှင်းဖြူဆီကို သွားလိုက်မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆရာမ စတယ်လာက ကျောင်းသားများရှိရာသို့ အလျင်အမြန်ထွက်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့က ရဲတိုက်ကြီးရှိရာသို့ တက်သွားကြသည်။





လမ်းတစ်လျှောက်လုံးမှာလည်း ဘယ်နေရာမှ လွင့်စဉ်လာမှန်းမသိရသော ကျောက်တုံးကျောက်ခဲများကို အတော်သတိထား၍ ရှောင်တိမ်းသွားကြရသည်။

ရဲတိုက်ကြီးအတွင်းသို့ရောက်သောအခါ တောင်ကုန်းပေါ်မှ စီးကျလာသော ချော်ရည်ပူများပင် အချို့နေရာများမှ စီးဝင်နေလေသည်။

အခန်းထဲရှိ ပစ္စည်းအတော်များများကို မီးတောက်များစွဲနေလေပြီ။

ဒေါက်တာမင်းထင်ကျော် အခန်းထဲရောက်သွားတော့ အခန်းထဲမှာ ဘယ်သူမှမရှိတော့ပေ။

မြနှင်းဖြူက ခုတင်ပေါ်မှာပင် ရှိနေသေးသည်။ မီးစွဲနေသော ကြိုးများက မပြုတ်သေးပေ။

ဘွားအဖို့ ဦးမွန်ထော်က တစ်စုံတစ်ခုဖြင့် ထိခိုက်မိသွားပုံဖြင့် ခုတင်နံဘေးမှာ သတိလစ်နေသည်ကိုတွေ့ရသည်။

အခန်းထဲမှာလည်း အချို့နေရာများတွင် မီးစွဲနေပြီဖြစ်သော ကြောင့် အပူရှိန်များ ဟပ်နေသည်။

"နီမောင် ... မင်းက အဘိုးကြီးကို ခေါ်သွားနှင့်ပါ၊ ငါ မြနှင်းဖြူကို ခေါ်ပြီး ထွက်ခဲ့မယ်"

နှစ်ယောက်သား အခန်းထဲဝင်သွားပြီး နီမောင်က ဦးမွန်ထော်ကို ပွေ့ခေါ်သွားစဉ် ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူကိုဟုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသောကြိုးများကိုဖြတ်ပြီး ပွေ့ခေါ်ကာ အခန်းအပြင်သို့ ထွက်ခဲ့ကြသည်။

အပြင်သို့ရောက်သောအခါ နီမောင်က ...

"အဘိုးကြီးက အခြေအနေသိပ်မကောင်းဘူး ဆရာ"

ဟု လှမ်းပြောသည်။

"ဒါဖြင့် တို့သင်္ဘောထဲ ခေါ်သွားမှ ဖြစ်မယ်"

ဟု ပြောကာ သင်္ဘောဆိပ်ရှိရာသို့ ဆင်းခဲ့ကြသည်။

ကျွန်းပေါ်မှာတော့ ကျွန်းသူကျွန်းသားများမှာ ကျွန်းတစ်ခုလုံး တုန်လှုပ်ပေါက်ကွဲမှုများဖြစ်နေသည်ကိုကြည့်ပြီး စိတ်ပူပန်သော ရောက်နေပြီး ဟိုမှသည်မှ ပြေးလွှားလာချေက်ရှိနေသည်။

သင်္ဘောပေါ်ရောက်တော့ မြနှင်းဖြူရော ဦးမွန်ထော်ကိုပါ သင်္ဘောပေါ်တွင် အသင့်ပါလာသော ဆေးဝါးများဖြင့်ပြုစုကုသ သောအခါ ညနေပိုင်းအချိန်ရောက်မှ ကောင်းစွာသတိရလာကြ တော့သည်။

ဦးမွန်ထော်က သူတို့မြေးအဘိုးကို ယခုလို ကယ်တင်ခဲ့ သည့်ကို ကျေးဇူးတင်ကြောင်း တဖွဖွပြောဆိုနေတော့သည်။

ထိုအချိန်မှာ ကောင်းကင်ပြင်မှာ လ ထွက်လာသည်။ လရောင် မှာ ကြည်ကြည်လင်လင်တော့မဟုတ်ပေ။

ထိုသို့ လ ထွက်လာသည်ကိုမြင်သောအခါ မြနှင်းဖြူက ခေါင်း တာမင်းထင်ကျော်ကို ကျွန်းပေါ်သို့သွားရန် အမှုအရာဖြင့် ပြော





သဖြင့် နီမောင်ကိုပါခေါ်ပြီး ကျွန်းပေါ်သို့ တစ်ခေါက်ပြန်တက်ခဲ့ကြ သည်။

ရွာထဲမှာတော့ နတ်ဆရာကြီး ဇမ္ဗန်းထန်နှင့် သူ့တပည့်များက ရွာသူရွာသားများကို စိုးရိမ်မပူကြရန်နှင့် နတ်ဆိုးများ နှောင့်ယှက်ခြင်း ကြောင့် ယခုကဲ့သို့ဖြစ်နေသည်ကို ကျေနပ်အောင်စီစဉ်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း လိုက်လံဟောပြောနေကြလေသည်။

သူတို့သုံးယောက်သည် မြနှင်းဖြူ၏လမ်းပြခေါ် ဆောင်သွားမှု ကြောင့် ရဲတိုက်ကြီးရှိရာသို့ တစ်ခေါက်ပြန်ရောက်ခဲ့ကြသည်။ ဘာ ကြောင့် ထိုနေရာသို့ ယခုလိုခေါ်လာခဲ့သည်ကိုတော့ နားမလည်နိုင် အောင်ဖြစ်နေကြသည်။

ရဲတိုက်ကြီးအတွင်းမှာတော့ မီးလောင်ထားသော အပိုင်းအစ များ၊ ကျောက်တုံးကျောက်ခဲများ၊ အကျိုးအပဲ့အပျက်အစီးများဖြင့် ရှုပ်ထွေးလျက်ရှိနေသည်။

ထိုအချိန်တွင် လရောင်က တဖြည်းဖြည်းမြင့်တက်လာပြီဖြစ် သောကြောင့် ပြတင်းပေါက်များမှတစ်ဆင့် အတွင်းသို့ ထိုးကျလျက် ရှိနေသည်။

ရဲတိုက်ကြီးအတွင်းမှ နတ်ရုပ်ကြီးရှိရာအခန်းတွင်းသို့ ရောက် သောအခါ မြနှင်းဖြူက နတ်ရုပ်ကြီးဦးခေါင်းပေါ် သို့ လက်ညှိုးထိုးပြ လိုက်သဖြင့် ကြည့်လိုက်သောအခါ နေလုံးကြီးသဏ္ဍာန် ရေးဆွဲထား သော အပေါက်ဝိုင်းကြီးကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ထိုနေလုံးသဏ္ဍာန်အဝိုင်းပေါက်ကြီးကိုကြည့်ရင်း "ဘာကြောင့် ဒီအရာကို တကူးတက ခေါ်ပြရတာပါလိမ့်"ဟု စဉ်းစားနေစဉ်မှာ ကောင်းကင်မှာ တရွေ့ရွေ့တက်လာသောလသည် ဖေကြာသောအခါ ထိုနေလုံးသဏ္ဍာန်အပေါက်ကြီးပေါ်သို့ တစ်ထပ်တည်းကျနေလေသတော့သည်

"ဟင်... နေနဲ့လ ထပ်မိနေသလိုဖြစ်နေပါလား"

ဟု တအံ့တသြဖြစ်သွားလေသည်။

ထိုသို့ တစ်ထပ်တည်းကျသည်နှင့် အပေါက်မှထိုးကျလာသောလရောင်မှာ ရဲတိုက်ကြီး၏နောက်ဘက်နံရံတစ်နေရာဆီမှ အရုပ်ကြီးတစ်ရုပ်ပေါ်သို့ ဆလိုက်ထိုးပြသကဲ့သို့ တန်းတန်းမတ်မတ်ကြီး ထိုးကျနေတော့သည်။

"ဟင် ..."

မြနှင်းဖြူက သူတို့နှစ်ယောက်ကို ထိုနေရာသို့ခေါ်သွားသည်။ အနီးသို့ရောက်သောအခါ အရုပ်ကြီးကိုဖယ်ကြည့်ရန် ပြောသဖြင့် နှစ်ယောက်သား ထိုအရုပ်ကြီးကိုဖယ်လိုက်သောအခါ ကျောက်နံရံတစ်ခု ခပေါ်လာသည်။

ထိုနံရံပေါ်မှာ ဆေးရောင်ဖြင့်ရေးထားသောပုံတစ်ပုံ ရှိသဖြင့် အပေါ်မှဖုန်များကို သုတ်ဖယ်ပြီး လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သောအခါ မီးတောင်ကြီးတစ်လုံး ပေါက်ကွဲနေပုံကို ရေးဆွဲထားသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။





နေလုံးသဏ္ဍာန်အပေါက်ဝိုင်းမှ ထိုးကျနေသောလရောင်သည် ထိုမီးတောင်ပုံသဏ္ဍာန် ရေးဆွဲထားသောပုံပေါ်သို့ တည့်တည့်ကြီး ထိုးကျနေလေတော့သည်။

သူတို့ကြည့်နေစဉ်မှာပင် ထိုကျောက်နံရံကြီးမှာ မီးခဲကြီးတစ်ခဲ ကဲ့သို့ တဖြည်းဖြည်းရဲတက်လာသည်ကို တအံ့တသြတွေ့ရသဖြင့် သုံးယောက်သား နောက်ကြောင်းပြန်လှည့်ကာ သင်္ဘောရှိရာသို့ ခပ်သုတ်သုတ်ပြန်ဆင်းခဲ့ကြလေသည်။

နေနှင့်လ ထပ်မိပေပြီ။

* * * * *



www.burmeseclassic.com

## အခန်း (၁၅)

## မီးလျှံကြားမှ ကယ်တင်ရှင်

နောက်တစ်နေ့နံနက်စောစောမှာပင် ဒေါက်တာမင်းထင်ကျော်က ၎င်း၏အဖွဲ့သားများကို အခြားနေရာများသို့မသွားစေတော့ဘဲ ကမ်းပေါ်မှစခန်းများကိုသိမ်းကာ မိမိတို့သင်္ဘောထဲမှာပင်ပြန်နေကြရန် မှာကြားထားသည်။

ထို့ပြင် သင်္ဘောကိုလည်း အရေးအကြောင်းရှိလျှင် ချက်ချင်းထွက်နိုင်ဖို့ရန် အဆင်သင့်ပြုလုပ်ထားစေသည်။

ထိုအချိန်မှာပင် ကျွန်းမာရေး အတန်အသင့်ကောင်းမွန်လာသော ဦးမွန်ထော်က ကတုန်ကယင်နှင့် လာပြောလေသည်။





"နတ်ဆရာဇမုန်းထန်က အခုလိုဖြစ်တာတွေဟာ ကျုပ်တို့ မြေအဘိုးကြောင့်ဖြစ်တာဆိုပြီး ကျုပ်မြေးမလေးကို နှိပ်စက်ချင်နေကြတယ်၊ ကျွန်းပေါ်မှာနေကြတဲ့လူတွေကလည်း အသိဉာဏ် နည်းတော့ သူပြောသမျှ ယုံနေကြတယ်၊ ကြာရင် ကျုပ်မြေးကလေးတော့ ဒုက္ခရောက်တော့မယ်ထင်တယ်"

"ဒီအတွက် စိတ်မပူပါနဲ့၊ ကျွန်တော်တို့ တတ်နိုင်သမျှ အကူညီပေးပါမယ်၊ မြနှင်းဖြူကို သူတို့လက်ထဲမှာ ဒုက္ခမရောက်အောင် ကျွန်တော် အကူအညီပေးပါ့မယ်"

ဟု ပြောတော့မှ ဦးမွန်ထော် ၂၁ စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်မှာ နီမောင်ကို ခေါ်ကာ ကျွန်းပေါ်သို့ တစ်ခေါက်ပြန်တက်ကြသည်။

မြနှင်းဖြူကိုတော့ သင်္ဘောထဲမှာပင် ထားခဲ့လေသည်။ ကျွန်းပေါ်ရောက်တော့ နီမောင်က ပြောသည်။

"ဦးမွန်ထော်ပြောတာ မှန်တယ်၊ နတ်ဆရာက အခုလိုဖြစ်ရတဲ့ အရာတွေမှာ မြနှင်းဖြူကို မကောင်းတဲ့ဝိညာဉ်တွေက ပူးကပ်ပြီး ကျွန်းသူကျွန်းသားတွေကို ဒုက္ခရောက်အောင်လုပ်နေတယ်လို့ ပြောထားတယ်၊ ကျွန်းကလူတွေကလဲ သူပြောတာကို ယုံကြည်နေကြတယ်"

"လူတစ်ယောက်ရဲ့အယူအဆမှားနေတာကြောင့် ကြာရင်

www.burmeseclassic.com



တစ်ကျွန်းလုံး ဒုက္ခရောက်ကြတော့မယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဆရာ့အနေနဲ့ပြောပြည့်ရင် လက်ခံမယ်ထင်တယ်၊ မရတော့လဲ သူတို့ရဲ့ကံပေါ့"

သူတို့နှစ်ယောက်လျှောက်လာကြစဉ် တစ်နေရာ၌ ရွာသူ ရွာသားများကိုစုစည်းကာ နတ်ဆရာက အသံကျယ်ကျယ်ဖြင့် ပြောနေလေသည်။

"ဘာမှမကြောက်ကြနဲ့ ဘာမှမစိုးရိမ်ကြနဲ့၊ ဒီလိုအဖြစ်ဆိုးတွေကြုံရတာ ကတ္တိုင်နတ်မင်းရဲ့ မကျေနပ်မှုကြောင့် နှောင့်ယှက်မှုတွေပဲ ဖြစ်ပါတယ်။ နတ်မင်းကျေနပ်အောင်လုပ်ပေးပြီး တောင်းပန်လိုက်ရင် ပြီးသွားမှာပါ"

ရွာသားများထံမှ တီးတိုးစကားသံများ ပေါ်ထွက်လာသည်။

"ဒါဖြင့် ကျုပ်တို့က ဒီကျွန်းပေါ်က ပြေးစရာလိုသေးသလား ဆရာကြီး"

"မလိုပါဘူး၊ နတ်မင်း ကျေနပ်အောင် တောင်းပန်ရင် ရမှာပါ။ ဒါပေမယ့် ဒီကျွန်းပေါ်မှာ နတ်မင်း မကြိုက်တာတွေကိုလုပ်နေတဲ့ လူတွေ ရှိပါတယ်"

"ဘယ်သူတွေလဲ ပြောပါ နတ်ဆရာ၊ အဲဒီလူတွေကို ကျုပ်တို့ ကိုယ်တိုင် သတ်ပစ်မယ်"

ရွာသားတစ်ယောက်က အော်ပြောသည်





"သတ်ပစ်စရာမလိုပါဘူး၊ သူတို့ကို ဒီကျွန်းပေါ်ကနှင်ထုတ်လိုက်ရင် အန္တရာယ်တွေကင်းသွားမှာပါ"

ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့က ထိုနေရာသို့ရောက်သွားကြသည်။

နတ်ဆရာက တစ်ချက်လှမ်းကြည့်သည်။

ဒေါက်တာမင်းထင်ကျော်က အနီးသို့ကပ်သွားပြီး ...

"ဆရာကြီး မကြာခင်မှာ ရေအောက်က မီးတောင်ရော ဝိညာဉ်ဖြူတောင်ကြီးပါ ပေါက်ကွဲတော့မယ်၊ အချိန်ရှိတုန်း ဒီလူတွေကို ဒီကျွန်းပေါ်က နေရာပြောင်းခိုင်းပေးပါ"

ဟု ပြောလိုက်သည်။

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွာ၊ အဓိပ္ပာယ်မရှိတာတွေ လာပြောမနေစမ်းပါနဲ့၊ ကျုပ်တို့တစ်သက်လုံး ဒီကျွန်းပေါ်မှာနေလာကြတာ ဒီလိုမဖြစ်ခဲ့ဖူးပါဘူး"

"မဟုတ်ဘူး ဆရာကြီး၊ အခုတစ်ကြိမ်တော့ တကယ်ပေါက်ကွဲတော့မှာမို့ သူတို့ကို တခြားနေရာကို ရွှေ့ခိုင်းပေးပါ"

နတ်ဆရာက ဒေါက်တာမင်းထင်ကျော် ပြောတာကို လုံးဝလက်မခံဘဲ ရယ်မနေသည်။

ထိုအခါ နီမောင်က အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ဝိညာဉ်ဖြူတောင်ကြီးနဲ့ ရေအောက်မီးတောင်တွေ ပေါက်



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်ဆိုတာ အမှန်ပဲဗျ။ ကျုပ်ကိုယ်တိုင် ရေအောက်မှာတွေ့ခဲ့ရတာ၊ မီးတောင်ပေါက်ကွဲရင် ကျွန်းတစ်ကျွန်းလုံး ချော်ရည်ပူတွေအောက်ရောက်ကြမှာဗျ၊ ပြေးစရာ မရှိတော့ဘူး။ ဒါကြောင့် အချိန်ရှိတုန်း အမြန်ပြေးကြမှ အသက်ဘေးကလွတ်မှာဗျ"

နီမောင် အော်သံကြောင့် ရွာသားများမှာ ဇဝေဇဝါဖြစ်သွားကြဟန်ရှိသည်။

အချို့မှာ နတ်ဆရာကိုတစ်လှည့်၊ နီမောင်ကိုတစ်လှည့်ကြည့်ကာ ထိုင်နေရကောင်းနိုးနိုး၊ အခုချက်ချင်း ထပြေးရကောင်းနိုးနိုးဖြစ်သွားကြသည်။

"ဆရာကြီး ဒီတစ်ခါတော့ ကျွန်တော်ပြောတာကို လက်ခံပေးပါ။ အခု ကောင်းကင်ပေါ်မှာ နေနဲ့လ ထပ်မိသွားပြီ၊ ဒီဆွဲငင်အားကြောင့် မကြာခင် ရေအောက်မှာရှိတဲ့ မီးတောင်တွေရော ဝိညာဉ်မြင့်တောင်ကြီးပါ ပေါက်ကွဲတော့မယ်၊ အခုနေထွက်ပြေးမှ အသက်ဘေးလွတ်မှာပါ"

သို့သော်လည်း နတ်ဆရာက လက်မခံပေ။

သူက ဒေါက်တာမင်းထင်ကျော်အား ကယောင်ကတမ်း လာပြောနေသူပမာ ကြည့်နေလေသည်။

"မောင်ရင့်ကိုကြည့်ရတာ ပုံမှန်စိတ်ရှိဘော့တဲ့ပုံ မပေါ်ဘူး အမှောင့်ပယောဂစွဲကပ်နေတဲ့ မိန်းကလေးတစ်ယောက် ပြောတဲ့စကားတွေကို ယုံကြည်နေပုံရတယ်၊ ဒီလောက် လူတွေကို စိတ်





ချောက်ချားအောင်လုပ်တဲ့မိန်းကလေးကို ဒီကျွန်းပေါ်မှာ မထားသင့်တော့ဘူး။ သူတို့ကို အမြန်ဆုံး နှင်ထုတ်ပစ်ရမယ်"

နတ်ဆရာက ပြောလက်စ စကားကို ရပ်တန့်ပြီး တစ်နေရာသို့ လှမ်းကြည့်လိုက်ရာ ရွာသားများကလည်း နတ်ဆရာ ကြည့်ရာဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခိုက်မှာပင် လူအုပ်ကြီးနောက်ဘက်မှ မြနှင်းဖြူ ရောက်လာလေသည်။

လူအုပ်ကြီးမှာ နတ်ဆရာက မြနှင်းဖြူမှာ မကောင်းဆိုးဝါး ကပ်နေသည်ဟု ပြောထားသဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် လမ်းဖယ်ပေးလိုက်ကြရာ လမ်းကြောင်းကြီး ပေါ်လာတော့သည်။ မြနှင်းဖြူက ထိုလမ်းမှဝင်မလာဘဲ သူမရပ်နေသောနေရာ၌ ခင် ရပ်တန့်နေသည်။

သူမက လက်ကလေးနှစ်ဖက်ကိုပွတ်ကာ ဒေါက်တာမင်းထင်ကျော်ရှိရာသို့ လှမ်းကြည့်နေသဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ လျှောက်သွားလေသည်။

မြနှင်းဖြူ၏မျက်နှာပေါ်မှာ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ် လေသည်။

"မြနှင်းဖြူ သင်္ဘောထဲမှာမနေဘဲ ဘာကြောင့် ဒီနေရာအထိ လိုက်လာတာလဲ"

မြနှင်းဖြူက ငိုခဲ့မဲ့မျက်နှာလေးဖြင့် ဒေါက်တာမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ချက်ကြည့်ကာ မြေပေါ်သို့ ဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် မြေပေါ်သို့ လက်ဝါးဖြင့်အုပ်ပြသည်။

သူမအမူအရာကိုကြည့်ကာ ဒေါက်တာမင်းထင်ကျော်က ... ထိုင်ပြီး မြေပြင်ကို လက်ဝါးဖြင့်အုပ်ကြည့်သည်။

"အား ..."

လက်မှာ မီးခဲပေါ်တင်လိုက်သကဲ့သို့ဖြစ်ကာ ပူလောင်သွား... သဖြင့် ချက်ချင်း ပြန်ရုပ်လိုက်ရသည်။ မြေပြင်တစ်ဝိုက်မှာ မီးကျီး... ပမာ ခြစ်ခြစ်တောက်ပူလောင်လျက်ရှိနေလေပြီ။

"မြနှင်းဖြူ ..."

ဒေါက်တာမင်းထင်ကျော်က အလန့်တကြားခေါ်ရင်း သူ... လက်နှစ်ဖက်ကိုဆွဲယူပြီး လက်ဝါးပြင်နှစ်ဖက်ကို ကြည့်လိုက်သော... အခါ မီးလောင်ဖုများဖြင့် အမည်းကွက်များထင်နေလေသည်။

"နီမောင် ... နီမောင် ဒီကို အမြန်လာပါဦး"

ဟု လှမ်းခေါ်လိုက်ရာ နီမောင် ရောက်လာလေသည်။

"ဆရာ ဘာလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"သူ့ကို သင်္ဘောထဲရောက်အောင် အမြန်ခေါ်သွားပါ၊ ပြီးတော့ သင်္ဘောကိုလဲ အဆင်သင့်လုပ်ထားလို့ ပြောလိုက်ပါ"

"ဆရာရော လိုက်မှာလား"

"ငါ စာသင်ကျောင်းဘက် ပြေးလိုက်ဦးမယ်၊ ကလေးတွေကို နေရာရွှေ့ဖို့လုပ်ရဦးမယ်"





ဟု ပြောကာ တုန်လှုပ်နေသော မြနှင်းဖြူကို တွဲထူလိုက်ကြသည်။ ထိုအခိုက်မှာပင် ၎င်းတို့ရှိနေရာနှင့် မနီးမဝေးနေရာမှ ပေါက်ကွဲသံများပေါ်ထွက်လာပြီး ချော်ရည်ပူများ ပန်းထွက်လာလေတော့သည်။

"ဝုန်း .. ဂုန်း .. ဝုန်း"

"အား ..."

တစ်ဆက်တည်း ရွာသားများ စုဝေးနေသောနေရာတစ်ဝိုက်မှာ ပေါက်ကွဲသံများ ပေါ်ထွက်လာပြီး ကျောက်တုံးကျောက်ခဲများ လွင့်စဉ်ထွက်လာသည်။

ကျောက်တုံးကျောက်စများနှင့် ချော်ရည်ပူများ ထိမှန်ခံရသဖြင့် အချို့ လဲကျသွားကြလေသည်။ ချော်ရည်ပူများမှာ ရေပိုက်ဖြင့်မှုတ်တင်လိုက်သကဲ့သို့ အပေါ်သို့ ပန်းတက်သွားပြီးနောက် လူများအပေါ်သို့ ကျလေရာ မရှုမလှ ခံကြရလေသည်။

ထိုအခါမှ ကြောက်လန့်တကြား ထပြေးကြသည်။

ငယ်သံပါအောင်ဒေ ်ဟစ်သံများ၊ ဆောက်တည်ရာမရ ပြေးလွှားသံများဖြင့် ဆူပွက်နေတော့သည်။ အလုအယက် ပြေးကြရသဖြင့် တစ်ယောက်နှင့်တစ်ယောက် ဝင်တိုက်မိကာ လဲပြိုကျန်ကြသည်။

ထိုသို့ပြေးနေရင်းမှပင် လွင့်စဉ်လာသောကျောက်တုံးကျောက်ခဲများ ထိမှန်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ချော်ရည်ပူများနှင့် ထိမိခြင်းကြောင့် လဲကျသေဆုံးသူများမှာလည်း မနည်းတော့ပေ။

ထိုအခိုက်မှာပင် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ငှက်များ တစ်ပြိုင်နက်တည်းလိုလို အော်မြည်သံများနှင့် အလန့်တကြားထပျံသံများပေါ်လာပြီးနောက် ကျွန်းပေါ်သို့ အုပ်မိုးနေသော ဝိညာဉ်ဖြူတောင်ကြီးမှာ သိမ့်သိမ့်တုန်စွာမြည်ဟီးလျက် ပေါက်ကွဲထွက်လာလေတော့သည်။

"အုန်း .. ဝုန်း .. ဝုန်း"

အသံကြားရာသို့ မော့ကြည့်လိုက်သောအခါ တောင်ထိပ်ပိုင်းတွင် မီးခိုးလုံးကြီးများနှင့် ပြာမှုန်များ ကောင်းကင်သို့ပန်းထွက်လာပြီး နီရဲနေသော ချော်ရည်ပူများက အောက်သို့စီးကျလာတော့သည်။

ဝိညာဉ်ဖြူတောင်ကြီး ပေါက်ကွဲလေပြီ။

အတွင်းမှာ ချော်ရည်ပူများက ဒယ်အိုးတစ်လုံးထဲမှ သွန်ချလိုက်သကဲ့သို့ အောက်သို့ စီးကျလာချေတော့ပြီ။

ထိုအခြေအနေကိုမြင်တော့မှ စောစောက ငြိမ်သက်စွာထိုင်နေကြသူများသာ ဆောက်တည်ရာမရလောက်အောင် အော်ဟစ်ပြေးလွှားကြလေတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ နီမောင်က မြနှင်းဖြူလက်ကိုဆွဲကာပြေးသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ကလေးများရှိသော





စာသင်ကျောင်းရှိရာသို့ ပြေးလေသည်။

လမ်းတစ်လျှောက်လုံးမှာလည်း နေရာအနှံ့ ပေါက်ကွဲမှုများက အဆက်မပြတ် ဖြစ်ပေါ်နေပြီး ကျောက်တုံးကျောက်ခဲများ လွင့်စဉ်ကျလာခြင်း၊ ချော်ရည်ပူများ ပန်းထွက်နေခြင်းကြောင့် သတိကြီးစွာဖြင့်သွားရလေသည်။

လမ်းနှင့် နေရာအတော်များများတွင် ချော်ရည်ပူထိသူများ၊ ကျောက်တုံးကျောက်ခဲ ထိမှန်ခံရသူများမှာ လဲကွဲနေကြသည်။ ကျောင်းရှိရာသို့ရောက်သောအခါ တောင်ပေါ်မှစီးကျလာသော ချော်ရည်ပူများက စာသင်ကျောင်းပတ်ဝန်းကျင်တစ်ဝိုက်သို့ပင် ရောက်နေပြီ။

လေးဖက်လေးတန်မှဆင်းလာသောကြောင့် ခဏကြာလျှင် စာသင်ကျောင်းတစ်ခုလုံး ချော်ရည်ပူများအောက်သို့ ရောက်တော့ပေမည်။

ကလေးများ၏ ကြောက်လန့်တကြား အော်ဟစ်သံများက ဆူညံနေတော့သည်။

ကြည့်လိုက်တော့ တောင်ပေါ်မှလိမ့်ဆင်းလာသော ကျောက်တုံးကြီးတစ်တုံးက စာသင်ကျောင်းအပေါက်ဝသို့ လာရောက်ပိတ်ဆို့နေသောကြောင့် အတွင်းမှအပြင်သို့ မထွက်နိုင်ကြခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်လောနေသောကြောင့် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးကြီးအနားသို့သွားကာ လက်ဖြင့်တွန်းဖယ်ရန်ကြိုးစားသည်။

"အား ..."

ကျောက်တုံးမှာ မီးခဲပမာပူလောင်နေသောကြောင့် မကိုင်နိုင်တော့ပေ။ သို့ကြောင့် မလှမ်းမကမ်းမှာထောင်ထားသော သစ်သားချောင်းကိုယူကာ ကျောက်တုံးကြီးကိုတွန်းဖယ်ရသည်။

တစ်ယောက်တည်းမို့ အတန်ကြာအောင်ကြိုးစားလိုက်တော့မှ ကျောက်တုံးကြီးလိမ့်သွားကာ တံခါးပေါက်ဝ ပွင့်သွားသည်။ ချော်ရည်ပူများက ကျောင်းအတွင်းသို့ပင် စီးဝင်စပြုလာချေပြီ။

"ဆရာမ ကလေးတွေကိုခေါ်ပြီး အထဲက မြန်မြန်ထွက်ပါ"

ဆရာမ စတယ်လာ နှင့် ကျောင်းသားများက အတွင်းမှ အပြင်သို့ရောက်အောင် သူ့ထက်ငါ တိုးထွက်ကြသဖြင့် လဲပြိုကုန်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်သောအခါ အနိမ့်ပိုင်းနေရာ အတော်များများမှာ ချော်ရည်ပူများ အောက်သို့ရောက်နေချေပြီ။

တောင်ကုန်းနှင့် အမြင့်ပိုင်းနေရာလောက်သာလွတ်တော့သည်။ နတ်ဆရာနေသော ရဲတိုက်ကြီးမှာ အတော်မြင့်သောနေရာ၌ရှိသောကြောင့် ချော်ရည်ပူများ မရောက်နိုင်သေးပေ။

အချို့ ရဲတိုက်ကြီးရှိရာ တောင်ကုန်းပေါ်သို့ ပြေးတက်နေကြပြီး ကမ်းစပ်၌ရောက်နေသူများမှာတော့ လှေများဖြင့် ပင်လယ်ပြင်





သို့ ထွက်ပြေးကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ကလေးများကို ဘေးလွတ်ရာ တောင်ကုန်းတစ်ခုပေါ်သို့ ပို့ပေးလေသည်။

ပြီးမှ မြနှင်းဖြူနှင့် နီမောင်တို့ကို လိုက်ရှာရင်းနှင့် ရဲတိုက်ကြီးရှိရာသို့ရောက်သွားလေသည်။

ရဲတိုက်ကြီးအတွင်း၌မူ အရင်ရောက်နှင့်နေသောလူများကို တွေ့ရသည်။

ထိုအထဲတွင် နတ်ဆရာဇမုန်းထန်နှင့် နီမောင်တို့ကိုပါ တွေ့ရလေသည်။ ၎င်း ခြေအနေကိုမြင်တော့မှ နတ်ဆရာမှာ ထိတ်လန့်ကြောက်ရွံ့နေဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က အပြင်ဘက်သို့ အခြေအနေကြည့်လိုက်ရာ တောင်ပေါ်မှစီးကျလာသော ချော်ရည်ပူများက ရဲတိုက်ကြီး၏ လေးဖက်လေးတန်၌ ကျုံးသဖွယ်ပတ်ဝိုင်း[illegible] ဖြည်းဖြည်းမြင့်တက်လာချေပြီ။

အကယ်၍ ချော်ရည်ပူများ ရဲတိုက်ထဲစီးဝင်လာလျှ[illegible] ပြေးပေါက်မရှိတော့ပေ။

"ဒီအတိုင်းနေလို့မရတော့ဘူး၊ မကြာခင် ချော်ရည်ပူတွေ ဝင်လာတော့မယ်၊ တံခါးပေါက်တွေကိုပိတ်ထားကြပါ"

ဟု ပြောကာ ဝင်ပေါက်တံခါးမကြီးအပါအဝင် တံခါးပေါက်များကိုပိတ်၍ နတ်ရုပ်ကြီးရှိရာအခန်းသို့သွားကြသည်။ ထိုအခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



မရောက်မီမှာပင် စောစောက သူတို့ရပ်နေရာသို့ ချော်ရည်ပူများက စီးဝင်လာနေပြီ။

အတွင်းခန်းရောက်သောအခါ တံခါးမကြီးကို ပိတ်ထားလိုက်ကြသည်။

အပြင်ဘက်မှာတော့ ချော်ရည်ပူများက အခန်းတိုင်း ပြည့်သွားလေပြီ။

သူတို့ရောက်နေသောနေရာမှာ နတ်ပူဇော်ရာအခန်းဖြစ်ပြီး နောက်ဆုံးကျန်သောအခန်းလည်းဖြစ်သည်။

အပြင်ဘက်မှာတော့ ချော်ရည်ပူများစီးဝင်လာသံနှင့် မီးလောင်နေသောအသံများကို အတိုင်းသားကြားနေကြရသည်။ လူများမှာ လက်တစ်ကမ်းရောက်နေသော သေဘေးအန္တရာယ်ကြောင့် များစွာကြောက်ရွံ့တုန်လှုပ်နေကြလေသည်။

ထိုအခါ နတ်ဆရာ ဇမှန်းထန်က ...

"ကျုပ်တို့ ကတ္တိုင်းနတ်မင်းကြီးကို တိုင်တည်ဆုတောင်းကြမှဒီ ဘေးအန္တရာယ်ဆိုးကြီးက လွတ်မြောက်နိုင်တော့မယ်၊ အားလုံးအရိုအသေပြုကြပါ"

ဟု အသံကျယ်ကျယ်ဖြင့်ပြောလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့မှလွဲ၍ ကျန်လူများမှာ ကြမ်းပြင်ပေါ်သို့ ထိုင်ကာ ဦးခေါင်းငုံ့၍ အရိုအသေပေးကြလေသည်။

နတ်ဆရာက ဘာသာစကားတစ်မျိုးဖြင့် အသံကျယ်ကျယ်နှင့်





ရွတ်ဆိုကာ တိုင်တည်ဆုတောင်းနေလေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှပိတ်ထားသောတံခါးချပ်ကြီးမှာ ဝုန်းခနဲပွင့်ထွက်သွားလေသည်။

အားလုံး လှည့်ကြည့်လိုက်သောအခါ အခန်းပေါက်ဝမှာရပ်နေသူတစ်ယောက်ပင်ဖြစ်သည်။

မြနှင်းဖြူပင်ဖြစ်တော့သည်။

မြနှင်းဖြူနောက်ဘက်မှာ ချော်ရည်ပူများက စီးဝင်လာသော်လည်း သူမရှိရာသို့မရောက်ဘဲ တစ်စုံတစ်ယောက်က တားဆီးထားသကဲ့သို့ ရပ်တံ့နေလေသည်။

အားလုံးမှာ ထိုမြင်ကွင်းကြောင့် အံ့ဩနေကြသည်။ နတ်ဆရာကတော့ ထိုမြင်ကွင်းကိုကြည့်ပြီး ထိတ်လန့်တုန်လှုပ်နေလေသည်။

"နင် မလာနဲ့၊ အထဲကို မဝင်ခဲ့နဲ့၊ နင့်ကိုယ်မှာ မကောင်းတဲ့မိစ္ဆာဝိညာဉ်တွေ ပူးကပ်နေတယ်"

နတ်ဆရာက ကတုန်ကယင်အသံဖြင့် လှမ်းပြောနေသော်လည်း မြနှင်းဖြူက ရှေ့သို့ တစ်လှမ်းချင်းတိုးဝင်လာလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့မှာ မမျှော်လင့်ဘဲ မြနှင်းဖြူကို တွေ့သိကရသဖြင့် အံ့ဩနေကြလေသည်။ အခန်းထဲမှာရှိနေသောလူများလည်း အထိတ်တလန့်ဖြင့် လှမ်းကြည့်နေကြသည်။

မြနှင်းဖြူက ရှေ့သို့တိုးဝင်လာသည်နှင့် သူ့နောက်မှ ရပ်တံ့နေသော ချော်ရည်ပူများက စီးဝင်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလာနဲ့ မဝင်ခဲ့နဲ့ နင်ဟာ မကောင်းဆိုးဝါးစီးနေတဲ့မိစ္ဆာပဲ"

မြနှင်းဖြူက ရှေ့သို့တိုးလာပြီး နတ်ဆရာရှေ့ရောက်သော အခါ စကားတစ်ခွန်းမှမပြောဘဲ နတ်ဆရာမျက်နှာကို စိုက်ကြည့်နေရာ နတ်ဆရာမှာ ထိတ်လန့်တုန် ပွပ်နေတော့သည်။

"မကောင်းဆိုးဝါး ပူးကပ်နေတာ ငါမဟုတ်ဘူး။ နင်ပဲ။ အခု လူတွေကို ချော်ရည်ပူတွေ ငိုင်းနေပြီ၊ ထွက်ပေါက်မရှိတော့ဘူး။ နင် အစွမ်းအစနဲ့ ဘယ်လိုကယ်မလဲ"

ဟု အသံတစ်မျိုးဖြင့် မေးလိုက်ရာ နတ်ဆရာမှာ ပါးစပ် အဟောင်းသားဖြစ်သွားလေသည်။

ထိုအခိုက်မှာပင် သူတို့ရှိနေသောအခန်းထဲသို့ လေးဖက်လေး တန်မှ ချော်ရည်ပူများ စီးဝင်လာချေပြီ။

ရွာသားများနှင့် ကလေးများ၏ ထိတ်လန့်တကြားအော်ဟစ် ငိုကြွေးသံများက ဆူညံသွားလေတော့သည်။

ထိုအခိုက်မှာပင် မြနှင်းဖြူက နတ်ဆရာကိုကျော်ကာ နတ်ရုပ် ကြီးရှိရာသို့ လျှောက်သွားလေသည်။

ထိုနေရာသို့ရောက်သောအခါ ရပ်တံ့နေသဖြင့် ဒေါက်တာမင်း ထင်ကျော်နှင့် နီမောင်တို့က ပြေးတက်သွားသည်။

အနီးသို့ရောက်သောအခါ မြနှင်းဖြူက ကြမ်းပြင်တစ်နေရာကို လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်ရာ လက်ကိုင်သံကွင်းတစ်ခုကို တွေ့ကြရသည်။





ထိုသံကွင်းမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေသော်လည်း နတ်ဆရာပင် သိဟန်မတူပေ။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ထိုသံကွင်းကိုကိုင်ပြီး ဆွဲတင်လိုက်သောအခါ ကျောက်ပြားတစ်ချပ် ပွင့်သွားပြီး မြေအောက် အခန်းတစ်ခုကို တွေ့ရသည်။

အောက်ဆင်းရန် ကျောက်လှေကားထစ်များလည်းရှိသည်။ အင်္ဂလိပ်များရှိစဉ်က ရန်သူလာလျှင် လျှို့ဝှက်ထွက်နိုင်ရန် စီမံပြု လုပ်ထားသော လျှို့ဝှက်ပေါက်ဖြစ်သည်။

ထိုအပေါက်ကိုတွေ့သောအခါ နတ်ဆရာအပါအဝင် လူများကို ခေါ်ကာ အောက်သို့ဆင်းစေသည်။

အားလုံးပြီးတော့မှ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် ဆင်းပြီး တံခါး ပါက်ကို ပြန်ပိတ်လိုက်သည်။

မရှေးမနှောင်းမှာပင် စောစောက သူတို့ရှိနေသောအခန်းထဲမှာ ချော်ရည်ပူများ ဖုံးလွှမ်းသွားလေတော့သည်။

ထိုဥမင်လမ်းအတိုင်းသွားပါက ဘေးလွတ်သောပင်လယ်ကမ်း ခြေသို့ရောက်သွားနိုင်သည်။ ဥမင်လမ်းမှသွားကြစဉ် မြေငလျင်ဒဏ် ကြောင့် ကျောက်တုံးကျောက်ခဲများ ပြိုကျနေရာ အချို့နေရာများ တွင် လမ်းများပိတ်နေသောကြောင့် ခက်ခက်ခဲခဲ သွားကြရလေ သည်။

တစ်နေရာရောက်သောအခါ ဒေါက်တာမင်းထင်ကျော်၊



www.burmeseclassic.com

www.burmeseclassic.com



နီမောင်၊ မြနှင်းဖြူ၊ စတယ်လာတို့မှာ ကျန်ခဲ့ပြီး နတ်ဆရာနှင့်ရွာသ
များက ရှေ့သို့ရောက်သွားတော့သည်။ တစ်နေရာရောက်သောအ
သူတို့လေးယောက် အရှေ့မှ ကျောက်တုံးကျောက်ခဲများ ပြိုကျ
ပြီး လမ်းပိတ်သွားလေ ့သည်။ ဒေါက်တာမင်းထင်ကျော်မှာ ရှေ
ကိုယ်ပေါ်မှာပိနေသော ကျောက်တုံးကျောက်ခဲများကို အတင်းဖ
ရှား၍ထ ရသဖြင့် အချိန်အတော်ကြာမှ အပြင်သို့ရောက်လေသည်
ကြည့်လိုက် ေတာ့ အခြားနှစ်ယောက်ကို မတွေ့ရဘဲ မလှ
မကမ်းမှာ ကျောက်တုံးများပိပြီး သတိမေ့နေသော ဆရာမ စတ
လာ်ကိုမြင်ရသဖြင့် ကပျာကယာ အနားတိုးသွားကာ ကျောက်တုံ
များကိုဖယ်ရှားကာ အပြင်သို့ရောက်အောင် ဆွဲထုတ်ရသည်။
ထိုအခိုက်မှာပင် ရဲတိုက်ကြီးအပေါ်မှ ချော်ရည်ပူများက ဈေ
အောက်လမ်းတစ်လျှောက် စီးဆင်းလာချေပြီ။
သို့ကြောင့် အချိန်ဆွဲမနေတော့ဘဲ စတယ်လာကိုပွေ့ယူ
ဥမင်လမ်းအတိုင်း အပြင်သို့ထွက်ရလေသည်။
ဥမင်လမ်းဆုံးေသာအခါ ပင်လယ်ကမ်းခြေအစပ်ရှိ ကျော
ေတာင်နံရံတစ်နေရာသို့ရောက်သွားလေသည်။
အပြင်သို့ရောက်နေနှင့်သူများက သူတို့နှစ်ယောက်ကို အပြ
ရောက်ေအာင် ဝိုင်းဝန်းကူညီကြသည်။
အပြင်ရောက်တော့ နီမောင်ကိုသာတွေ့ရပြီး မြနှင်းဖြူ
တော့ မတွေ့ရပေ။





"နီမောင် မြနှင်းဖြူရော ..."

"ကျွန်တော်နဲ့ လူချင်းကွဲသွားတယ် ဆရာ၊ အပြင်မှာ သူ့ကို မတွေ့ဘူး၊ ဂူထဲမှာကျန်ခဲ့ပြီလားမပြောတတ်ဘူး"

ဟု ပြောသဖြင့် စတယ်လာအား နီမောင့်လက်သို့ ပေးထားခဲ့ပြီး ဥမင်လမ်းအတွင်းသို့ တစ်ကျော့ပြန်ဝင်လာလေသည်။

သူ အတွင်းသို့ရောက်ရုံရှိသေးသည် တုန်လှုပ်မှုတစ်ခုကြောင့် ကျောက်တုံးကျောက်ခဲများ ပြိုကျလာပြီး ဂူပေါက်ဝ ပိတ်သွားလေတော့သည်။

အပြင်မှာကျန်နေသူများက ထိုကျောက်တုံးများကိုဖယ်ရှားနေရသဖြင့် အတွင်းသို့ မလိုက်လာနိုင်တော့ပေ။

ဒေါက်တာမင်းထင်ကျော်မှာ စောစောက ကျောက်တုံးများပြိုကျသောနေရာသို့ တစ်ကျော့ပြန်လာသည်။

ထိုနေရာတစ်ဝိုက်မှာ ချော်ရည်ပူများရောက်နေပြီး ကျောက်တုံးများကလည်း မီးခဲတမျှ ပူလောင်နေလေပြီ။ သို့ကြောင့် လက်ဖြင့်မကိုင်နိုင်တော့သဖြင့် အပေါ်အင်္ကျီချွတ်၍ လက်ကိုပတ်ကာ ကျောက်တုံးများကို တွန်းဖယ်ပစ်ရလေသည်။

"မြနှင်းဖြူ ... မြနှင်းဖြူ ..."

အတန်ကြာအောင်ဖယ်ရှားလိုက်သောအခါ ကျောက်တုံးအချို့ပွင့်သွားသဖြင့် အတွင်းသို့ လှမ်းမြင်ရသည်။

အတွင်းဘက်ရှိ ဂူကြမ်းပြင်ပ ေစ်လျှောက်လုံး မီးတောင်မီးလျှံ



www.burmeseclassic.com

www.burmeseclassic.com



များ။ ချော်ရည်ပူများဖြင့် ပြည့်နေချေပြီ။

မြနှင်းဖြူကိုတော့ မတွေ့ရပေ။

"မြနှင်းဖြူ ... မြနှင်းဖြူ ..."

အသံကျယ်ကျယ်ဖြင့် ခေါ်သောအခါ ပဲ့တင်သံလိုလိုနှင့် အဝေးဆီမှ အသံအချို့ ကြားရသည်။

စိတ်ထဲ၌မှတ်မိနေသော စောဒေဝီအသံဟု ထင်လိုက်မိသည်။ သို့သော် အတွင်းသို့ ဘယ်နည်းနှင့်မှ ဝင်မရတော့ပေ။

ထိုအခိုက်မှာပင် အပေါ်မှာ ကျောက်တုံးအချို့က သူ့အပေါ်သို့ ထပ်မံပြုတ်ကျလာပြီးနောက် သတိမေ့သွားလေတော့သည်။

ချော်ရည်ပူများက သူရှိရာသို့ တအိအိနှင့်စီးဆင်းလာလေပြီ။

* * * * *





အခန်း (၁၆)

## ဘောဂဝတီဒေဝီ

အချိန်မည်မျှကြာအောင် သတိမေ့နေသည်မသိပေ။ နားထဲမှာ ခေါ်သံလိုလိုကြားရသဖြင့် အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူနှင့် မလှမ်းမကမ်းမှာ လူတစ်ယောက် ရပ်နေသည်။

"ဟင် ..."

အသေအချာကြည့်တော့မှ အခြားမဟုတ်ဘဲ စောဒေဝီဖြစ်မှန်း သိရလေသည်။

"ဟင် ... ဒေဝီ ..."

စောဒေဝီက ပြုံးပြသည်။

သူမသည် ယခင်တွေ့နေကျ အဖြူရောင်အဝတ်များကိုသာ ဝတ်ဆင်လားလေသည်။

www.burmeseclassic.com



"ဒေဝီ ဘယ်ကရောက်လာတာလဲဟင်"

"မောင့်ကိုကယ်ဖို့ရောက်လာတာပေါ့"

သကြည့်လိုက်တော့ ဘေးပတ်လည်တစ်ဝိုက်မှာ ချော်ရည်များ ဝိုင်းနေသော်လည်း သူတို့နှစ်ယောက်ရှိရာသို့ တိုးမလာဘဲ ရပ်တုံ့နေလေသည်။

ထိုပြင် အပူရှိန်လည်း လာမဟပ်ပေ။

"ဒေဝီ ... မင်း သေသွားခဲ့ပြီမဟုတ်လားဟင်"

"ကိုယ်ခန္ဓာကသာ ပျက်စီးသွားခဲ့ပေမယ့် ကျွန်မရဲ့ဝိညာဉ်က တော့ အမြဲရှိနေတယ်လေ မောင်ရဲ့၊ ဒါကြောင့် အမြဲရှင်သန်နေတဲ့ ဝိညာဉ်က မောင့်အနားမှာ နေနိုင်တာပေါ့"

"ဟင် ... ဒေဝီက ကိုယ့်အနားမှာ အမြဲရှိနေတယ် ဟုတ်လား"

စောဒေဝီက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဝိညာဉ်ဆိုတာ ကိုယ့်ချစ်သူရဲ့အနားမှာ အမြဲနေခွင့်ရနိုင်တာပဲ၊ ဒါ့ မောင့်အတွက် အန္တရာယ်ကင်းအောင် စောင့်ရှောက်ပေးခွင့်ရမှာ ပေါ့"

"ဘယ်လိုစောင့်ရှောက်တာလဲဟင်"

"ညီမလေးမြနှင်းဖြူက ကျွန်မရဲ့ကိုယ်စား မောင့်ကို စောင့်ရှောက်ပေးခဲ့တယ်မဟုတ်လား၊ နောက်ပြီး ကျွန်မနဲ့ပတ်သက်တဲ့ အခြားလူတွေကလဲ မောင့်ကို အကူအညီပေးခဲ့တာပဲ"

"ဘယ်သူတွေလဲဟင်"





"မောင့်ဆီကိုရောက်လာတဲ့ အဘိုးပဲပေါ့၊ သူက ဂခြားသူ ...တ်ပါဘူး၊ ဝိညာဉ်ဖြူကျွန်းစောင့် ဘိုးဘိုးပါ"

"ဟင် ..."

"မောင်တို့ အန္တရာယ်ကင်းစေဖို့ ရှင်ဥပဂုတ္တပုံတော်ကို မောင်တို့ ...ကိုရောက်အောင် ပို့ပေးခဲ့တာလဲ သူပါပဲ"

ထိုစကားကြားသောအခါမှ မိမိတို့သင်္ဘောပေါ်သို့ ထူးခြား ...ရောက်လာသော ရှင်ဥပဂုတ္တရုပ်တုတော်ကို ပြန်လည်သတိရမိ ...း အံ့ဩရလေသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဒေဝီ၊ ဒေဝီ ...ရော ကိုယ့်ဆီကို ဘယ်လိုပြန်လာနိုင်မှာလဲ"

"ကျွန်မကတော့ မောင့်ဆီကို မလာနိုင်တော့ပါဘူး၊ မကြာခင် ...ဘာဂဝတီကိုပြန်ရတော့မှာပါ၊ ဒါပေမယ့် စိတ်မကောင်း မဖြစ်ပါနဲ့ ...ာင်ရယ်၊ ဒီဘဝမှာ ကျွန်မနဲ့မဆုံရပေမယ့် ကျွန်မကိုယ်စား မောင် ...ဆုံရမယ့်သူ ရှိပါသေးတယ်"

"ဘယ်သူလဲဟင်"

"ညီမလေး မြနှင်းဖြူပါပဲ၊ သူ့ကို မောင့်လက်ထဲ ထည့်လိုက်ပါ ...စေ၊ တစ်သက်လုံး စောင့်ရှောက်သွားပေးပါ"

ထိုစကားကြားသောကြောင့် ဒေါက်တာမင်းထင်ကျော် ရင်ထဲ ...ာ ဆို့နင့်သွားလေသည်။

"အခု သူ ဘယ်မှာလဲဟင်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မီးတောက်တွေကြားကကယ်ပြီး ဘေးလွတ်ရာကိုပို့ပေး ပါတယ်၊ ကျွန်မအပေါ်မှာ သစ္စာရှိရှိနဲ့ချစ်ခဲ့သလို သူ့ကိုလဲ သစ္စာ နဲ့ လက်တွဲပါ့မယ်လို့ ကတိပေးပါ"

"ကောင်းပါပြီ ဒေဝီ၊ ကိုယ်တို့နှစ်ယောက်စလုံး မဆုံစည်းရ မယ့် ဒေဝီရဲ့ဆန္ဒအတိုင်း မြနှင်းဖြူအပေါ်မှာ သစ္စာရှိရှိနဲ့ စောင့် ရှောက်သွားပါ့မယ်လို့ ကိုယ် ကတိပေးပါတယ်"

စောဒေဝီမျက်နှာပေါ်မှာ ကြေကွဲဝမ်းနည်းမှုများနှင့် အပြုံးရိပ် ကလေးများ ယှက်သန်းသွားလေသည်။

"မောင့်ဆီက ဒီစကားကြားရတာ ကျွန်မ ဝမ်းသာပါတယ်၊ ညီမ လေးအတွက်လဲ စိတ်အေးရပါပြီ။ မောင်နဲ့ကျွန်မ ဒီဘဝမှာ ဆုံစည်း ခွင့်မရပေမယ့် သံသရာရဲ့တစ်ထောင့်တစ်ကွေ့မှာ ဆုံစည်းခွင့် ရပါ စေလို့ ဆုတောင်းပေးခဲ့ပါတယ်၊ ကျွန်မ သွားတော့မယ် မောင်"

ဟု ပြောဆိုကာ စောဒေဝီ၏ပုံရိပ်သဏ္ဌာန်မှာ မီးတောက်မီးလျှံ များကြား၌ တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားလေတော့ သည်။

"ဒေဝီ .. ဒေဝီ"

"ဆရာ .. ဆရာ သတိရလာပြီလား"

မျက်စိဖွင့်ကြည့်လိုက်သောအခါ သူ ရောက်နေသောနေရာမှာ လိုဏ်ခေါင်းအတွင်းမှာမဟုတ်ဘဲ ပင်လယ်ကမ်းခြေနှင့် မဝေးသော သစ်တောအစပ်၌ဖြစ်သည်။





နီမောင်နှင့်အဖွဲ့သားများက ဝိုင်းဝန်းပြုစုနေကြသည်။ နတ် ဆရာ ဇမုန်းထန်လည်း မလှမ်းမကမ်းမှာရှိနေသည်။

"ဒီနေရာကို ဘယ်လိုရောက်နေတာလဲဟင်"

"ကျွန်မတော်တို့လဲ ဆရာ့ကို လိုဏ်ခေါင်းထဲမှာ ပိတ်မိနေပြီလို့ ထင်တားထား၊ နောက်တော့မှ ဒီနေရာမှာ ပြန်တွေ့ရတာ အံ့သြစရာ ပဲ"

ဟု နီမောင်က ပြောသည်။

"ဒီနေရာကရော ဘေးအန္တရာယ် စိတ်ချရပါ့မလား"

"ကြားမှာ တောင်မြင့်တစ်လုံးခံနေတော့ ချော်ရည်ပူတွေက ဒီနေရာထိ မရောက်နိုင်တော့ပါဘူး။ စိတ်ချရပါတယ်"

လှမ်းကြည့်လိုက်တော့ တောစပ်နှင့်သောင်ပြင်တစ်ဝိုက်မှာ ရွာသူရွာသားများကို လှမ်းမြင်ရသည်။

"ဒါထက် မြနှင်းဖြူရောဟင်"

"သူ ရှိပါတယ်၊ ဟိုမှာ လာနေပါပြီ"

လှမ်းကြည့်လိုက်သောအခါ ကျောက်တုံးနောက်ကွယ် တစ်နေ ရာမှ မြနှင်းဖြူ ထွက်လာပြီး သူရှိရာသို့ လျှောက်လာနေသည်။ သူမ ကိုမြင်သောအခါ ရွာသူရွာသားများက ကျေးဇူးတင်သောအကြည့် များဖြင့် လှမ်းကြည့်နေသည်။

မြနှင်းဖြူကို မကြည့်ဝံ့သောသူတစ်ယောက်ရှိသည်။

နတ်ဆရာ ဇမုန်းထန် ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာက မြနှင်းဖြူအပေါ် ပြောဆိုစွပ်စွဲမှုများကြောင့် မျက်နှာပျက်နေဟန်ရှိသည်။ မြနှင်းဖြူက နတ်ဆရာရှေ့တည့်တည့်သို့ လျှောက်သွားကာ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

"ကျုပ်အပေါ်မှာ မွှင့်လွှတ်ပါ မိန်းကလေးရယ်"

ဟု ခေါင်းငုံ့ မျက်နှာလွှဲထားကာ တောင်းပန်သောစကား ဆိုသည်။ ထိုစကားကြောင့် မြနှင်းဖြူမျက်နှာပေါ်မှာ အပြုံးရိပ် တစ်ချက်သမ်းသွားပြီး ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ ဆရာကြီးအပေါ်မှာ ခွင့်လွှတ်ပါတယ်"

မြနှင်းဖြူထံမှ စကားပြောသံကြားရသောအခါ နတ်ဆရာ အပါအဝင် အနီးပတ်ဝန်းကျင်မှာ ရှိနေကြသူများမှာ အံ့သြသွားကြလေသည်။

"ဟင် ... မင်းက စကားပြောတတ်တယ် ဟုတ်လား"

မြနှင်းဖြူက ခေါင်းညိတ်ပြပြီး ဒေါက်တာမင်းထင်ကျော်ရှိရာသို့ လျှောက်လာလေသည်။

"ကျွန်မတို့ တောင်ကုန်းပေါ်က ဝက်သစ်ချပင်ကြီးဆီကို သွားကြရအောင်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော် နေရာမှထကာ သူမနှင့်အတူတွဲ၍ ထွက်လာကြလေသည်။

တောင်ကုန်းပေါ်ရောက်၍ လှမ်းကြည့်လိုက်သောအခါ ဝိညာဉ်ဖြူတောင်ထိပ်တွင် မီးတောက်မီးလျှံများ၊ ချော်ရည်ပူများ၊ ပြာမှုန်





များနှင့် မီးခိုးငွေ့များကို မှုတ်ထုတ်နေသည်ကို လှမ်းမြင်နေရသည်။

သို့စေကာမူ ...

အန္တရာယ်က သူတို့ရှိရာသို့ မရောက်နိုင်တော့ပေ။

ဝက်သစ်ချပင်ကြီးအောက်ရောက်သောအခါ ယွင်းထားခဲ့သည်မှာ ကြာပြီဖြစ်သဖြင့် ကျိုးပေါင်းတက်နေသော စာလုံးများကိုတွေ့ရသည်။

'မြဝင်းသူ .. မြသင်းကြူ .. မြနှင်းဖြူ'

ဟူသော နာမည်များဖြစ်၏။

မြနှင်းဖြူက ဓားတစ်လက်ယူကာ နောက်ထပ်နာမည်သစ်တစ်ခု ရေးထွင်းလိုက်သည်။

'စောဒေဝီ'

ဟူသော အမည်ပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူအနားမှာထိုင်၍ 'စောဒေဝီ' ဟူသောစာလုံးကို ကူ၍ထွင်းပေးလေသည်။

"မင်းတို့ညီအစ်မသုံးယောက်ရဲ့ဘဝက သိပ်ပြီးဆန်းကြယ်တာပဲနော်၊ အစကတည်းက စကားပြောတတ်ရက်သားနဲ့ ဘာကြောင့် စကားမပြောတာလဲဟင်"

"ဘဝဟောင်းကအကြောင်းတွေကို ပြောမိမှာစိုးလို့ အစ်မတော်တွေက မပြောခိုင်းလို့နေရတာပါ"

"အခုတော့ ပြောခွင့်ရပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူက ခေါင်းညိတ်ပြသည်။

"အခုတော့ မမစောဒေဝီလဲ ဘောဂဝတီကို ပြန်သွားရပြီ ဆိုတော့ ကျွန်မဘဝ လွတ်လပ်ခွင့်ရသွားပါပြီ။ ဒါထက် အစ်ကိုပြန်ရင် ကျွန်မတို့မြေးအဘိုးကို ခေါ်သွားမယ်ဆိုတာ တကယ်ပဲလားဟင်"

"ခေါ်သွားမှာပေါ့ မြနှင်းဖြူရယ်၊ နောက်ပြီး သေဆုံးသွားတဲ့ ကိုယ့်ချစ်သူရဲ့ကိုယ်စား မင်းကို ဘဝလက်တွဲဖော်အဖြစ်နဲ့ တစ်သက်လုံး စောင့်ရှောက်သွားမှာပါ။ မင်းသဘောကိုလဲ ပြောဦးလေ"

"ကျွန်မအနေနဲ့ ဘာမှပြောစရာမရှိပါဘူး အစ်ကိုရယ်၊ ဒီဘဝမှာ ချစ်သူနဲ့ဆုံစည်းခွင့်မရတဲ့ အစ်မတော်စောဒေဝီရဲ့ကိုယ်စား အစ်ကို့အပေါ်မှာ သစ္စာရှိရှိနဲ့ လက်တွဲသွားပါ့မယ်လို့ပဲ ကတိပေးပါတယ်"

ဝက်သစ်ချပင်ပေါ်မှာ 'စောဒေဝီ'ဟူသော စာလုံးထွင်းပြီးသွားပြီမို့ ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ဒန်းရှိရာသို့ ခေါ်လာခဲ့သည်။

မြနှင်းဖြူက ဒန်းပေါ်တက်ထိုင်လိုက်သောအခါ ဖြည်းညင်းစွာ လွှဲပေးလိုက်ရာ မြနှင်းဖြူမျက်နှာပြင်ပေါ်မှာ အပြုံးရိပ်ကလေးများ ပေါ်လာလေသည်။

ဝိညာဉ်ဖြူတောင်ပေါ်မှ မှုတ်ထုတ်လိုက်သည့်မီးခိုးငွေ့များက ပင်လယ်ရေပြင်တစ်ဝိုက် ဖုံးလွှမ်းနေလေသည်။

အဝေးဆီတွင် ဝေဝါးမှုန်မှိုင်းလျက်ရှိသည်။ ထို အခိုးအငွေ့များကြားဝယ် ပုံရိပ်သဏ္ဌာန်အချို့ လှုပ်ရှားလျက်ရှိနေကြသည်။





ထိုပုံရိပ်များကြားဝယ် ဘောဂဝတီမှ စောဒေဝီပုံရိပ်များလည်း ထင်ဟပ်လျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဒီဘဝမှာ မဆုံစည်းဖြစ်လိုက်သော ချစ်သူ့ပုံရိပ်ရှိရာသို့ လှမ်းကြည့်ရင်း ...

'ကိုယ့်အပေါ် ရောက်ရာဘဝကနေ ကျေနပ်ခွင့်လွှတ်နိုင်ပါစေ' ဟု တိုးတိုးလေးရေရွတ်လိုက်မိသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဘောဂဝတီဒေဝီ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ဗတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

*အနိစ္စာဝတ သင်္ခါရာ သုခိအတ္တာနံ ပရိဟရန္တု*

ကြိုစက္က

စာပြီးချိန်။ ။ ၂၀၀၉ ခုနှစ်၊ မတ်လ (၁၆)ရက်၊ တနင်္လာနေ့ ညနေ ၄း၃၀ နာရီ။



www.burmeseclassic.com